BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၇) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅-၁-၉၉ ) ရက်နေ့တွင် စတင်တည်ထောင်သည်။

## ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်ချခံထားရခြင်း (၁၀)နှစ်ပြည့်အခမ်းအနားများ ကမ္ဘာတဝှမ်းလုံး၌ကျင်းပ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် စစ်အစိုးရကထိန်းသိမ်းထားခြင်း (၁၀) နှစ် ပြည့်မြောက်သည့် အောက်တိုဘာ (၂၄) ရက်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲများ၊ ဆုတောင်းပွဲများကိုကျင်းပခဲ့ကြသည်။

အင်္ဂလန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးလွတ်မြောက်လာရေးအတွက် အင်္ဂလန်အစိုးရမှ ဖိအားပေးရန် ပါလီမန်ရှေ့သို့ သွားရောက်ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ အမေရိကန်၊ နယူးယောက်ရှိကုလသမဂ္ဂ ရုံးချုပ်ရှေ့တွင်လည်း ပြည်ပရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ အမေရိကန်အမျိုးသမီးအဖွဲ့အစည်းများ၊ အမေရိကန်မြန်မာ့အရေးလှုပ်ရှားမှု အဖွဲ့များက ကုလသမဂ္ဂနှစ် (၆၀) ပြည့်၊ ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံထားရခြင်း (၁၀) နှစ်ပြည့်မြောက်သည့်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ မြန်မာ့ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂမှ ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြ သည်။ အလားတူ ပြင်သစ်၊ အိုင်ယာလန်၊ ဩစတေးလျ၊ ကနေဒါ၊ နော်ဝေတို့တွင်လည်း ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ကျခံရခြင်း (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဖယောင်းတိုင်ထွန်း ဆုတောင်းပွဲများ၊ ဟောပြောပွဲများကျင်းပခဲ့သည်ဟု သိရသည်။ ထိုနေ့၌ မကွေးတိုင်းချောက်မြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် မေတ္တာပို့ဆုတောင်းပွဲတရပ် ကျင်းပခဲ့သည်ဟု သိရသည်။



ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လွှတ်ပေးရေးတောင်းဆိုသည့် ဆန္ဒပြပွဲကို လန်ဒန်၌တွေ့ရစဉ်



လန်ဒန်ရောက် မြန်မာအတိုက်အခံအင်အားစုများ ဆန္ဒပြနေစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ဥရောပတာဝန်ခံ ဒေါက်တာဝင်းနိုင်က "(BDMA) လို့ခေါ်တဲ့ မြန်မာနိုင်ငံသားများ ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့ (UK)၊ အဲန်အယ်လ်ဒီအယ်လ်အေ (UK)၊ (Women of Burma -UK)၊ နောက်ပြီးတော့ (Burma Campaign) နဲ့ (Friend of Burma) အဖွဲ့တို့ကနေ လူ (၇၀၊ ၈၀) လောက်လာပြီး ဆန္ဒပြနေကြပါတယ်။ မိုးရွာကြီးထဲမှာ သဲသဲမဲမဲရွာနေတဲ့ မိုးရွာကြီးထဲမှာ ဆန္ဒပြနေတာဖြစ်ပါတယ်။ မစ္စရီရယ်ဘတ်ခေါ်တဲ့ (All Parliamentary Democracy Group for Burma) ပါလီမန်ထဲမှာရှိတဲ့ ပါလီမန်အမတ်များက စုရုံးပြီးတော့ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် အဖွဲ့ရဲ့အမတ်က စကားပြောပါတယ်။ သူကဘာပြောလဲဆိုတော့ သူ့ကိုယ်ခန္ဓာတဝက်လောက်ရှိတဲ့ မိန်းကလေးဟာ ဆန္ဒပြင်းပြစွာနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် မိသားစုအခွင့်အရေးတွေအားလုံးကို ဆုံးရှုံးခံပြီးတော့ စိတ်ဓာတ်ခိုင်မာစွာ လုပ်ဆောင်တာ သူတို့အနေနဲ့ အများကြီး ဂုဏ်ပြုတယ်။ လေးစားပါတယ်။ ပါလီမန်ထဲမှာ ဆက်လက်ပြီးတင်ပြပါမယ်ဆိုတဲ့အကြောင်း ပြောသွားပါတယ်" ဟု လန်ဒန်မြို့ ပါလီမန်ရှေ့မြင်ကွင်းကို ပြောပြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ထိရောက်စွာဆောင်ရွက်ပေးရန်အတွက် (Signature Campaign) ပြုလုပ်ထားသော လက်မှတ် (၈၀၀) ကျော်ကို နိုင်ငံခြားရေးဝန်ကြီးဂျက်စထရောနှင့် ခနသဟာယများဆိုင်ရာဌာနကို ပေးပို့မည်ဟုသိရှိရသည်။

❖

## မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်မှ အစီရင်ခံစာတင်သွင်း

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် ပါမောက္ခပေါလိုဆာဂျီယိုပင်ညဲရိုးက မြန်မာနိုင်ငံနှင့် ပတ်သက်သည့်အစီရင်ခံစာကို ကုလသမဂ္ဂအထွေထွေညီလာခံသို့ အောက်တိုဘာ (၂၇) ရက်က တင်သွင်းဖတ်ကြားခဲ့သည်။ အစီရင်ခံစာတွင် အဓိကဖော်ပြထားသည့်အချက်များမှာ (၁၂) နှစ်ကြာခဲ့သော်လည်း ခရီးမရောက်သည့် နအဖ၏အမျိုးသားညီလာခံ၊ ပိတ်ပင်ထားသော လွတ်လပ်စွာစုဝေးပြောဆိုခွင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ကန့်သတ်တားမြစ်မှုများ၊ အကျဉ်းထောင်များထဲတွင် ထောင်ဒဏ်ကျခံနေကြရသော ဦးဝင်းတင်၊ ဦးရွှေအုံးတို့အပါအဝင် နိုင်ငံရေးအကျဉ်းသား (၁၀၀၀) ကျော်၊ နေအိမ်တွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံထားရဆဲဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးစသည့်အချက်များကို ထောက်ပြထားသည်။

အိုင်အယ်လ်အိုပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ တွေ့ရှိချက်မှန်သမျှကိုလည်း မြန်မာအစိုးရက လုပ်ကြံမှု၊ မှားယွင်းသည့် အချက်အလက်များအဖြစ် ငြင်းချက် ထုတ်ပြန်လေ့ရှိပြီး အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုသည့်အထဲတွင် မစုစုနွေး၏အကြောင်းကိုလည်း ထုတ်ဖော်ပြောပြသွားသည်။

(၈၈) မျိုးဆက်ကျောင်းသားများ၏ အပြုသဘောဆောင်သည့် ကြေညာချက်ကို ကြိုဆိုကြောင်း ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးနှင့် ဗားကလပ်ဟာဗယ်၏ အစီရင်ခံစာကိုလည်း ထောက်ခံကြောင်း ပါမောက္ခပင်ညဲရိုးက ထုတ်ဖော်ပြောဆိုသွားသည်။

မြန်မာနိုင်ငံအခြေအနေပြောင်းလဲရန် အိမ်နီးချင်းနိုင်ငံများအနေနှင့် ပိုမိုတာဝန်ယူပေးသင့်ကြောင်း၊ နအဖဗိုလ်ချုပ်များသည် တိုင်းပြည်ကို ပိုပြီးအထီးကျန်အောင် တွန်းပို့နေကြောင်း အစီရင်ခံစာထဲတွင် ဝေဖန်ထားသည်။

၂၀၀၆ အေပရယ်လ်လတွင် ရာထူးသက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအစီရင်ခံစာကို ယခုကဲ့သို့ ပြည့်

စာမျက်နှာ (၈) ကော်လံ (၄) သို့ ....

> ကျမတို့ဟာ ကျမတို့နိုင်ငံထဲမှာ အကျဉ်းသားဖြစ်နေရတယ်ဆိုတာ ကမ္ဘာကသိစေချင်တယ်။
>
> ဒေါ်အောင်ဆန်းစုကြည်

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# "စိန်ခေါ်နေသောမေးခွန်းများကို ဖြေကြရမည်"

သက္ကရာဇ် (၂၀၀၃) ခုနှစ်၊ မေလဒေါ်အောင်ဆန်းစုကြည်နေအိမ်မှ အကျယ်ချုပ်လွတ်မြောက်လာစဉ် နအဖက မြန်မာပြည်သူတို့အတွက် စာမျက်နှာသစ်ဖွင့်လိုက်ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။ ဒေါ်စုကိုလည်း မည်သည့်အချုပ် အချယ်အတားအဆီးမျှမရှိဘဲ လွတ်လပ်စွာလှုပ်ရှားခွင့်ပြုမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ဤကာလအတွင်း မြန်မာပြည်သူတို့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးရနံ့များ မွှေးပျံ့လာစပြုသည်ဟုခံစားရသည်။

သို့ရာတွင် .... ဤသို့ရာတွင်က မြန်မာပြည်သူတို့၏ဘဝကို ကြီးမားစွာအဆုံးအဖြတ်ပေးခဲ့သည်။ စစ်ဗိုလ်ချုပ်များအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလိုလားသူ နိုင်ငံတကာပြောင်းလဲလာမှုကို ရိပ်စားမိသော ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သည့် ပညာတတ်စစ်ဗိုလ်အုပ်စုနှင့် စစ်တပ်အာဏာကို အသေဆုပ်ကိုင်ထားလိုသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သည့် မျက်ကန်းလူမျိုးကြီးဝါဒတို့၏ အာဏာယှဉ်ပြိုင်ပွဲတွင် ပထမအုပ်စုကအရေးနိမ့်ခဲ့ သည်။ ယင်းအခြေခံအကြောင်းရင်းကြောင့်ပင် တိုင်းပြည်အတွင်း ပြည်သူတို့၏အခွင့်အရေးများမှာ မဖော်ပြနိုင်လောက်အောင်ပင် ဆုံးရှုံးနစ်နာခဲ့သည်။ တိုင်းပြည်ဓနအင်အား၊ ကုန်သွယ်မှု၊ နိုင်ငံတကာဂုဏ်သိက္ခာများ ဆိုးဆိုးဝါးဝါးနိမ့်ကျခဲ့ရသည်။ ဒီပဲယင်းအရေးအခင်း၊ ဗိုလ်ချုပ်ကြီးခင်ညွန့်အပါအဝင် အရာရှိကြီးများဖယ်ရှားခံရခြင်း၊ ခွန်ထွန်းဦး၊ ဦးဆေထင်စသည့် လူထုခေါင်းဆောင်များအား မတရားထောင်ဒဏ်ချမှတ်ခြင်း၊ ရှမ်းအဖွဲ့တဖွဲ့က ရှမ်းပြည်လွတ်လပ်ရေးကြေညာခြင်း၊ အာဆီယံဥက္ကဌတာဝန်မှ ဖယ်ရှားခံရခြင်း၊ ဗုံးပေါက်ကွဲမှုများ မကြာခဏဖြစ်ပေါ်လာခြင်းနှင့် အိုင်အယ်လ်အိုမှနှုတ်ထွက်ရန်အသံထွက်လာခြင်းစသည့် ပြဿနာများဖြစ်ပေါ်လာခဲ့သည်။ ဤပြဿနာများ (ဝါ) နိမိတ်လက္ခဏာများက တိုင်းပြည်၏အမျိုးသားသွေးစည်းညီညွတ်ရေးပြိုကွဲမှု၏ အညွှန်းကိန်းများအဖြစ် တစထက်တစပိုမိုကြီးထွားနက်ရှိုင်းလျက် အခြေအနေတရပ်တွင် အလုံးစုံကြေမွပျက်သုန်းမည့်အနေအထားတရပ်ဆီသို့ ဦးတည်လျက်ရှိသည်ကို စိုးရိမ်ဖွယ်ရာတွေ့မြင်ရပေသည်။

ကျဆုံးနိုင်ငံများ (Failed state) ၏အန္တရာယ်သည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကခြိမ်းခြောက်သည့်အရာဖြစ်နေပြီဟု ပညာရှင်များက သတိပေးတပ်လန့်လျက်ရှိသည်။ ကျဆုံးနိုင်ငံများ (Failed state) စာရင်းတွင် နံပါတ် (၂၂) လိုက်နေသော မြန်မာနိုင်ငံသည် လက်ရှိအနေအထားကို အချိန်မှီ မထိမ်းသိမ်းနိုင်ပါက ထီးသုံးနန်းသုံးအဖြစ်ထက်ဆိုးဝါးသည့် တိုင်းပြည်ပျောက်၍ လူမျိုးပါပျောက်မည့်အဖြစ်ကို ရောက်ရှိနိုင်ပေသည်။ ဤသို့သောအခြေအနေမျိုး မဖြစ်ပေါ်စေရန်မှာ ပြည်သူအားလုံးတွင် တာဝန်ရှိသည်။ "တပ်မတော်အစိုးရ၊ အဲန်အယ်လ်ဒီနှင့်တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ သူမနာ ကိုယ်မနာနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာဖြေရှင်းရေး"သည် အတိုက်အခံတို့၏ ဘုံမဟာဗျူဟာရည်မှန်းချက် (aims) ဖြစ်သည်ကို တွေ့ရသည်။ ကြီးမားသော အခက်အခဲတရပ်ကား ဘုံမဟာဗျူဟာရည်မှန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် ဘုံလုပ်ငန်းစဉ် (means) ပျောက်နေခြင်းဖြစ်သည်။ ရည်မှန်းချက်မှာ မွန်မြတ်မှန်ကန်ပြီးကောင်းမွန်သော်လည်း ဘုံလုပ်ငန်းစဉ် (ပြည်သူပါသည့် လုပ်ငန်း) မရှိဖြစ်နေ၍ ခါချဉ်ကောင်မာန်ကြီးပြီး တောင်ကြီးကို မဖြိုနိုင်သည့်အဖြစ်မျိုး ကြုံတွေ့နေရသည်။ နအဖကလည်း သုံးပွင့်ဆိုင်ဝေးစွ၊ တဦးတယောက်နှင့်မျှမဆွေးနွေးဘဲ ငါ့မြင်းငါစိုင်းမည့်အလားအလာ အထင်အရှားပြနေသည်။ ဤအခြေအနေတွင် ဘာလုပ်ကြမည်နည်း။ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်လာရေးအတွက် အဓိကလုပ်ငန်းများ အဘယ်အရာများပါနည်း။ အကယ်၍ တွေ့ဆုံဆွေးနွေးရေးမဖြစ်ပေါ်တော့ပြီဆိုပါက အခြားရွေးချယ်စရာဘုံလုပ်ငန်းစဉ် (Alternative Programme) မှာ မည်သို့ဖြစ်သင့်ပါသနည်း။ ဤကား အတိုက်အခံခေါင်းဆောင်တို့အား စိန်ခေါ်နေသော (Challenges) မေးခွန်းများဖြစ်ပေသည်။

❖

# အဖွဲ့ချုပ်ဗဟိုနှင့် နယ်ကိုယ်စားလှယ်များ (၃) ရက်ကြာ ဆွေးနွေးပွဲ ကျင်းပ


အမျိုးသားဒီမိုကရေစီအဖွဲ့ ရွှေဂုံတိုင်ရုံးချုပ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပြည်နယ်၊ တိုင်းကိုယ်စားလှယ်များ၏ (၃) ရက်ကြာဆွေးနွေးပွဲကို ရန်ကုန်၊ ရွှေဂုံတိုင်ရုံးချုပ်၌ အောက်တိုဘာ (၂၄) ရက်မှ စတင်ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

နအဖ၏ တင်းကျပ်သည့် ဥပဒေများအောက်တွင် (NGO) များ၊ ကုလသမဂ္ဂအေဂျင်စီများပင် လုပ်ဆောင်ရန်ခဲယဉ်းသည့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို အဖွဲ့ချုပ်အနေနှင့် အကောင်အထည်ဖော်လုပ်ဆောင်သွားရန် ဖြစ်နိုင်ပါမည်လားဟူသည့် ဘီဘီစီဦးဝင်းမြင့်၏ မေးခွန်းကို (NLD) ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက "လက်တွေ့လုပ်နိုင်ဖို့ဆိုတာထက်ကို အဖွဲ့ချုပ်က ဦးစားပေးတာက ပြည်သူလူထုက ထောက်ခံတဲ့ အဖွဲ့ချုပ်အနေနဲ့ ပြည်သူလူထုကို ဒီလိုမူဝါဒတွေကို ကိုင်စွဲပြီးလုပ်မယ်ဆိုတာကို ပြည်သူလူထုသိအောင်ဆောင်ရွက်ပေးဖို့က အဓိကဆန္ဒဖြစ်ပါတယ်။ ဆောင်ရွက်လို့ရတာ မရတာက (NLD) ရဲ့ အားနည်းချက်၊ ချွတ်ယွင်းချက်မဟုတ်ပါဘူး "ဟု ဖြေကြားသည်။

ယခုဆွေးနွေးပွဲများသည် ရွေးကောက်ပွဲအသစ်ပြုလုပ်မည်ဆိုပါက (NLD) ၏ မူဝါဒများကိုချပြနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း ဝေဖန်ပြောဆိုမှုများသည် လုံးဝမဟုတ်မှန်ကြောင်း၊ နိုင်ငံရေးပါတီတရပ်အနေနှင့်မူဝါဒကို ဆန်းသစ်ရန်ဆောင်ရွက်သည့်သဘောသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲမှ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဖြေတခုထွက်မထွက်ဆိုသည့် မေးခွန်းကို ဦးဉာဏ်ဝင်းက"အဖြေအနေနဲ့တော့ ကျနော်တို့ ခုအချိန်မပြောနိုင်ဘူး။ အမျိုးသားရင်ကြားစေ့ရေးဟာ ရှေ့မတိုး နောက်မဆုတ်ဆိုတဲ့သဘောဖြစ်တယ်။ အဲဒီလိုအခြေအနေကို ပြောင်းလဲလာအောင် ဘယ်လိုဆောင်ရွက်သင့်သလဲလို့ ပြည်နယ်၊ တိုင်းတွေက အကြံပြုကြတယ်။ အဲဒီ အကြံပြုချက်တွေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေနဲ့သုံးသပ်ပြီး လိုအပ်တာတွေကိုသုံးပြီး ရှေ့လုပ်ငန်းစဉ်ကိုချမှတ်ဖို့ပါ။ အဖွဲ့ချုပ်အနေနဲ့အဆိုပြုထားတဲ့ သင်ပုန်းခြေရေးကို တဖက်ကပြန်မလာဘူး။ ပြန်မလာတော့ ကျနော်တို့ဒီမှာ လစ်ဟင်းနေတာက (communication) ကိုတည်ဆောက်ဖို့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတဲ့ အကြံပေးဆွေးနွေးချက်တွေ အများကြီးတွေ့ရတယ်။ ဒီဟာတွေပေါ်မှာ ဆွေးနွေးပွဲပဲ။ ဆုံးဖြတ်ချက်တော့ မရှိဘူး။ သို့သော် ဒီဟာနဲ့ပတ်သက်ပြီးတော့ ဦးဆောင်ဖြစ်တဲ့ ကျနော်တို့ (CEC) အဖွဲ့ အနေနဲ့ လိုအပ်သလိုသုံးသပ်ပြီးတော့ ဆုံးဖြတ်ဖို့ပါ" ဟုဖြေကြားသည်။ အဖွဲ့ချုပ် (CEC) အနေဖြင့် အစည်းအဝေးများဆက်တိုက်လုပ်သွားမည်ဟုလည်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ် (၆၀) ဦး၊ ရန်ကုန်မှ ကိုယ်စားလှယ် (၂) ဦး၊ အဖွဲ့ချုပ် (CEC) (၇) ဦး စုစုပေါင်း (၆၉) ဦး တက်ရောက်ခဲ့သည်။

❖

# အဲန်အယ်လ်ဒီ၏ လက်ရှိအခြေအနေ လူငယ်များအားမလိုအားမရဖြစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လက်ရှိနိုင်ငံရေးလုပ်ဆောင်ချက်များကို ပါတီတွင်းတက်ကြွသည့်လူငယ်အချို့က အားမလိုအားမရဖြစ်နေကြသည်ဟု သိရှိရသည်။ ထိုအခြေအနေနှင့်ပတ်သက်၍ မန္တလေးတိုင်း ရမည်းသင်းမြို့နယ်မှအဖွဲ့ချုပ်လူငယ်ခေါင်းဆောင်ကို နေမျိုးကျော်ကို ဘီဘီစီက ဆက်သွယ်မေးမြန်းခဲ့ရာ အဲန်အယ်လ်ဒီ၏ လက်ရှိမူဝါဒများကို ပါတီဝင်လူငယ်တဦးအနေနဲ့ရှုမြင်ပုံကို သူက ပြောပြသွားခဲ့သည်။

ကိုနေမျိုးကျော်က "အဖွဲ့ချုပ်အနေနဲ့က အခုဟာက လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကိုတော့ လုပ်နေတယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်၊ သို့သော်ငြားလည်း ဒီအကျပ်အတည်းကြီးကနေကျော်လွှားသွားနိုင်ဖို့ ပြည်သူ့လွှတ်တော်ပေါ်ပေါက်လာဖို့အတွက် လုပ်ဆောင်တဲ့နေရာမှာတော့ ကျနော်တို့ လူငယ်တဦးအနေနဲ့ပြောရမယ်ဆိုရင် ဒီထက်မက နအဖကို စကားပြောဆိုလာနိုင်အောင်လို့ လွှတ်တော်ပေါ်ပေါက်လာဖို့အတွက် တဖက်နဲ့တဖက် ညှိနှိုင်းဖို့လိုမယ်လို့ ထင်ပါတယ်"ပြောဆိုသည်။

စီအာရ်ပီပီအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကိုနေမျိုးကျော်က "စီအာရ်ပီပီအဖွဲ့ထဲမှာလည်း အကျဉ်းကျခံနေရတဲ့ခေါင်းဆောင်တွေလည်း ရှိနေတယ်လေ။ သို့သော်ငြားလည်း စီအာရ်ပီပီအဖွဲ့အနေနဲ့ကတော့ ပုံမှန်အစည်းအဝေးတွေ ကျင်းပနိုင်မှုနည်းတဲ့အပေါ်မှာတော့ ကျနော်တို့ နည်းနည်းတော့အားမလိုအားမရ ဖြစ်မိတာပေါ့လေ။ ပုံမှန်အစည်းအဝေးတွေကျင်းပပြီးတော့ စီအာရ်ပီပီအနေနဲ့ရှေ့ကိုသွားမယ့် နိုင်ငံရေးလမ်းစဉ်တခုကို ကျနော်တို့ ပြည်သူလူထုကို ယုံယုံကြည်ကြည်နဲ့ အားကိုးလောက်တဲ့အထိ ချပြနိုင်မယ်ဆိုရင်တော့ ကျနော်တို့ရော ပြည်သူလူထုပါကျေနပ်နိုင်လိမ့်မယ်လို့ ကျနော်ထင်တယ်" ပြောသည်။

နအဖမှ ထပ်မံကျင်းပမည့် ရွေးကောက်ပွဲကို သူ့အနေဖြင့် လက်မခံနိုင်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီအစိုးရတရပ်၊ လူ့အခွင့်အရေးအပြည့်အဝအာမခံသည့် အစိုးရတရပ်ပေါ်ထွန်းရန်ဆန္ဒရှိလျှင် (၉၀) ရွေးကောက်ပွဲကိုသာအသိအမှတ်ပြုရမည်ဖြစ်ကြောင်း ကိုနေမျိုးကျော်က ပြောသည်။ ❖



# ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်ချထားမှု ဥပဒေနှင့်မညီ



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

မြန်မာ့ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်၌ အကျယ်ချုပ်ချထားခြင်းသည် ဥပဒေနှင့်ကိုက်ညီမှုလုံးဝမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အောက်တိုဘာ (၂၄) ရက်က ထုတ်ဖော်ပြောဆိုလိုက်သည်။ (၂၀၀၃) ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ လုံခြုံရေးအရ ကာကွယ်ပေးထားခြင်းဖြစ်သည်ဟု နအဖစစ်အစိုးရက ပြောဆိုခဲ့သော်လည်း နောက်ပိုင်းတွင် နိုင်ငံတော်ကို နှောက်ယှက်ဖျက်ဆီးလိုသူများဘေးမှ ကာကွယ်သည့် ဥပဒေဖြင့် နေအိမ်အကျယ်ချုပ်ချထားခဲ့သည်။ ယခုကဲ့သို့ အကျယ်ချုပ်ချထားခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့မှ ဦးဉာဏ်ဝင်းက“ အခုချိန်ထိ ဒေါ်စုလုံခြုံရေးက ဘာမှအန္တရာယ်မရှိတာ။ အဲဒါဘယ်လို အန္တရာယ်လဲ။ အလွယ်တကူပြောတာက ဒေါ်စုလုံခြုံရေး၊ ဒေါ်စုလုံခြုံရေးဘာမှအန္တရာယ်မရှိတာ၊ ဒေါ်စုလုံခြုံရေးနဲ့ ထိန်းသိမ်းတဲ့ (၁၀/ခ) ကလည်းဘာမှ အဓိပ္ပါယ်မရှိဘူး။ မသက်ဆိုင်ဘူး။ ဒေါ်စုလုံခြုံရေးအတွက်ဆို အဲဒီဥပဒေနဲ့ ထိန်းသိမ်းခွင့်မရှိဘူးလေ။ အဲဒီဥပဒေမှာ ပြောတဲ့စကားလုံးက နိုင်ငံတော်ကိုအနှောင့်အယှက်ပြုတဲ့သူတွေကို ထိန်းသိမ်းတာ။ သူတို့က ထိန်းသိမ်းတယ်ပြောတာ ဒေါ်စုလုံခြုံရေးအတွက်လို့ပြောတာ၊ အဲဒီတော့ ဒီဥပဒေနဲ့ ဘယ်လိုမှ ဘယ်လိုမှ ပတ်သက်ခြင်းမရှိဘူး”ဟု ဆိုသည်။❖

# နအဖ၏ မပြီးသေးသောညီလာခံတရစ် ဒီဇင်ဘာ (၅) တွင် ပြန်စမည်

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် နအဖ၏လမ်းပြမြေပုံ (၇) ချက်တွင် ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ဒီဇင်ဘာ (၅) ရက်နေ့တွင်ပြန်လည် ကျင်းပတော့မည်ဖြစ်ကြောင်း နအဖ၏ သတင်းမီဒီယာများတွင် ဖော်ပြထားသည်။ တောင်သူဦးကြီးများ၏ စိုက်ပျိုးချိန်မထိခိုက်စေရန် မတ် (၃၁) ရက်က ရပ်နားခဲ့ရသော ညီလာခံကို ဒီဇင်ဘာလ (၅) ရက်နေ့တွင် ရန်ကုန်တိုင်း၊ မှော်ဘီ ညောင်နှစ်ပင်စခန်းတွင် ပြန်လည်ကျင်းပတော့မည်ဟု အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က ဆိုသည်။ ယခုကျင်းပမည့် ညီလာခံတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်ရမည့်မူများကို အတည်ပြုကြမည်ဟုၚင်းက ပြောသည်။

ဆယ်စုနှစ်တခုကျော် ကျင်းပခဲ့သော်လည်း အဆုံးမသတ်နိုင်သေးသည့် နအဖ၏ အမျိုးသားညီလာခံကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က မတက်ရောက်ဘဲ သပိတ်မှောက်ခဲ့ကြသည်။

အပစ်ရပ်အဖွဲ့များအနက် မွန်ပြည်သစ်ပါတီနှင့် ကေအိုင်အိုတို့ ညီလာခံတက်ရန် မသေချာသေးကြောင်းသိရသည်။ ကေအိုင်အိုမှ ဒေါက်တာတူးဂျာက “အခြေအနေတွေကို စောင့်ကြည့်ရမှာပေါ့။ ကျနော်တို့လိုလားချက်တွေကတော့ တင်ပြသွားမှာပဲ။ အရင် တုန်းကလည်း ကျနော်တို့တင်ပြခဲ့တာ ကျနော် တို့တင်ပြတာ အားလုံးရရင်တော့ စစ်မှန်တဲ့ ပြည်ထောင်စုပုံစံဖြစ်သွားမှာပေါ့။ အခုထိ ကျနော်တို့ဆီကတော့ အဲဒီအဆင့်ကို မသွားနိုင်သေးဘူး။ ဘာလို့လဲဆိုတော့ အားလုံးသိပြီးသားဖြစ်မှာပါလေ။ အမျိုးသားညီလာခံအပေါ်မှာလဲ အဖွဲ့အစည်းပေါင်းစုံကပါဝင်ခြင်းမရှိဘူး။ နောက်ပြီးတော့ အဲဒီအပေါ်မှာလဲ အားလုံးက ယုံကြည်မှုအပြည့်ရှိတဲ့အနေအထားမျိုးမဟုတ်ဘူး”ဟု ဒီဗွီဘီအား ပြောကြားသွားသည်။

အက်စ်အက်စ်အေမြောက်ပိုင်း ခေါင်းဆောင်များ၏ လတ်တလောပြုလုပ်လိုက်သော အစည်းအဝေးက ယခုနှစ်ကုန်တွင် ပြန်လည်ကျင်းပမည့်ညီလာခံကို ပြန်လည်တက်ရောက်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ အက်စ်အက်စ်အေမြောက်ပိုင်းအဖွဲ့သည် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်အားဖမ်းဆီးပြီးနောက် မေလပိုင်းတွင် နအဖညီလာခံကို ကျောခိုင်းထွက်ခွာခဲ့သည်။ ယခုညီလာခံသို့ ပြန်လည်တက်ရောက်ရခြင်းမှာ ဗိုလ်ချုပ်ဆေထင်အား ဖမ်းဆီးထားခြင်းမှ တစုံတရာလျှော့ပေါ့လာနိုင်ရန်ဖြစ်သည်ဟု အက်စ်အက်စ်အေမြောက်ပိုင်း ခေါင်းဆောင်တဦးက ထုတ်ဖော်ပြောကြားသည်။

အဲန်အယ်လ်ဒီက ၂၀၀၄ မေလ မတိုင်မီက တင်ပြခဲ့သော တောင်းဆိုချက် (၅) ချက် မရမခြင်း ညီလာခံကို တက်ရောက်မည်မဟုတ်သလို ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှလည်း ညီလာခံသည် ယခင်အတိုင်း အပြောင်းအလဲမရှိလျှင် တက်ရောက်လိမ့်မည်မဟုတ်ဟု သိရသည်။ ❖



အမျိုးသားညီလာခံသို့ တက်ရောက်လာသော တိုင်းရင်းသားကိုယ်စားလှယ်များ

# အမေရိကန်သမတဂျော့ဘုရှ် ရှမ်းအမျိုးသမီးလူ့အခွင့်အရေးလှုပ်ရှားသူနှင့်တွေ့ဆုံ

အမေရိကန်သမတ ဂျော့ဘုရှ်သည် လူ့အခွင့်အရေးလှုပ်ရှားသူ ရှမ်းအမျိုးသမီး နန်းချန်တောင်းအား အောက်တိုဘာ (၃၁) ရက်က အိမ်ဖြူတော်တွင် လက်ခံတွေ့ဆုံခဲ့သည်။ သမတဘုရှ်နှင့်တွေ့ဆုံရာတွင် နန်းချန်တောင်းက မြန်မာနိုင်ငံတွင်၊ တရားဥပဒေမဲ့သတ်ဖြတ်ခြင်းများ၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်းများ၊ မြန်မာစစ်သားများ၏ အဓမ္မပြုကျင့်မှုများ၊ ဒုက္ခသည်များ၏ အခြေအနေနှင့် ပြည်တွင်းအိုးအိမ်မဲ့တို့၏ အခြေအနေဆိုးဝါးနေမှုများ စသည့်မြန်မာနိုင်ငံ၏ ဆိုးဆိုးဝါး လူ့အခွင့်အရေးအခြေအနေများကိုတင်ပြခဲ့သည်ဟု သိရသည်။ သမတဘုရှ်က သူ့အနေနှင့် ထိုအခြေအနေများကို လွန်စွာစိုး ရိမ်မကင်းမိကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေနှင့် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ဘယ်လိုအကူအညီပေးနိုင်မလဲဟု သူမအားမေးမြန်းခဲ့ရာ အမေရိကန်ပြည်ထောင်စုအနေနှင့် မြန်မာဒီမိုကရေစီရေးအတွက် ဆက်လက်ထောက်ခံသွားရန် အရေးကြီးကြောင်း၊ စစ်အစိုးရကိုဖိအားပေးရာတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာစစ်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းကဲ့သို့အာစီယံနိုင်ငံများအပြင် ဂျပန်၊ အိန္ဒိယစသည့်နိုင်ငံများကိုလည်း ဆော်ဩပြီး မြန်မာနိုင်ငံရေးအတွက် ထည့်သွင်းဆွေးနွေးပေးပါဟု သမတဘုရှ်ကို သူပြောကြားခဲ့သည်ဟု ဗွီအိုအေအားပြောခဲ့သည်။



ရှမ်းအမျိုးသမီး လူ့အခွင့်အရေးလှုပ်ရှားသူ နန်းချန်တောင်းနှင့် ဂျော့ဘုရှ်

အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် မက်ကလီလန် (McClellan) က အသက် (၂၃) နှစ်အရွယ်ရှိ ချန်တောင်းသည် စစ်အာဏာရှင်လက်အောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုကို ခံစားနေကြရသော အမျိုးသမီးများကို ကူညီရန် သူမဘဝတလျှောက်လုံး ကြိုးပမ်းခဲ့သူဖြစ်သည်ဟု ပြောသည်။

၂၀၀၅ ခုနှစ်အတွက် နိုဗယ်လ်ငြိမ်းချမ်းရေးဆုရွေးချယ်ရေးအဖွဲ့သို့ တင်သွင်းခဲ့သော မြန်မာပြည်မှ အမျိုးသမီး (၄) ဦးတွင် နန်းချန်တောင်းလည်းပါဝင်သည်။ ယခုလ ထုတ်တိုင်းမ်မဂ္ဂဇင်းတွင် “၂၀၀၅ အတွက် အာရှ၏သူရဲကောင်းများ” အမည်စာရင်းတွင် လူမျိုးစုများအခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သူ ချန်တောင်းအမည်ပါဝင်ခဲ့သည်။ ဖိနှိပ်မှုနှင့် မတရားမှုများကိုစွန့်စားပြီး တိုက်ပွဲဝင်သူများကိုပေးအပ်သော ရီးဘော့လူ့အခွင့်အရေးဆုကိုလည်း ယခုနှစ်အစောပိုင်းက လက်ခံရရှိခဲ့သည်။

နန်းချန်တောင်းက “သူတို့အပေါ် ရက်ရက်စက်စက်ပြုမူခံခဲ့ရမှုတွေအားလုံးကို ကျမပြောမယ်လို့ ဒီရက်စက်မှုတွေကို ခံစားနေကြရတဲ့ အမျိုးသမီးများကို ကျမကတိပေးပါတယ်”ဟု ပြောသွားသည်။ ❖

## “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သုံးရက်ကြာဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ကြေညာချက်”

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်နှင့်တိုင်း စည်းရုံးရေးအဖွဲ့များ၊ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့၊ လူငယ်ပြန်လည်ဖွဲ့စည်းရေးအဖွဲ့တို့၏ ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် ယခုကြုံတွေ့နေရသော အထွေထွေအကျပ်အတည်းများကို ကျော်လွှားဖြေရှင်းနိုင်ရန်ဦးတည်၍ ညှိနှိုင်းဆွေးနွေးအကြံပြုခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က တဖက်နှင့်တဖက်တွေ့ဆုံကြပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာကြရပေမည်။ နှစ်ဦးနှစ်ဖက်ပြေလည်စွာ ဆွေးနွေးညှိနှိုင်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိပြီးနောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို မလွဲမသွေ ကျော်ဖြတ်အကောင်အထည်ဖော်နိုင်မည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်သည်။ ထိုသို့ဆွေးနွေးနိုင်ရေးအတွက် ဆက်သွယ်ရေးမှာအဓိကကျလျက်ရှိပေသည်။ သို့အတွက် ဆက်သွယ်ရေးလမ်းကြောင်းမှန်သမျှကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အစဉ်ဖွင့်လှစ်ထားရှိ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပေသည်။”

“နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လက်ရှိအာဏာရယူထားသောအဖွဲ့ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း ပြည်သူလူထု၏လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံထားရသောအဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့်နိုင်ငံ၏ အရေးတကြီးလိုအပ်လျက်ရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ် ပေါ်ပေါက်ရေးအတွက် ပထမခြေလှမ်းအဖြစ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရပေမည်။ သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ထွန်းပေါ်ပေါက်စေမည့် မည်သို့သောလုပ်ဆောင်ချက်မှန်သမျှကိုမဆို လက်ကမ်းကြိုဆို ဖိတ်ခေါ်လျက်ရှိပါကြောင်းနှင့် မဖြစ်မနေအကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပေသည်။”

# ချစ်သူတို့အတွက် လ
# မုန်းသူတို့အတွက် နေ

ဇွန်မှိုင်း

မယ်ဇယ်ရနံ့ သင်းသင်းလေးမွှေးမြနေ မယ့်လေညှင်း ....။
တောင်သမန်အင်းစောင်းမှာ နေ့နေ့
လေးတိုက်ခတ်နေလေမလား ....။
ကျနော် အရမ်းသွားချင်တဲ့နေရာ ....။

(၁)

အဲဒီညက

မယ်ဇယ်ရနံ့ သင်းသင်းလေးမွှေးမြနေ မယ့်လေညှင်း ....။

တောင်သမန်အင်းစောင်းမှာ နေ့နေ့ လေးတိုက်ခတ်နေလေမလား ....။

ကျနော် အရမ်းသွားချင်တဲ့နေရာ ....။

ကျနော် အရမ်းတက်ချင်တဲ့ အခမ်းအနား ....။

ဒီအခမ်းအနားကို ကျနော် ဘယ်လိုမှ တက်လို့မရအောင် ကျနော့်ကို ဘယ်သူ ကျိန်စာတိုက်ထားပါသလဲ ....။

(၂)

နိုဝင်ဘာ (၂၉) ရက်နေ့ဆိုတာ အမေလူထုဒေါ်အမာရဲ့မွေးနေ့ပါ။

အမေ့ကို ချစ်တဲ့၊ အမေ့စာတွေကို ချစ်တဲ့၊ လူထုကြီးရဲ့ ဒုက္ခတွေကို ခံစားစာနာတတ်လွန်းတဲ့ အမေ့စိတ်ဓာတ်ကို ချစ်တဲ့သူတွေ။

ဒီနေ့ဆိုရင် တောင်သမန် အင်းစောင်းမှာ စုကြ၊ ဆုံကြ၊ ဂါရဝပြုကြပေလိမ့်မယ်။

ကျနော် အားကျလိုက်တာ။

အကျဉ်းထောင်ထဲမှာကတည်းက တမ်းတမ်းတတ လွမ်းခဲ့ရတဲ့နေ့ပါ။ ၂၀၀၄ မွေးနေ့ကိုတော့ တက်ခွင့်ရပြီဆိုတဲ့အသိနဲ့ ကြံ့ပြီး ကြည်နူးခဲ့ဖူးတယ်။

ခုတော့ .... အဲဒီကြည်နူးမှုတွေကို စစ်ထောက်လှမ်းရေးက အတင်းလုယူသွားခဲ့ပါပြီ။

(၃)

မင်းကြီးစွာစော်ကဲ နတ်ရွာလားပြီးတဲ့အခါ သားတော်မင်းခေါင် နန်းတက်လာတယ်။

ဘုရင်မင်းခေါင်က အမတ်ကြီးဘိုးရာဇာကိုခေါ်ပြီး ဒီလိုမေးပါသတဲ့ ....

'အဘိုး ဘယ်သို့ကျင့်သော် တိုင်းနိုင်ငံဝပြောစည်ပင်အံ့နည်း'

အဲဒီမှာ ဘိုးရာဇာက ....

'ပြည်ကြီးတံခွန်ကို မညစ်နွမ်းစေရ။ ပြည်၏ တံခါးကို မပိတ်ရ။ ပြည်၏ဦးကင်းကို မလှဲရ၊ ပြည်၏ ဝမ်း၊ ပြည်၏ မျက်စေ့ကို မဖောက်ရ။ ပြည့်စွယ်ကို မချိုးရ။ ပြည်၏ ကျေးဇူးကို မထိန်မြူးရ၊ ပြည်၏မျက်နှာကို မဖျက်ရ'ဆိုတဲ့ ဆင်ခြင်ရန်၊ သတိပြုရန် ကျင့်ဝတ်လမ်းစဉ်တွေကို လျှောက်တင်ပါသတဲ့။

ဘုရင်မင်းခေါင်လည်း ကျင့်ဝတ်နှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်လိုက်တာ .... တိုင်းကားပြည်ရွာ စည်ပင်သာယာရှိပြီး၊ ဆန်ရေစပါး ပေါများပြည့်ဖြိုးရုံသာမက ခိုးသားဓားပြပါ လုံးဝကင်းစင်ခဲ့ပါသတဲ့။

(၄)

အခု နအဖကတော့ အဲဒီ ကျင့်ဝတ်တွေနဲ့ ပြောင်းပြန်လုပ်ဖို့သစ္စာဆိုထားသလိုပါပဲ။

ကျောင်းသားတွေကို သတ်ဖြတ်။

ကျောင်းသားတွေကို ထောင်ချ။

ကျောင်းတွေကို နှစ်ရှည်ပိတ်ထား။ တိုင်းပြည်ရဲ့စီးပွားရေးလုပ်ငန်းရှင်တွေကို ဆောက်တည်ရာမရအောင်လုပ်။ လူထုကို နှိပ်စက်။ သတင်းစာသမား၊ စာသမား ပေသမားတွေကို နှစ်ရှည်ထောင်ချ။ လွတ်ခါနီးတိုင်း ထပ်ထပ်ပြီး ထောင်ပြန်ချ။

လုပ်ချင်တိုင်းကို လုပ်နေလိုက်တာ ....။ တိုင်းပြည်လည်း စိစိညက်ညက်ကျေပြီ။

(၅)

၂၀၀၄ အောက်တိုဘာထဲမှာ သတင်းတွေ ဆက်တိုက်ဆိုသလို ထွက်လာတာ သတိထားမိကြမှာပါ။

အမိန့်မနာခံမှု၊ အကျင့်ပျက်ခြစားမှုတွေနဲ့ပတ်သက်နေမှု စတာတွေနဲ့ ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ခင်ညွန့်ကိုဖြုတ်ပစ်။ ထောက်လှမ်းရေးအဖွဲ့ အစည်းကြီးတခုလုံးကို ဖျက်သိမ်း။

အဲဒီ အဖွဲ့ကြီးက မလျော်မကန် ဖမ်းဆီးအပြစ်ပေး။ အရေးယူထောင်ချထားတဲ့ သူတွေကို ပြန်လွှတ်ပေးမယ် ဆိုတဲ့ ကြေညာချက်တွေ ထုတ်။

တကယ့် ကြားသားမိုးကြိုးကွက်တွေ ပါပဲ။

နိုင်ငံရေးအကျဉ်းသားတွေပဲ အကုန်လုံး လွှတ်ပေးတော့မှာလိုလို။

ဗိုလ်ခင်ညွန့်လက်ထက်က သွားနေတဲ့လမ်းကြောင်းကို ပြောင်းပြန်ပဲ ကွေ့ချိုးချလိုက်တော့မှာလိုလိုနဲ့ ....။

နောက်ကျတော့လည်း ဒီ ရသေ့ ရှစ်သောင်းဇာတ်ပဲ ဆက်ကပြန်တာပါပဲ။

နိုင်ငံရေးအကျဉ်းသားရဲ့မိခင်တွေ၊ ဇနီးသည်တွေ၊ သားသမီးတွေဆိုတာ ထောင်ရှေ့သွားသွားပြီး ....

'ငါ့သားလေးများ ပါလာမလား'

'ငါ့ယောက်ျားများ ပါလာမလား'

'ငါ့အဖေများ ပါလာမလား'

မျှော်လင့်ချက်တွေနဲ့ ဒုက္ခတွေ တော်တော်များခဲ့ကြရတာပါ။

ဒီကြားထဲ (ဒု) နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူဆိုတဲ့ပုဂ္ဂိုလ်က တောပြောတောင်ပြော ပြောတာနဲ့ အမေလူထုဒေါ်အမာတောင် ဒုက္ခဖြစ်ရရှာတယ်။

(၆)

အဲဒီ တောင်သမန်အင်းစောင်းက အမေ့ရဲ့ (၈၉) နှစ်မြောက်မွေးနေ့မှာ .... အမေက အခုလိုပြောရှာတယ်။

'အမေကလေ ကိုဝင်းတင်လည်း လွတ်လာတယ်ကြားတော့ ဝမ်းသာပြီးမျှော်နေတာပေါ့၊ နောက်တော့ .... မပါဘူးဆိုတော့လည်း အရင်ကတည်းက တွက်ထားပြီးသားပဲလို့ အောက်မေ့ပြီးနေလိုက်တာပါပဲ။ နောက်တော့ .... ဒုဝန်ကြီး ကိုယ်တိုင်က လွှတ်ပေးမယ့် လူတွေရဲ့ စာရင်းထဲမှာ ဦး ဝင်းတင်ပါ ပါတယ်လို့ ပြောတော့လည်း ပြန်ပြီးမျှော်နေမိတာပေါ့ကွယ်။ ဟုတ်တယ်မို့လား။ ဒုဝန်ကြီးကိုယ်တိုင်က ပြောတာကိုး။

နောက်ဆုံးကျတော့လည်း လွတ်မလာပါဘူး။ အမေ့စိတ်ထဲ နှစ်ရက်လောက် စိတ်မကောင်းဖြစ်သွားတယ်။ စားလို့လည်းမကောင်း။ အိပ်လို့လည်းမကောင်းနဲ့ အတော်နေမကောင်းဖြစ်သွားရတယ်။ နဂိုကတည်းက ကိုဝင်းတင်ကိုတော့ ဘယ်တော့မှလွှတ်ပေးမှာ မဟုတ်ပါဘူးလို့ တွက်ပြီးသားပါ။ သူကတော့ ဒီမိုကရေစီရမှပဲ လွတ်တော့မှာ ထင်ပါရဲ့ ....'

အားလုံးမျှော်နေကြတယ်။

တော်ဘုရားလေး ဦးအောင်ဇေလည်း မျှော်တယ်။ လူထုဦးစိန်ဝင်းလည်းမျှော်တယ်။

ဦးဝင်းတင်ကို ထောင်ဝင်စာတွေ့နေတဲ့ အိမ်ကလည်းမျှော်တယ်။

မျှော်တယ်ဆိုတာကလည်း စောစောက အမေမာပြောသလို (ဒု) ဝန်ကြီးကိုယ်တိုင်က နိုင်ငံတကာသတင်းသမားတွေရှေ့မှာ အတည်ပေါက်နှင့် 'လွှတ်မှာပါ'လို့ ကတိပေးတာကလား။

နောက်မှ သူ့ဇာတ်ကိုသူမနိုင်တော့ဘဲ သူကိုယ်တိုင်တောင်ဖြုတ်တာထဲမပါအောင် 'သင့်ရာက ကြည့်ခံစားရတယ်'ဆိုတဲ့ အဆင့်ရောက်သွားတာကိုး။

ဆရာဦးဝင်းတင်ကတော့ ဒီအပေါ်မှာ ဘယ်လိုခံစားချက်ရှိသလဲဆိုတော့ ....

'မထင်ပါဘူးဗျာ၊ သူတို့ကို ဒီလောက် မမျှော်လင့်ပါနဲ့'တဲ့။ 'ကျနော်ကတော့ လုံးလုံးမမျှော်လင့်ဘူး'တဲ့။

(၇)

ဆရာဟာ လုပ်ဖော်ကိုင်ဖက်တွေအပေါ် နူးညံ့ပျော့ပြောင်းသလောက် နိုင်ငံရေးအကျဉ်းသားတွေအပေါ်မှာ နူးညံ့ပျော့ပြောင်းသလောက်၊ သူချစ်တဲ့ လူထုတွေအပေါ်မှာ နူးညံ့ပျော့ပြောင်းသလောက်၊ စစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ်အပေါ်မှာတော့ အမြင်ပြတ်တယ်။

သူနှင့် အင်းစိန်အကျဉ်းထောင်ထဲမှာ တောက်လျှောက်အတူနေခဲ့တဲ့ ဆရာဇင်လင်းက ဒီလိုပြောဖူးပါတယ်။

ဆရာရဲ့ ပထမပြစ်ဒဏ်ပြည့်ခါနီး၊ လွှတ်မယ်ဆို လွှတ်ပေးလို့ရခါနီးမှာ ဆရာရဲ့ စိတ်အခြေအနေကို အကဲခတ်ချင်တဲ့အတွက် ဦးဝိစာရလမ်း အင်ဖွိုင်းခန်းမမှာ လုပ်ထားတဲ့ နဝတရဲ့ 'လှိုင်းကြီးလေထန် ဖြစ်ရပ်မှန်'ဆိုတဲ့ ပြပွဲကို ထောင်ထဲကနေထုတ်ပြီး တကူးတကခေါ်ပြပါသတဲ့။

ဒီပွဲရဲ့ အဓိပ္ပါယ်ကတော့ ရှစ်လေးလုံးအရေးတော်ပုံကြီးကို သေးသိမ်အောင် ပုံဖျက်ပြီး စစ်အုပ်စုကို တကယ့်ကယ်တင်ရှင်ကြီးလို ပုံဖော်ချင်လို့ ဝါဒဖြန့်ချိရေးအစီအစဉ် တရပ်အနေနှင့်ပြသတာပါ။

ပြသလို့အားရတဲ့အခါ ထောင်ထဲပြန်ခေါ်လာပြီး အင်းစိန်အကျဉ်းထောင် အထူးတိုက်ဝန်းထဲမှာ ပြခန်းအပေါ်ထင်မြင်ချက်တွေ ရေးခိုင်းပါသတဲ့။ အဲဒီမှာ ဆရာက ဒီအတိုင်း ရေးပေးလိုက်ပါတယ်။

"အင်ဖွိုင်းခန်းမရှေ့မှာ ကားရပ် လိုက်တော့ အရင်ဆုံးမြင်ရတာက တပ်မတော်သာအမိ တပ်မတော်သာအဖဆိုတဲ့ ဆိုင်းဘုတ်ပဲဗျ။ ပြပွဲကို ဘယ်လိုမြင်သလဲလို့ မေးခွန်းထုတ်လာတော့ အဲဒီဆိုင်းဘုတ်ကစပြီး ဝေဖန်ရတော့တာပဲ။ တပ်မတော်ဟာ လူထုထဲက ပေါက်ဖွားလာတာဖြစ်တယ်။ ဒါကြောင့် ပြည်သူသာအမိ ပြည်သူသာအဖကိုပဲ လက်ခံတယ်။ တပ်မတော်သာအမိ၊ တပ်မတော်သာအဖလို့ဆိုလိုက်တာဟာ သားသမီးက မိဘကိုပြန်ပြီး ဦးချခိုင်းတာနဲ့ အတူတူပဲလို့ မှတ်ချက်ပေးခဲ့တယ်။"

"အဝင်ဝမှာက တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတဲ့ ဆောင်ပုဒ်ကို စာလုံးကြီးကြီးနဲ့ ရေးထားတယ်။ ဒီဆောင်ပုဒ်ကလည်း ဇောက်တိဇောက်ထိုးဖြစ်နေတယ်။ တပ်ဆိုတာ ဝန်ထမ်း။ တိုင်းပြည်ကကျွေးတဲ့ဆန်ကို စားနေတာ။ တိုင်းပြည်အင်အားရှိမှ တပ်ကိုကျွေးနိုင်မွေးနိုင်မှာပေါ့။ ဒါကြောင့် တပ်ဟာ ဝန်ထမ်းပီပီ စစ်တန်းလျားမှာနေပြီး နိုင်ငံကိုကာကွယ်ဖို့ပဲ။ ကိုယ်နားမလည်တဲ့ တိုင်းပြည်ရဲ့နိုင်ငံရေး၊ စီးပွားရေးကိစ္စတွေမှာ ဝင်မစွက်သင့်ဘူးလို့ ဝေဖန်ရပြန်တယ်။"

"ရှစ်ဆယ့်ရှစ်အရေးတော်ပုံတခုလုံးကိုလည်း ရစရာမရှိအောင် မင်းမဲ့စရိုက်ပုံပေါ်အောင် ပြကွက်တွေဖန်တီးထားပြီး စစ်တပ်ကသာ တိုင်းပြည်ကို ငြိမ်သက်အောင် အုပ်ချုပ်နိုင်တယ် ဆိုတာမျိုးလုပ်ထားတယ်။ ဒါနဲ့ ပတ်သက်လို့ကတော့ရှင်းပါတယ်။ အဲဒီ မင်းမဲ့စရိုက် အကြမ်းဖက်မှုတွေကို စတင်ဖန်တီးတာဟာ လူထုမဟုတ်ဘူး။ စစ်ထောက်လှမ်းရေးက အာဏာသိမ်းဖို့အကွက်ချပြီး စက်ရုံတွေဖျက်တာအစ ခေါင်းဖြတ်မှုတွေအဆုံးကျူးလွန်ခဲ့တာဖြစ်တယ်။ ဒါကြောင့် အကြမ်းဖက်သမားဟာ လူထုမဟုတ်။ စစ်အာဏာရှင်တွေသာဖြစ်တယ်လို့ရေးခဲ့တယ်။"

ဆရာအမြင်က ဒီလိုမျိုး။

လွှတ်ချင်လွှတ်၊ မလွှတ်ချင်နေ။

ကိုယ်ယုံကြည်တာကို ယုံကြည်တဲ့အတိုင်း အတိအကျပြောဖို့ဆိုတဲ့ ဝိနည်းကိုတော့ ဘယ်တော့မှ ဆရာဟာ အကျိုးခံလိမ့်မယ် မဟုတ်ဘူး။

အဲဒီလို လူထုနှင့်ယုံကြည်ချက်အပေါ် သစ္စာမြဲတဲ့အတွက်လည်း ဆရာကို စစ်အုပ်စုက ပိုပြီးအညှိုးအတေးထားလာတာပါ။

ထောင်ထဲမှာပဲ ၁၉၉၂ မှာ ထောင်တခါထပ်ချ၊ ၁၉၉၆ မှာ နောက်တခါထပ်ချ။

အမေမာပြောသလို ဆရာဦးဝင်းတင်ကတော့ ဒီမိုကရေစီရမှပဲ လွတ်တော့မယ်ပုံပေါ်နေပါပြီ။

(၈)

ဆရာဦးဝင်းတင်နှင့်ပတ်သက်တဲ့ ဒေါ်စုရဲ့အမြင်ကလည်း

"ဦးဝင်းတင်ကို ဖမ်းခေါ်သွားပြီးတဲ့နောက် အစာမကျွေးဘဲ ချက်ချင်းစစ်ဆေးပြီး ဒီမိုကရေစီလှုပ်ရှားမှုမှာ သူပါဝင်လှုပ်ရှားခဲ့ပုံတွေကို စစ်ကြောမေးမြန်းပါတယ်။ သူ့ကို စစ်ကြောမေးမြန်းသူတွေက သူဟာ ကျမရဲ့ နိုင်ငံရေးဗျူဟာ အကြံပေးသူအဖြစ်ဝန်ခံအောင် အတင်းအဓမ္မတိုက်တွန်းတာပါပဲ။ တနည်းပြောရရင် သူဟာ ကျမရဲ့ ရုပ်သေးကြိုးဆွဲဆရာပါဆိုတာကို ဝန်ခံခိုင်းတာပါပဲ။ ရဲရင့်ကြံ့ခိုင်တဲ့ ဦးဝင်းတင်လိုပုဂ္ဂိုလ်မျိုးကို လိမ်လည်ဝန်ခံခိုင်းလို့ ဘယ်တော့မှရမယ် မဟုတ်ဘူး။"

ပြီးတော့ .... ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလမှာတော့ အမေရိကန်ကွန်ဂရက် လွှတ်တော်အမတ် ဘီးလ်ရစ်ချဒ်ဆန် ဦးဝင်းတင်ကိုလာတွေ့တဲ့အခါမှာ .... ဆရာကို လည်ခွေကြီးစွပ်လျက်သား တွေ့ရပါသတဲ့။ ဆရာဟာ နှလုံးရောဂါ၊ ဆီးရောဂါရှိတဲ့အပြင် အခုဆိုရင် လည်ပင်းကြီးပေါင်းတက်တဲ့ ရောဂါပါ ရနေရှာပါတယ်။

အရွယ်ကလည်း ရလာ။ ထောင်ထဲမှာ အနေအထိုင်ကလည်း ဆင်းရဲဆိုတော့ ကျန်းမာရေးကတော့ တဖြည်းဖြည်းချင်းထိခိုက်

စာမျက်နှာ (၈) ကော်လံ (၄) သို့ ....

# BURMA CAMPAIGN-UK မှ အစီရင်ခံစာထုတ်ပြန်

ဗြိတိန်အခြေစိုက် (Burma Campaign UK) အဖွဲ့က ("Ten years of detention: too many years of empty words") အချည်းနှီးစကားလုံးများနှင့်နှစ်ပေါင်းများစွာဟု ခေါင်းစဉ်တပ်ထားသော အစီရင်ခံစာတစောင်ကို အောက်တိုဘာ (၂၄) ရက်က ထုတ်ပြန်လိုက်သည်။ အစီရင်ခံစာထဲတွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ပေါင်း (၂၇) ခု ရှိသွားပြီဖြစ်ကြောင်း၊ ထိုဆုံးဖြတ်ချက်အားလုံးကို စစ်အစိုးရမှ လျစ်လျူရှုခဲ့ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးမှ စစ်အစိုးရအပေါ် ထိထိရောက်ရောက်အရေးယူရန် ပျက်ကွက်ခဲ့ကြောင်းဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အမြန်ဆုံးဖော်ဆောင်နိုင်ရေး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လည်လွတ်မြောက်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်စွက်ဖက်ဆောင်ရွက်ပေးရန် လိုအပ်နေပြီဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

(Burma Campaign UK) မှ ဒါရိုက်တာ (Yvette Mahon) က ''ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကော်မရှင်က ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်တွေဟာ မဖြစ်မနေ လိုက်နာရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးမဟုတ်ပဲ စစ်အစိုးရဘက်က သဘောရိုးနဲ့ လိုက်လျော ဖြေရှင်းဖို့ တောင်းဆိုနေတာဖြစ်ပါတယ်။ စစ်အစိုးရဘက်ကလည်း ပြုပြင်ပြောင်းလဲမှု၊ လိုက်လျောမှုတွေတခုမှ မပြခဲ့တဲ့အတွက် အခုတော့ လုံခြုံရေးကောင်စီကတဆင့် မဖြစ်မနေလိုက်နာရမယ့် (binding resolution) အရေးယူမှုမျိုး လိုအပ်နေပါတယ်။ ဒီမိုကရေစီအသွင် ကူးပြောင်းဖို့၊ အဓိပ္ပါယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ဖို့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးဖို့ဆိုတဲ့ တောင်းဆိုမှုမျိုးကို လုံခြုံရေးကောင်စီက ချမှတ်လိုက်ရင် စစ်အစိုးရအနေနဲ့ မလုပ်မဖြစ်ဆောင်ရွက်ရပါလိမ့်မယ်။ ဒါမှမဟုတ်ရင်တော့ ဖြစ်လာမယ့်အကျိုးဆက်တွေကို စစ်အစိုးရက ရင်ဆိုင်ရမှာဖြစ်ပါတယ်''ဟု ဘီဘီစီအား ပြောကြားသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား ရှက်ဖီးဟော်လန်းတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်



ရှက်ဖီးဟော်လန်းတက္ကသိုလ်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ ထူးခြားထင်ရှားသည့် ဒီမိုကရေစီရေး ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် အင်္ဂလန်နိုင်ငံ ရှက်ဖီးဟော်လန်းတက္ကသိုလ်က ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း အောက်တိုဘာ (၂၄) ရက်နေ့က ကြေညာလိုက်သည်။

ရှက်ဖီးဟော်လန်းတက္ကသိုလ်၏ ဒုတိယအဓိပတိ မစ္စတာဖီးလစ်ဂါဟန်းက ''ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၉၁ က နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်ဖြစ်တဲ့အပြင် အကျဉ်းကျခံနေရတဲ့ တဦးတည်းသော နိုဗယ်လ်ဆုရှင်တဦးလည်းဖြစ်ပါတယ်။ ရှက်ဖီးဟော်လန်းတက္ကသိုလ်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရင်ဆိုင်နေရတဲ့ အကျပ်အတည်းကို နိုင်ငံတကာက ပိုမိုအာရုံစူးစိုက်စေချင်ပါတယ်။ နိုင်ငံတကာက ပိုမိုဖိအားပေးကြဖို့ အားပေးစေချင်ပါတယ်။ ရှက်ဖီးဟော်လန်းတက္ကသိုလ်အနေနဲ့လည်း မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကို အပြည့်အဝထောက်ခံအားပေးနေတယ်ဆိုတာကို ထုတ်ဖော်ပြသတာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာပြည်သူတွေရဲ့ဒီမိုကရေစီရေးကြိုးပမ်းမှုကို နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမို သိရှိထောက်ခံအားပေးစေချင်ပါတယ်။ ဒီအကြောင်းတွေကြောင့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ပေးအပ်ဖို့ ဆုံးဖြတ်ခဲ့ကြပြီးတော့ ဒီလိုချီးမြှင့်နိုင်ခဲ့တာအတွက်လည်း တက္ကသိုလ်အနေနဲ့ အလွန်ဝမ်းမြောက်ဂုဏ်ယူပါတယ်''ဟု ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခဲ့ရခြင်းနှင့် ပတ်သက်၍ ပြောဆိုသည်။ ထိုဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို နိုဝင်ဘာ (၁၇) ရက်နေ့တွင် ကျင်းပမည့်ဘွဲ့နှင်းသဘင်သို့ တက်ရောက်လာမည့် ကျောင်းသား (၃၀၀) နှင့် ဧည့်သည်ပရိသတ်များရှေ့တွင်ပေးအပ်မည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား သူ၏မိတ်ဆွေ နီကိုလတ်ရောင်းက လက်ခံယူမည်ဟုသိရသည်။

# မီဒီယာလွတ်လပ်ခွင့် ချုပ်ချယ်မှုတွင် မြန်မာနိုင်ငံ ပဉ္စမစွဲ


နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ အာရှနှင့်ပစိဖိတ်ရေးရာတာဝန်ခံ ဗင်းဆင့်ဘရော်ဆယ်

အရှေ့အာရှဒေသသည် သတင်းထောက်များအတွက် လွတ်လပ်စွာအလုပ်လုပ်ရန် ကမ္ဘာ့အခက်ခဲဆုံးဒေသဖြစ်နေသည်ဟု နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (Reporter without Border )၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် စာနယ်ဇင်းလွတ်လပ်ခွင့် ဖိနှိပ်ချုပ်ချယ်ဆုံးနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံသည် စာနယ်ဇင်းလွတ်လပ်ခွင့် ချုပ်ချယ်သည့် နိုင်ငံပေါင်း (၁၆၇) နိုင်ငံတွင် (၁၆၃) မြောက်တွင်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဒိန်းမတ်သည် သတင်းစာလွတ်လပ်ခွင့်အရှိဆုံးနိုင်ငံဖြစ်ပြီး၊ ဖင်လန်နိုင်ငံက ဒုတိယလွတ်လပ်ခွင့်အရှိဆုံးဖြစ်သည်။

ယမန်နှစ်က မြန်မာနိုင်ငံသည် (၁၆၅) နေရာတွင်ရှိပြီး ယခုနှစ် (၁၆၃) အဆင့်သို့ ရောက်လာရခြင်းမှာ သတင်းစာလွတ်လပ်ခွင့် တိုးတက်လာ၍မဟုတ်ဘဲ အီရန်နှင့် တာ့ခ်မင်နစ္စတန်က မြန်မာနိုင်ငံအခြေအနေထက် ပိုဆိုးဝါးလာသောကြောင့်ဖြစ်သည်ဟု ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြားသတင်းထောက်များအဖွဲ့ အာရှနှင့်ပစိဖိတ်ရေးရာတာဝန်ခံ ဗင်းဆင့်ဘရော်ဆယ်က ဘီဘီစီသို့ ပြောကြားသည်။ ၎င်းက ''မြန်မာနိုင်ငံမှာ နာရေးကြေညာတောင် ဆင်ဆာတင်ရပါတယ်။ လူသေတာတောင် ပွင့်ပွင့်လင်းလင်း၊ လွတ်လွတ်လပ်လပ် သတင်းထည့်လို့မရဘူးဆိုတာထင်ရှားပါတယ်။ မြန်မာနိုင်ငံမှာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်အားလုံးမှာ ဆင်ဆာလုပ်တာခံနေရပါတယ်''ဟု ပြောသည်။

မီဒီယာလွတ်လပ်ခွင့်မရှိ၍ ပြည်ပနိုင်ငံများသို့ ထွက်ခွာလာကြသော သတင်းမီဒီယာသမားများနှင့်ပတ်သက်၍ သတင်းစာဆရာကြီး လူထုဦးစိန်ဝင်းက ''ကိုယ့်ပြည်တွင်းမှာပဲ ပြည်သူလူထုနဲ့အတူ စံစရာရှိရင်လည်း အတူစံမယ်၊ ခံစရာရှိရင်လည်း အတူခံမယ်၊ ပြည်သူလူထုနဲ့ အတူသာလျှင်နေသင့်တယ်။ ဒီလိုသာထွက်သွားမယ်ဆိုရင် သူများနိုင်ငံတွေမှာက (Brain Drain Problem) ဆိုတာတခုထဲပဲရှိတယ်လေ။ ဗမာပြည်မှာက (Brain Dry) ဖြစ်ကုန်မှာပေါ့။ ဦးနှောက်တွေက ယိုစီးကုန်တာမဟုတ်ဘဲ ခြောက်ခန်းကုန်မှာပေါ့ '' ဟု ဘီဘီစီနှင့်တွေ့ဆုံခန်းတွင် ပြောကြားသွားခဲ့သည်။

မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံသည် သတင်းလွတ်လပ်ခွင့်တွင် (၅၉) မှ (၁၀၇) နေရာသို့ ရောက်သွားပြီး တရုတ်နိုင်ငံသည်လည်း သတင်းထောက်များကို အတိမ်းအစောင်းမခံသည့် သတင်းများဖော်ပြခွင့်ကို ပိတ်ပင်သည့်နိုင်ငံဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ ❖

# ကမ္ဘာ့နိုင်ငံပေါင်း (၁၅၉) နိုင်ငံအနက် အကျင့်ပျက်ခြစားမှုတွင် မြန်မာနိုင်ငံ ဒုတိယစွဲ

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း (၁၅၉) နိုင်ငံအနက် အကျင့်ပျက် ခြစားမှု၊ လာဒ်စားမှုတွင် ဒုတိယနေရာ၌ရှိကြောင်း နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International) က ၎င်း၏ နှစ်ပတ်လည်အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။ နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့၏ အကျင့်ပျက်ခြစားမှု ညွှန်းကိန်းအရ အကျင့်ပျက်ခြစားမှုအများဆုံးနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပြီး ဒုတိယမှာ ချက်စ်နိုင်ငံဖြစ်သည်။ အနည်းဆုံးနိုင်ငံများမှာ ဥရောပမှ အိုက်စ်လန်နိုင်ငံဖြစ်ပြီးဖင်လန်နှင့် နယူးဇီလန်မှာ ဒုတိယအနည်းဆုံးဖြစ်သည်။

(Transparency International) အဖွဲ့၏ဥက္ကဋ္ဌ၊ မစ္စတာပီတာအီဂင်က ခြစားမှု၊ လာဒ်စားမှုသည် လူကိုဆင်းရဲမွဲတေစေသော အဓိကတရားခံဖြစ်သောကြောင့် လူများချမ်းသာစေရန် အကျင့်ပျက်မှုများကို အရင်တိုက်ဖျက်ရမည် ဖြစ်ကြောင်း၊ အကျင့်ပျက်မှုများကို မတိုက်ဖျက်ပဲ အကူအညီပေးလျှင် ခြစားမှုကို တွန်းအားပေးသကဲ့သို့ ဖြစ်နိုင်သောကြောင့် လာဒ်စားမှုများကို အမြန်ဆုံးတိုက်ဖျက်ရန် လိုအပ်နေပြီဟု ဘာလင်မှလာသော သတင်းအေဂျင်စီများတွင် ဖော်ပြထားသည်။

အာရှနိုင်ငံများတွင် အကျင့်ပျက်လာဒ်စားမှုအနည်းဆုံးမှာ စင်္ကာပူနိုင်ငံဖြစ်ပြီး အဆင့် (၃၈) ဖြစ်သည်။ အခြား အာရှနိုင်ငံများမှာ အကျင့်ပျက်ခြစားမှုညွှန်းကိန်းအရ မလေးရှား (၃၉)၊ ထိုင်း (၅၉)၊ လာအို (၇၇)၊ တရုတ်နှင့်သီရိလင်္ကာ (၇၈)၊ အိန္ဒိယ (၈၈)၊ ဖိလစ်ပိုင် (၁၁၇)၊ အင်ဒိုနီးရှား (၁၃၇) အသီးသီးဖြစ်ကြသည်။ ❖

**TI 2005 Corruption Perceptions Index**

| Country rank | Country | 2005 CPI score* | Confidence range** | Surveys used*** |
|---|---|---|---|---|
| 1. | Iceland | 9.7 | 9.5 - 9.7 | 8 |
| 2. | Finland | 9.6 | 9.5 - 9.7 | 9 |
| | New Zealand | 9.6 | 9.5 - 9.7 | 9 |
| 4. | Denmark | 9.5 | 9.3 - 9.6 | 10 |
| | | | | |
| 152. | Cote d'Ivoire | 1.9 | 1.7 - 2.1 | 4 |
| | Equatorial Guinea | 1.9 | 1.6 - 2.1 | 3 |
| | Nigeria | 1.9 | 1.7 - 2.0 | 9 |
| 155. | Haiti | 1.8 | 1.5 - 2.1 | 4 |
| | Myanmar | 1.8 | 1.7 - 2.0 | 4 |
| | Turkmenistan | 1.8 | 1.7 - 2.0 | 4 |
| 158. | Bangladesh | 1.7 | 1.4 - 2.0 | 7 |
| | Chad | 1.7 | 1.3 - 2.1 | 6 |

# ပွလက်သစ်ခွ၊ အစမ္ဗိုလ်ချုပ်၊ အချောင်တုတ် “ဖုတ်ကောင်”

တကယ်လို့များ... တနေ့မှာ ... ပန်းတွေမပွင့်ကြတော့ဘူး၊ စမ်းရေတွေ မစီးကြတော့ဘူး။ သစ်တောကြီးတွေလည်း ယိမ်းမကြတော့ဘူး။ ကျေးငှက်တွေလည်း တေးမဆိုကြတော့ဘူး၊ လိပ်ပြာတွေလည်း မပျံဝဲကြတော့ဘူးဆိုရင် လူသားတွေ ဘာဖြစ်ကုန်ကြမလဲ... မစ္စတာကင်း။

ညိုသွင်



သစ်ခွမုဆိုးကြီး မစ္စတာကင်းဒမ်းဝဲ့သ် သို့ ....

မစ္စတာကင်းဒမ်းဝဲ့သ် ခုအချိန်ဆို ခင်ဗျားသက်ရှိထင်ရှားမှရှိသေးရဲ့လား။ ဒါမှမဟုတ် တမလွန်ဘဝကိုကူးပြောင်းပြီး ပရသုဒိဘုံပန်းဥယျာဉ်ထဲက သစ်ခွပန်းရုံတွေကြားထဲမှာပဲ ပျော်မွေ့နေပြီးလားဆိုတာ ကျုပ်မပြောနိုင်ပါဘူး။ ကိုလိုနီခေတ်နှောင်းပိုင်း ဗမာပြည်ကိုရောက်ရှိခဲ့ပြီး ဗမာပြည်မြောက်ဖျားက ကချင်တောင်တန်းတွေပေါ်မှာခင်ဗျား ပျော်မွေ့ခဲ့တယ်ဆိုတာတော့ ကျုပ်ကြားဖူးတယ်။ ခင်ဗျားဟာ လွန်စွာကံကောင်းခဲ့တဲ့လူလို့ ပြောနိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကချင်တောင်တန်းတွေရဲ့အလှ ကချင်သစ်တောကြီးတွေရဲ့အလှ၊ ရေခဲဖုံးနေတဲ့ တောင်ကြီးတွေရဲ့အလှ၊ ကချင်တိုင်းရင်းသူ ဂျင်းဖော်ပျိုဖြူတွေရဲ့အလှ၊ မနောပွဲတော်ရဲ့အလှ ကောက်သစ်စားပွဲ ညဥ့်ယံအလှ၊ ဓါးတလက်နဲ့ ပဝါဖြူရဲ့အလှ၊ ဒါတွေကိုခင်ဗျားကိုယ်တိုင် မျက်တွေ့၊ လက်တွေ့ခံစားခဲ့ရလို့ပါပဲ။ ကျုပ်ထင်တယ်လေ ဒါတွေထက်ပိုပြီး စွဲမက်စေတဲ့အလှအပတွေကို ခင်ဗျား ကချင်တောင်တန်းကြီးတွေပေါ်မှာ တွေ့ခဲ့ရတယ်မဟုတ်လား။

အဲဒီအချိန်တုန်းကတော့ ကျုပ်တို့ ဗမာနိုင်ငံရဲ့ ရေမြေတောတောင် သဘာဝအလှတွေဟာ တကယ့်ကို စွဲမက်ဖွယ်ရာကောင်းတဲ့ ပီဘိ သဘာဝရဲ့အပျိုစင်တယောက်ပါဘဲဗျာ။ ခင်ဗျားကို ကချင်ပြည်နယ်သစ်တောကြီးတွေက တည်ငြိမ်တဲ့အသွင်နဲ့ ကြိုဆိုခဲ့ကြလိမ့်မယ်။ မှတ်တမ်းမတင်ရသေးတဲ့ အဖိုးတန်ရှားပါး သစ်ခွမျိုးစိတ်တွေဟာ ရေမသစ်ပင်ကြီးတွေပေါ်မှာ အသွေးအရောင်စုံနဲ့ တခမ်းတနားကြိုဆိုခဲ့ကြလိမ့်မယ်။ တောရိုင်းသတ္တဝါလေးတွေကလဲ ခင်ဗျားကိုမဝံ့မရဲ ချောင်းကြည့်ခဲ့ကြလိမ့်မယ်။ ရှားပါးမျိုးစိတ်ကျေးငှက်စုံကလဲ ခင်ဗျားရဲ့ သောတအာရုံကို နာပျော် ဖွယ်တေးသံတွေနဲ့ နှုတ်ခွန်းဆက်ခဲ့ကြလိမ့်မယ်။ လွတ်လပ်စွာဖူးပွင့်နေတဲ့ တောရိုင်းပန်းတွေနဲ့အတူ ရောင်စုံလိပ်ပြာများစွာနဲ့ ပျားပတုန်းများကတော့ ခင်ဗျားနဲ့ အတူလိုက်ပါရင်း ကင်းစောင့်ပေးခဲ့ကြလိမ့်မယ်။

ကချင်သစ်တောကြီးတွေထဲက ရှားပါးသစ်ခွမျိုးစိတ်တွေကို မုဆိုးတယောက်လို အငမ်းမရရှာဖွေမှတ်တမ်းတင်ပြီး စုဆောင်းခဲ့လို့ ခင်ဗျားဟာ သစ်ခွမုဆိုးကြီးဆိုပြီး ကမ္ဘာကျော်ခဲ့တယ်။ ကချင်တောင်တန်းတွေပေါ်က သစ်ခွပန်းလေးတွေကို ကမ္ဘာ့ဧည့်ခန်းဆောင်ကြီးတွေမှာ တခမ်းတနားနေရာရအောင် လုပ်ပေးခဲ့တဲ့ခင်ဗျားကို ကျေးဇူးတင်ပါတယ်။

ဒါပေမယ့်.... စိတ်မကောင်းစရာပါပဲ မစ္စတာကင်းဒမ်းဝဲ့သ် ခင်ဗျား.... ခင်ဗျား လျှောက်သွားခဲ့တဲ့ ကချင်ပြည်နယ်သစ်တောကြီးတွေ၊ သစ်ပင်သစ်တောတွေကို အမှီပြုနေရတဲ့ သဘာဝသစ်ခွမျိုးစိတ်တွေ၊ ဇီဝမျိုးကွဲတွေဟာ ခေတ်စံနစ်ရဲ့သားကောင်ဖြစ်ခဲ့ရပြီ ခပ်ရိုင်းရိုင်းပြောရရင်တော့ဗျာ ကချင်ပြည်နယ်ရဲ့ သဘာဝအပျိုစင်ဟာ ဗမာဖက်ဆစ်စစ်အုပ်စုနဲ့ စိနတိုင်းသား သစ်ကုမ္ပဏီတွေရဲ့ ဟော်တယ်ဘီယာခန်းမဆောင်ထဲက အဆီဝေ့နေတဲ့ ဝအစ်အစ်မျက်နှာတွေကြားမှာ ဘဝဘီယာတိမ်နစ်ခဲ့ရတယ်။ အကြောင်းကတော့ အုပ်စိုးသူအစိုးရနဲ့ အိမ်နီးနားခြင်းနိုင်ငံကြီးတခုရဲ့ လူသားမဆန်တဲ့ ရက်စက်ယုတ်မာမှုတွေကြောင့်ပါပဲ။

ပထမအဓိကကတော့ တိုင်းပြည်ကိုချစ်လွန်းလို့ ပြည်သူ့အစိုးရကို အာဏာမပေးဘဲ (၄၃) နှစ်တိုင် မျက်နှာပြောင်တိုက် သေနတ်နဲ့တေ့ အုပ်ချုပ်နေတဲ့ ထဘီဝတ်စစ်ဗိုလ်ချုပ်တွေရဲ့ ဘယ်သူသေသေ ငတေမာရေးပေါ်လစီအောက်မှာ တိုင်းပြည်စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်အသီးသီးမှာ ချွတ်ချုံကျခဲ့ရတယ်။ မဆလခေတ်တလျှောက်လုံး ပြည်တွင်းစစ်ကို မွေးထားခဲ့တယ်။ (၈၈) နောက်ပိုင်း လူထုအုံကြွမှုတွေကို အပြည့်အဝအာရုံစိုက်ခြေမှုန်းနိုင်အောင် တနည်းအားဖြင့် စစ်မျက်နှာ (၂) ခုရင်ဆိုင်နေရတဲ့ စစ်အုပ်စုဟာ လူမျိုးစုလက်နက်ကိုင်တွေနဲ့ ဟန်ဆောင်ပန်ဆောင် လက်ဆွဲနှုတ်ဆက်ခဲ့တယ်။ ပြီးတော့ လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေကို အပိုင်စားနယ်မြေတွေပေး၊ လွတ်လပ်စွာ စီးပွားရေးလုပ်ပိုင်ခွင့်တွေပေး၊ လုပ်ကွက်တွေချပေးပြီး သကြားအုပ်ငြိမ်းချမ်းရေးအတုတခု ဖန်တီးခဲ့တယ်။ ကချင်ပြည်နယ်မှာလည်း အဲလိုမျိုးငြိမ်းအဖွဲ့တွေရှိကြတယ်လေ။ ငြိမ်းအဖွဲ့တွေအနေနဲ့ အခြေခံစီးပွားရေးအဆောက်အအုံကြီးကြီးမားမား မရှိလေတော့၊ ဆူလွယ်နပ်လွယ်၊ အမြတ်ကြမ်းတဲ့ ကချင်သစ်တောကြီးတွေကိုပဲ မျက်စောင်းထိုးရန်ရှာကြတော့တာပေါ့။

စစ်အာဏာရှင်လက်ထဲမှာ လူ့အခွင့်အရေးရှိဖို့နေနေသာသာ သစ်ပင် အခွင့်အရေးတောင်မရှိပါဘူး။ စစ်ဗိုလ်တွေရဲ့ဗီဇကိုက သဘာဝတောတောင်သစ်ပင်တွေကို ပက်ပက်စက်စက် မုန်းတာဗျ။ သစ်တောကြီးတွေကို မုန်းတယ်။ သစ်ပင်တွေကို မုန်းတယ်။ ဒီတော ဒီတောင်တွေရှိရင် ရန်သူခိုအောင်းလှုပ်ရှားနိုင်တယ်။ ကောင်းကင်က ထောက်လှမ်းဖို့ဆိုတာ သိပ်မလွယ်ဘူး။ ဒါကြောင့် တောဆိုရှင်း သစ်ပင်ဆိုခုတ်၊ ဒါမှ ရန်သူကို မောင်းထုတ်လို့ရမယ်ဆိုတဲ့ ငကြောက်ဗျူဟာအရ လုပ်နေတာလည်းတချက်ပါတယ်။ စစ်ဗိုလ်ချုပ်ကြီးတွေ ပီပီအကြောက်လွန်ပုံများကတော့ လွန်ပါရောဗျာ။ (၈၈) နောက်ပိုင်း မြို့ကြီးတိုင်းလိုလိုပဲ၊ မြို့ပေါ်က သစ်ပင်ကြီးတွေကို အားလုံးနီးပါးခုတ်လှဲပစ်ခဲ့တယ်။ နောက်ပိုင်းမှာ သက်တမ်းမပြည့်သေးတဲ့ ကျွန်းပင်တွေကို တောင် ရုရှားလုပ် မစ် (၂၉) တိုက်လေယာဉ်တွေနဲ့ လဲပစ်တာ တက်တက်ကိုပြောင်ရောဗျို့။ တိုင်းပြည်က ဖွတ်ကျောပြာစုနေပြီဆိုတော့ အိမ်တိုင်ချွတ်ရောင်းရတဲ့ဘဝရောက်နေပြီလေ။ တခုတော့ရှိတယ်။ ငနဲတွေက သစ်ပင်သစ်တောတွေမုန်းတယ်။ ဆိုပေမယ့် ဘိန်းပင်နဲ့ ဘိန်းခင်းကြီးတွေကိုတော့ အတော်ချစ်ပုံရတယ်ဗျ။ ဒ့်ကြောင့်လည်း ကမ္ဘာမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်နေရတာပေါ့။

မစ္စတာကင်း ခင်ဗျားကတော့ ကမ္ဘာကျော်သစ်ခွမုဆိုးကြီး ခုကောင်တွေ (နအဖ၊ ငြိမ်းအဖွဲ့၊ တရုတ်သစ်ကုမ္ပဏီ) က ဗမာကျော်သစ်သူခိုးတွေ၊ ဗမာဖက်ခြမ်း အာဏာပိုင်တွေက ကချင်သစ်တောတွေကို လက်ညှိုးထိုးရောင်းစား၊ တရုတ်ကုမ္ပဏီတွေက ဗိုက်နာဈေးနဲ့ဝယ်၊ နေ့ချင်းညချင်းသူဌေးဖြစ်မယ့် အပေါက်ဆိုတော့ စိနတိုင်းသားတို့က နှိုက်လို့ကောင်းနေတာပေါ့။ ဒါနဲ့ပဲ ကချင်ပြည်နယ်သစ်တောကြီးတွေကို အတင်းကာရောနသားဖါရားလုပ် ခုတ်လှဲဖြစ်တော့တာပါဘဲ။ အံမာ ပြောရအုံးမယ်။ ကိုတရုတ်တို့က သူများနိုင်ငံထဲက သစ်တောကြီးတွေကိုသာ လောဘဇောတိုက်ပြီး အငန်းမရခုတ်ယူနေပေမယ့် သူတို့နိုင်ငံထဲမှာတော့ သစ်ပင်တွေခုတ်လှဲတာကို ဥပဒေအရ တင်းတင်းကျပ်ကျပ်တားမြစ်ထားပြီး ယူနန်ပြည်နယ်မှာဆို နေရာတော်တော်များများကို အမျိုးသားဥယျာဉ်များအဖြစ် သတ်မှတ်ထားသတဲ့။ ယူနက်စကို အစီရင်ခံစာထဲမှာတော့ တရုတ်မြန်မာနယ်စပ် ကချင်ပြည်နယ်မြောက်ပိုင်း သစ်တောကြီးတွေမှာ ကမ္ဘာပေါ်ရှိ ဇီဝမျိုးကွဲတွေ အများဆုံးတည်ရှိနေကြောင်းထုတ်ပြန်ခဲ့တယ်။ တဆက်တည်းပဲ သစ်တောတွေကို အရမ်းကာရော ခုတ်လှဲနေခြင်းအတွက် သစ်တောကြီးများခြိမ်းခြောက်ခြင်းခံနေရပြီ ဖြစ်ပါသတဲ့။ အဲဒီတော့ဗျာ ဒီသစ်တောကြီးတွေနဲ့ ဆက်စပ်နေတဲ့ ဂေဟစံနစ်ဟာ ပျက်စီးစပြုနေပြီလို့ ဆိုလိုတာပေါ့။ ဗမာဗိုလ်ချုပ်ကြီးတွေကတော့ မြန်မာနိုင်ငံမှာ ဧရိယာ (၅၀) ရာခိုင်နှုန်းဟာ သစ်တောတွေဖုံးလွှမ်းနေပြီး ၁၉၆၂ ခုနှစ်ထက်ကစာရင် (၇) ရာခိုင်နှုန်း လျော့နည်းနေကြောင်း ၂၀၀၂ ခုနှစ်မှာ ထုတ် ပြန်ခဲ့တယ်။ ခုအခါပြောလာပြန်ပြီ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဧရိယာဟာ (၂၂ ဒသမ ၇၅) ရာခိုင်နှုန်းရှိနေပြီး၊ သစ်တောဦးစီးဌာနအနေနဲ့ (၃၀) ရာခိုင်နှုန်းထိ တိုးချဲ့ရန် ဆောင်ရွက်နေပါတယ်တဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေစုစုပေါင်း (၄၁) ခု ရှိနေပြီး မြန်မာနိုင်ငံအကျယ်အဝန်းရဲ့ (၇ ဒသမ ၃၇) ရာခိုင်နှုန်းရှိကြောင်း ဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားတယ်။ တကယ်တန်း နအဖထုတ်ပြန်တဲ့ ကိန်းဂဏာန်းတွေဆိုတာက စားသောက်ကောင်းအောင် မစားရဝခမန်းပြောထားတာတွေ ချည့်ပါပဲ။ လူသားမှာ နားရွက်တဖက် မျက်လုံးတလုံးပဲရှိတယ်လို့ ထင်နေတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေဟာ ယဉ်ကျေးတဲ့ လူသားသမိုင်းကို ဖန်တီးဖို့အသာထား သူ့သမိုင်း သူတောင်ကောင်းအောင်မရေးတတ်ဘူး။ ဖြစ်ပုံက....

ကချင်ပြည်နယ်ကသစ်တွေ တရုတ်ပြည်ကို ပို့ဖို့တရားဝင်သဘောတူညီထားတာက (၂၀၀၁/၂၀၀၄အတွင်း) (၁၈,၀၀၀) ကုဗမီတာလို့ဖော်ပြထားပေမယ့် အာရှသတင်းတပုဒ်ထဲမှာတော့ ကုဗမီတာတသန်းကျော်ရှိတယ်လို့ဆိုထားတယ်။ ဒါကလည်း မြောက်များစွာသော သယံဇာတတွေထဲက သစ်တမျိုးတည်းကိုပဲ ချဉ်းကပ်လေ့လာထားတာပါ။

တရုတ်မြန်မာနယ်စပ်ကုန်သွယ်ရေးလို့ ဆိုပေမယ့် တကယ်တန်းပြောရရင် “နယ်စပ်ခိုးပေါက်”လို့ဘဲ ပြောရမှာပါ။ ပြီးခဲ့တဲ့ နှစ်က ခိုးပေါက်မှာ စားခွက်လုရင်း ခွက်

■ စာမျက်နှာ (၁၃) ကော်လံ (၁) သို့ ...

## မွန်စာပေနှင့်ယဉ်ကျေးမှုပျောက်ကွယ်စေရန် နအဖမှ မဟာဗျူဟာချဆောင်ရွက်နေ

ရေးမြို့နယ် ၊ လမိုင်းကျေးရွာရှိ မွန်ပြည်သစ်ပါတီလက်အောက်ခံ ၊ မွန်အမျိုးသားစာသင်ကျောင်းတကျောင်းကိုပိတ်ပစ်ရန် နအဖအာဏာပိုင်များက ဖိအားပေးနေသည်ဟုလွတ်လပ်သည့် မွန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။ လမိုင်းရွာကို မြို့နယ်ခွဲအဆင့် အုပ်ချုပ်ရေးတိုးမြှင့်ရာတွင် အစိုးရရုံးများတည်ဆောက်ရန်အတွက် ကျောင်းမြေကိုသိမ်းရခြင်းဖြစ်သည်ဟုဆိုသည်။ ယင်း မွန်အမျိုးသားစာသင်ကျောင်းတွင် ကျောင်းသား (၃၀၀) ကျော်ရှိပြီး နအဖ ပညာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းစာအုပ်အပြင် မွန်စာပေနှင့်သမိုင်းနောက်ခံ အဖြစ်အပျက်များကိုပါ ပူးတွဲသင်ကြားပေးသည်ဟုသိရသည်။

ကျောင်းရန်ပုံငွေကို ဒေသခံမွန်လူထုမှ ထောက်ပံ့ပြီး ဆရာ၊ ဆရာမများကို မွန်ပြည်သစ်ပါတီမှ ခန့်အပ်သည်ဟုသိရသည်။ ယခုကဲ့သို့ မွန်အမျိုးသားစာသင်ကျောင်းကို ပိတ်ပစ်ရန် ဖိအားပေးခြင်းနှင့်ပတ်သက်၍ မွန်ပြည်သစ်ပါတီမှ ပြောခွင့်ရပုဂ္ဂိုလ် နိုင်ကဆော့မွန်က "မနှစ်ကတည်းက မွန်ကျောင်းတွေပိတ်တဲ့ကိစ္စကို မွန်ပြည်သစ်ပါတီကနေ ကန့်ကွက်တဲ့စာတွေတင်တယ်။ အဲဒီကျောင်းတွေ မပိတ်ဖို့ပေါ့။ ပထမတော့ အစိုးရဘက်ကလူတွေက နည်းနည်းနားထောင်တယ်။ နောက်ပိုင်းတော့ ပညာပြတာပေါ့။ ပညာအမျိုးမျိုးပြပြီးတော့ ကျောင်းတွေမလည်ပတ်နိုင်ဖို့ သူတို့လုပ်တာ တွေ့ရတယ်။ ဥပမာ မွန်ကျောင်းတွေမလည်ပတ်ဖို့ ကျောင်းသားမိဘတွေကို ဖိအားပေးတာမျိုးလုပ်တယ်။ မွန်ကျောင်းတွေ ပြင်ဆင်တဲ့နေရာမှာ ဒါမှမဟုတ်ရင် တည်ဆောက်ရင် ကျေးရွာပြည်သူလူထုတွေမပါဖို့၊ အဲဒီလိုမျိုး ဖိအားပေးတာတွေရှိတယ်။

ကျနော့်အမြင် ကတော့ စစ်အစိုးရက နိုင်ငံရေးရည်ရွယ် ချက်နဲ့လုပ်တာဖြစ်တယ်။ မွန်ပြည်သစ်ပါတီက ဘာပဲပြောပြော၊ ဘာပဲတောင်းဆို တောင်းဆို စစ်အစိုးရဖက်ကတော့ ဂရုမစိုက်တာကိုတွေ့ရတယ်။ အစိုးရသာ ဆက်ဆက်ကလုပ်လာတဲ့ တိုင်းရင်းသားတွေရဲ့ စာပေနဲ့ယဉ်ကျေးမှုအပေါ်မှာ ပျောက်ကွယ်အောင် လုပ်ဆောင်တဲ့နေရာမှာ သုံးတဲ့ မဟာဗျူဟာပဲလေ။ အဲဒါကတော့" ဟု ဒီဗွီဘီအားပြောကြားသည်။

ပြီးခဲ့သည့်နှစ်ကလည်း မွန်စာသင်ကျောင်း (၃၀) ကျော်ကို နအဖမှ အတင်းအဓမ္မပိတ်ပစ်ခဲ့သည်။

❖

## မြန်မာနိုင်ငံတွင် ဓာတ်ဆီဈေးနှင့်အတူ စားသုံးကုန်ဈေးနှုန်းများ အပြိုင်ထိုးတက်

ဩဂုတ်လ (၂၀) ရက်မှစ၍ မြန်မာနိုင်ငံရှိ အစိုးရဓာတ်ဆီဆိုင်များတွင် ဓာတ်ဆီတဂါလံ (၁၈၀) မှ (၁၅၀၀) ကျပ် အထိ (၈) ဆခန့် ဈေးတင်ရောင်းချခဲ့ရာ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများလည်း တက်သွားခဲ့သည်။ ကုန်ပစ္စည်းများ ဈေးတက်လာမည်ဖြစ်သောကြောင့် စားသုံးသူများမှာ အခြေခံစားကုန်များကို ထိတ်ထိတ်ပျာပျာဝယ်ယူနေကြသည်ဟု ပြည်တွင်းသတင်းများက ဆိုသည်။ ဆန်ဆိုင်ပိုင်ရှင်တဦးက "ဈေးဆိုင်တွေမှာ အထူးသဖြင့်ဆန်ဆိုင်တွေမှာ ဆန်ဝယ်သူတွေနဲ့ တနေ့လုံး တော်တော်လေးလှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်ဗျ"ဟု ဘီဘီစီသို့ ပြောပြသွားခဲ့သည်။



မြန်မာနိုင်ငံတွင် ဓာတ်ဆီဈေးနှင့်အတူ စားသုံးကုန်ဈေးနှုန်းများ အပြိုင်ထိုးတက်လာမှုသည် ပြည်သူတို့အား အတိဒုက္ခရောက်စေသည်။

ရန်ကုန်မြို့တွင် ပြင်ပဓာတ်ဆီပေါက်ဈေးမှာ တဂါလံ (၃၅၀၀) အထိတက်သွားပြီးဒီဇယ်ဈေးမှာ (၅၀၀၀) ကျပ်ဖြစ်သွားသည်ဟုသိရသည်။ ရန်ကုန်မြို့တွင် ဘတ်စ်ကားခများ (၄) ဆခန့် ဈေးတက်သွားခဲ့သည်။ သာမန်အလုပ်သမားတဦး၏ နေ့စားခမှာ ကျပ် (၁၀၀၀) ခန့်သာရှိပြီး ခရီးစရိတ်မှာ (၅၀၀) ခန့်အထိဖြစ်နေ၍ အလုပ်သမားများမှာ အခက်အခဲကြုံတွေ့နေရသည်။

ယာဉ်စီးခဈေးနှုန်းမြင့်တက်သွားခြင်းကြောင့် ရန်ကုန်မြို့ရှိဝန်ထမ်းများက ခရီးစရိတ်မပေးလျှင် ရုံးမတက်နိုင်ကြောင်း အကြီးအကဲများထံ စာရေးတင်ပြနေကြသည်ဟုလည်းသိရသည်။

စီးပွားရေးပညာရှင် ဒေါက်တာ ဇော်ဦးက "ဗမာပြည်ရဲ့ စီးပွားရေးပြဿနာတွေကို ကိုင်တွယ်တဲ့အခါမှာ ဆေးမီးတိုနဲ့ကုလို့မရပါဘူး။ ဒါဟာ နအဖအာဏာပိုင်တွေအနေနဲ့ မှောင်ခိုဈေးကွက်ကြီးဟာ လူထုတွေဒုက္ခရောက်နေပြီဆိုတဲ့ စေတနာနဲ့လုပ်ကောင်း လုပ်တာဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် စီးပွားရေးအခြေခံတွေ လွဲမှားနေတဲ့ဟာကို (၁၇) နှစ်လောက် ကြာခဲ့ပြီ။ ဒီကြားထဲမှာ စီးပွားရေးကျဆင်းလာတာလဲ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်ကတည်းက ကျဆင်းလာခဲ့တယ်။ ဒီအခြေအနေကြားထဲမှာဆေးမီးတိုနဲ့ လုပ်တယ်ဆိုတာ အနာတခြား၊ ဆေးတခြား ဖြစ်ရုံတင်မကဘူး။ စေတနာက ဝေဒနာပါ ဖြစ်နိုင်တယ်ဆိုတဲ့ သင်ခန်းစာကိုရနိုင်ပါတယ်။ မှောင်ခိုသမားတွေအနေနဲ့ ဘာမှသိပ်ပြီး ထိခိုက်နစ်နာမှုမရှိပါဘူး။ နောက်ဆုံးစားသုံးသူ၊ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ရတဲ့သူကတော့ တိုင်းပြည်မှာ အများစုဖြစ်တဲ့လူထုပဲဖြစ်ပါတယ်။ ဒီမှာ သင်ခန်းစာနောက်တခုကတော့ ဓာတ်ဆီဆိုတဲ့ဈေးကွက်လေးကို၊ ကဏ္ဍတခုကိုကိုင်မယ်ဆိုရင် တခြားကဏ္ဍတွေမှာလည်း မပြောင်းလဲဘဲ ဆန်ကိုကိုင်ရင် ဆန်တခုထဲ ကြည့်လို့မရဘူး။ ဆီကိုကိုင်ရင် ဆီတခုထဲကြည့်လို့မရဘူး။ ဆန်ရောဆီရော အားလုံးကြည့်ဖို့လိုတယ်။ တခြား ဘဏ်လုပ်ငန်းတွေ၊ တခြားစီးပွားရေးကဏ္ဍအသီးသီးတွေမှာ ဟန်ချက်ညီညီ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရမယ်ဆိုတဲ့ သင်ခန်းစာလည်းရနိုင်ပါတယ်။"ဟု ဒီဗီဘီသို့ ပြောကြားခဲ့သည်။

ရန်ကုန်မြို့ရှိကားပိုင်ရှင်တဦးကမူ "ကျနော်တို့ ဒီလမ်းပန်းဆက်သွယ်ရေး ကုန်သွယ်မှုလုပ်နေတဲ့ ကုန်ကူးနေတဲ့ ဓာတ်ဆီကားတွေမှန်သမျှလည်း ဒီဆီကို ဝယ်သုံးရတဲ့နောက်တက်တော့ သူတို့ကလည်း ဒီကုန်ဈေးနှုန်းပေါ်လိုက်တက်မှာပေါ့။ အကုန်လုံး စုကုန်တာပေါ့။ တိုင်းပြည်ကမထိမ်းနိုင်တော့ပါဘူး။ အဲဒါပါပဲ။ စီမံအုပ်ချုပ်တဲ့သူကညံ့ တော်တော်ကိုစုတ်ပြတ်သတ်နေပါပြီ။ အရှင်းဆုံးပြောရရင် ကျနော်တို့ပြောတတ်တဲ့စကားနဲ့ ပြောရရင် စုတ်ပြတ်သတ်နေပါပြီ"ဟု ပြောသည်။

ယခုကဲ့သို့ ဈေးနှုန်းမြင့်လိုက်ခြင်းကို အစိုးရမီဒီယာများတွင်တရား ဝင်ထုတ်ပြန်ဖော်ပြခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံတွင် (၁၉၈၀) အစောပိုင်းကာလကတည်းက ဓာတ်ဆီ၊ ဒီဇယ်ကို အစိုးရက ရာရှင်စနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့သည်။

## ကုန်သည်ကြီးများဟိုတယ်ရှေ့ ဗုံးတလုံးကွဲ



ကုန်သည်ကြီးများဟိုတယ်ရှေ့ ဗုံးပေါက်ကွဲရာနေရာအား တာဝန်ရှိသူများ စစ်ဆေးကြည့်ရှုနေသည်ကို တွေ့ရစဉ်

အောက်တိုဘာ (၂၁) ရက် ညနေ (၆) နာရီ (၄၅) မိနစ်ခန့်တွင် ရန်ကုန်မြို့ ထရိတ်ဒါးဟိုတယ်အနီး၌ ဗုံးပေါက်ကွဲမှုတခု ဖြစ်ပွားခဲ့သည်။ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ထရိတ်ဒါးဟိုတယ်ဆိုင်းဘုတ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆူးလေဘုရားလမ်းကို လက်နက်ကိုင်စစ်သားများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ပိတ်ထားလိုက်သည်ဟု သိရသည်။ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူမရှိဟု ရဲများကဆိုသော်လည်း စုံစမ်းတွေ့ရှိမှုများနှင့်ပတ်သက်၍ တစုံတရာသုံးသပ်ချက်ပေးရန် ရဲအရာရှိများက ငြင်းဆိုခဲ့သည်။ မျက်မြင်သက်သေတဦးက ဟိုတယ်ရှေ့မှ ကားဖြတ်မောင်းသွားစဉ် နားကွဲမတတ် ပေါက်ကွဲသံတခု ကြားခဲ့ရသည်ဟုဆိုသည်။

အောက်တိုဘာ (၂၃) ရက်နေ့က ပြုလုပ်သော နအဖ၏သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယခုဖောက်ခွဲမှုသည် အေဘီအက်စ်ဒီအက်ဖ်နှင့် စွမ်းအားမြှင့်ကျောင်းသားတပ်မတော်၏ လက်ချက်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်ကို ဖောက်ခွဲရန်ကြိုးစားရာအခွင့်မသာသောကြောင့် ထရိတ်ဒါးဟော်တယ်ရှေ့ ဖောက်ခွဲခဲ့ရခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ယခု ဗုံးခွဲမှုနှင့်ပတ်သက်၍ လူ (၆) ဦးကို ဖမ်းဆီးစစ်ဆေးနေကြောင်းလည်းသိရသည်။ အေဘီအက်စ်ဒီအက်ဖ်က ဗုံးခွဲမှုနှင့်ပတ်သက်သည့် နအဖ၏စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

လူ (၂၃) ဦးသေဆုံးပြီး (၁၆၂) ဦး ဒဏ်ရာရခဲ့သည့် မေလ (၇) ရက် ဗုံးပေါက်ကွဲမှုများအပြီးတွင် ရန်ကုန်မြို့တော်၏ နေရာအနှံ့အပြား၌ လုံခြုံရေး တင်းတင်းကျပ်ကျပ်ချထားခဲ့သည့်ကြားမှ ယခုကဲ့သို့ပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ ❖

## ရန်ကုန်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအား ဒုဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခန့်အပ်

ရန်ကုန်တိုင်း တိုင်းမှူးနှင့် စစ်ထောက်လှမ်းရေးအဖြစ် တာဝန်ယူထားသော ဗိုလ်ချုပ်မြင့်ဆွေအား ဒုတိယ ဗိုလ်ချုပ်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း နအဖမီဒီယာများတွင် အောက်တိုဘာ (၂၀) ရက်နေ့က ဖော်ပြသည်။ ယခုကဲ့သို့ ရာထူးတိုးမြှင့်လိုက်ပြီး ဗိုလ်ချုပ်မြင့်ဆွေအား စရဖ (ခေါ်) စစ်ထောက်လှမ်းရေးမှူးတာဝန် တခုတည်းကို သီးခြားပေးမည်လား၊ အခြား ဒု ဗိုလ်ချုပ်ကြီးများကဲ့သို့ နအဖအဖွဲ့ဝင် စစ်ဒေသမှူးဖြစ်လာမည်လားဆိုသည်ကို နအဖမှ တစုံတရာရှင်းလင်းဖော်ပြခြင်းမရှိပေ။

ထိုင်း–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးအကဲခတ်ဦးဌေးအောင်က "အခုလက်ရှိမှာ စစ်တိုင်းဆိုပြီးတော့ (၁၂) တိုင်း ရှိတယ်။ အဲဒီ (၁၂) တိုင်းမှာ တခြားတိုင်းမှူးတွေက ဗိုလ်ချုပ်အဆင့်တွေပဲဖြစ်ပြီးတော့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးလဲဖြစ်၊ နောက်ပြီးတော့ (စရဖ) ညွှန်ချုပ်လဲဖြစ်တဲ့ ဗိုလ်ချုပ်မြင့်ဆွေကို ဒုတိယ ဗိုလ်ချုပ်ကြီးရာထူးပေးလိုက်တယ်ဆိုတာက သူ့ကို စစ်တိုင်းမှူးတဆင့်ကနေမြှင့်ပြီးတော့ နအဖအဖွဲ့ဝင် တိုးမြှင့်ပေးလိုက်ပြီးတော့ (စရဖ) ညွှန်ချုပ်တာဝန်ကို လုံးလုံးပေးလိုက်တဲ့သဘောလို့ ယူဆလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းမှူးအကုန်လုံးကို သူတို့ တန်းတူထားရမယ်လေ။ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးကျမှ ဒုတိယ ဗိုလ်ချုပ်ကြီးထားပြီးတော့ တခြားစစ်တိုင်းကို ဗိုလ်ချုပ်တွေပဲထားပြီးတော့ စစ်တိုင်းမှူးတွေထဲမှာ သူတို့အနေနဲ့ ခွဲခြားတဲ့သဘောသက်ရောက်တယ်၊ အရင်က ဗိုလ်ချုပ်ကြီးခင်ညွန့်လို နအဖအဖွဲ့ဝင်အဖြစ်နဲ့ ရာထူးတဆင့်မြှင့်သွားတာပေါ့လေ"သူ၏ သုံးသပ်ချက်ကို ဒီဗွီဘီအားပြောပြသွားခဲ့သည်။

ဦးဌေးအောင်က ဗိုလ်ချုပ်မြင့်ဆွေအား ဒုတိယ ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးပေးပြီး (စရဖ) အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သော်လည်း အားနည်းချက်များစွာရှိကြောင်း ရန်ကုန်ဗုံးကွဲမှု၊ မြန်မာပြည်အရပ်ရပ်ရှိ ဗုံးကွဲမှုတို့၏တရားခံကို ယခုချိန်ထိ ဖမ်းဆီးအရေးယူနိုင်ခြင်းမရှိသေးကြောင်း၊ ယခုကဲ့သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပုဂ္ဂိုလ်ရေးအလွန်ရင်းနှီးသူ ဗိုလ်ချုပ်မြင့်ဆွေအား ရာထူးတိုးမြှင့်ခန့်ထားမှုသည် ထိပ်ပိုင်းခေါင်းဆောင်နှစ်ဦးကြားအား ပြိုင်မှုဆက်လက်ရှိနေသေးသည်ကိုဖော်ပြနေသည်မှာ သေချာကြောင်း ပြောသည်။

အငြိမ်းစား ဒု ဗိုလ်မှူးကြီးအေးမြင့်က ဗိုလ်ချုပ်မြင့်ဆွေနှင့်ပတ်သက်၍ "မြင့်ဆွေဆိုတာကတော့ ကျနော်တပ်ထဲနေတုန်းကလည်း မမြင်ဖူးဘူး။ နာမည်လဲမကြားဘူးလို့ သူ့အကြောင်းတော့ ဘာမှမသိဘူး။ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ မြင့်ဆွေဟာ ဗိုလ်ခင်ညွန့်ရဲ့ဖင်ဖျား တောင်မမီပါဘူး။ မီမယ်လို့လည်း မထင်ဘူး။ မမီလို့လည်း အခု ဗုံးတွေကွဲလိုက်၊ ဗိုလ်ချုပ်ခင်ညွန့်လုပ်ထားခဲ့တဲ့ နားလည်မှုနဲ့ ရထားတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့လည်း အခုကမောက်ကမ ဖြစ်နေတာပေါ့ "ဝေဖန်ပြောကြားသည်။ ❖

# မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက် ကန့်သတ်ထိန်းချုပ်မှုအများဆုံးနိုင်ငံဖြစ်



Myanmar ICT Park

အင်္ဂလန်၊ အမေရိကန်နှင့် ကနေဒါ အခြေစိုက် နာမည်ကျော်တက္ကသိုလ်များမှ သုတေသီများနှင့် ပူးပေါင်းဖွဲ့စည်းထားသော (Open Net Initiative) အဖွဲ့က မြန်မာစစ်အစိုးရသည် အင်တာနက်ကို ကန့်သတ်ထိန်းချုပ်မှု အများဆုံးနိုင်ငံတခုဖြစ်ကြောင်း အောက်တိုဘာ (၁၃) ရက်နေ့က ထုတ်ပြန်သည့် (Internet Filtering In Burma) ၂၀၀၅ အစီရင်ခံစာတွင် ဖော်ပြထားသည်။ စာမျက်နှာ (၂၅) မျက်နှာပါ အစီရင်ခံစာတွင်မြန်မာနိုင်ငံသည် အင်တာနက်နှင့်ပတ်သက်၍ ကန့်သတ်ထိန်းချုပ်မှု အများဆုံးနိုင်ငံတခုဖြစ်ကြောင်း၊ ထိန်းချုပ်မှုများလျော့နည်းသွားမည့်လက္ခဏာလည်း မမြင်သေးကြောင်း ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ကွန်ပျူတာဈေးနှုန်းနှင့် အင်တာနက်သုံးစွဲမှု ကုန်ကျစရိတ်သည် လူအများစုမလိုက်နိုင်သည့် အခြေအနေတွင်ရှိနေပြီး အင်တာနက်သုံးစွဲသူ တပြည်လုံးတွင် သုံးသောင်းခန့်သာရှိကြောင်း သိရသည်။ တယ်လီဖုန်းလိုင်းများ၏ ညံ့ဖျင်းမှုကြောင့် အင်တာနက်တိုက်ရိုက် ဆက်သွယ်မှုတွင် နှေးကွေးပြီး အကြမ်းဖျင်းအားဖြင့် (25kb per second) မျှသာရှိသည်။ အခမဲ့သုံးစွဲနိုင်သည့် ဝက်ဘ်ဆိုက်များ၊ နိုင်ငံရေးအတိုက်အခံများနှင့် မြန်မာနိုင်ငံဒီမိုကရေစီပြောင်းလဲရေးအတွက် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုက်များ၊ ညစ်ညမ်းပုံပါသည့် ဝက်ဘ်ဆိုက်များအားလုံးကို ပိတ်ဆို့ထားပြီး ဆင်ဆာဖြတ်တောက်မှုစနစ်သည်ကမ္ဘာပေါ်တွင် အတင်းကျပ်ဆုံးဖြစ်သည်ဟုဆိုသည်။ (yahoo , hotmail) အပါအဝင် အခမဲ့ အီးမေးလ်ဝက်ဘ်ဆိုက်များအားလုံးကို ပိတ်ဆို့ထားပြီး စာဝင်စာထွက်ကို စစ်ဆေးနိုင်သည် (Mail4 You) နှင့် (MPP) မေးလ်နှစ် ခုကိုသာခွင့်ပြုထားသည်ဟု သိရသည်။ ထိုသို့ ပိတ်ဆို့ရန်အတွက် ကယ်လီဖိုးနီးယားအခြေစိုက်ဖော်တီနက် (Fortinet) မှ ထုတ်လုပ်သည့် (Fortiguard) ဆော့ဖ်ဝဲကို အသုံးပြုနေကြောင်းသိရသည်။ (Fortinet) ကုမ္ပဏီ၏ ပြောခွင့်ရပုဂ္ဂိုလ် (Michelle Spolver) က ၎င်းတို့၏လုပ်ငန်းများကို ဖြန့်ဖြူးပေးသူ မြန်မာပြည်တွင် တဦးမှမရှိကြောင်း၊ ၎င်းတို့ပစ္စည်းကို မှာယူသောကုမ္ပဏီများသည် အမေရိကန်ပြည်ထောင်စု၏ စည်းမျဉ်းဥပဒေများကိုလိုက်နာရကြောင်း၊ ဥပဒေတွင် စီးပွားရေးအရ တားမြစ်ပိတ်ပင်ထားသည့် အစိုးရများကိုရောင်းချခြင်းမှ တားမြစ်ထားခြင်းလည်း ပါဝင်ကြောင်းပြောသည်။

သူမက ''သူတို့ ကျမတို့ရဲ့ ဆော့ဖ်ဝဲကို ဘယ်လိုရသွားလဲ မသိပါဘူး။ ဒါကို (E-Bay) ကနေရသွားတာဖြစ်နိုင်ပါတယ်''ဟု ပြောသည်။

(Spolver) က သူတို့ကုမ္ပဏီအနေဖြင့် ယခုကိစ္စကို စုံစမ်းမည်ဖြစ်သော်လည်း မြန်မာစစ်အစိုးရက ၎င်းတို့၏ဆော့ဖ်ဝဲကို အသုံးပြုခြင်းအတွက် တစုံတရာအရေးယူဆောင်ရွက်ရန်မှာ မသေချာကြောင်းပြောသည်။

မြန်မာပြည်ရှိ နိုင်ငံတကာအင်တာနက် စာမျက်နှာမျိုးစုံကို ဖတ်ရှုချင်သော လူငယ်များသည် အင်တာနက်ပိတ်ဆို့မှုကိုကျော်လွှားနိုင်သော (pass website) များ၊ (hidden website) များနှင့် (Software) အချို့ကို ရှာဖွေအသုံးပြုကြရပြီး၊ အခမဲ့ ဝက်ဘ်ဆိုက်တခုလုသုံးများလာ၍ အစိုးရက ပိတ်ပစ်လိုက်တိုင်း (E-mail) အသစ် ပြောင်းနေရသည့်အတွက် ကြောင်နှင့်ကြွက်လိုက်တမ်းပြေးတမ်းကစားနေရသကဲ့သို့ ဖြစ်နေသည်ဟု ရန်ကုန်ရှိ အင်တာနက်သုံးစွဲသူတဦးကဆိုသည်။

❖

# စစ်ထောက်လှမ်းရေးပြုတ်များ ဗဟိုတရားရုံးသို့ အယူခံလွှာတင်သွင်း

ထောင်ဒဏ်နှစ်ရှည်ချထားခြင်းခံနေရသည့် ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့်၏ စစ်ထောက်လှမ်းရေးအဖွဲ့ဝင် (၅၀) ကျော်ခန့်သည် ဗဟိုတရားရုံးသို့ အယူခံလွှာများ တင်သွင်းခဲ့ကြသည်ဟု သိရှိရသည်။ အယူခံလွှာတင်သွင်းသူများထဲတွင် ဗိုလ်ချုပ်ခင်ညွန့်၏သား ဗိုလ်မှူးဇော်နိုင်ဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖကြား ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ယူခဲ့သူ ဗိုလ်မှူးချုပ် သန်းထွန်းတို့ပါဝင်သည်ဟု ရန်ကုန်ရှေ့နေအသိုင်းအဝိုင်းက ဒီဗွီဘီအသံလွှင့်ဌာနသို့ ပြောသည်။

အယူခံလွှာတင်သွင်းသည့်စာရင်းကို စက်တင်ဘာလ (၃၀) ရက်နေ့တွင် ဗဟိုတရားရုံးချုပ်မှ တရားဝင်စာရင်းထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး အောက်တိုဘာ တတိယပတ်တွင် အပြီးသတ် ကြားနာစစ်ဆေးမည်ဖြစ်သည်။ အယူခံလွှာတင်သွင်းသူအများစုမှာ အင်းစိန်ထောင်မှဖြစ်ပြီး ဗိုလ်ချုပ်ခင်ညွန့်၏ လက်ထောက်များဖြစ်သော ဗိုလ်မှူးချုပ် သန်းထွန်း၊ ဗိုလ်မှူးကြီးစန်းပွင့်၊ ဗိုလ်မှူးကြီးမြတ်သူနှင့် (BSI) ခေါ် အထူးစုံစမ်းရေးစသုံးလုံးညွှန်ချုပ်ဦးထွန်းလှအောင်တို့ ပါဝင်သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်၏သားဖြစ်သူ ဗိုလ်မှူးဇော်နိုင်ဦးသည် ပုသိမ်ထောင်မှ အယူခံလွှာတင်သွင်းခြင်းဖြစ်သည်။

စက်တင်ဘာ (၃၀) ရက်၊ ဗဟိုတရားရုံးရှေ့နေကြေညာချက်တွင် ဟင်္သာတ၊ သာယာဝတီ၊ သရက်၊ လွိုင်ကော်၊ ဘူးသီးတောင်၊ စစ်တွေနှင့် တခြားထောင်အသီးသီးတွင် ထောင်ဒဏ်ကျခံနေကြရသော ထောက်လှမ်းရေးဟောင်းများသည်လည်း အယူခံလွှာအသီးသီး တင်သွင်းခဲ့ကြကြောင်း ဖော်ပြထားသည်။

စစ်ထောက်လှမ်းရေးပြုတ်များ ယခုကဲ့သို့ အစုအပြုံအလိုက်အယူခံလွှာ တင်သွင်းခြင်းနှင့်ပတ်သက်၍ ရှေ့နေတဦးဖြစ်သူ နိုင်ငွေရက ''အင်းစိန်အကျဉ်းထောင်ကနေတဆင့် ထောင်မှူးကတဆင့် ပြောတဲ့လူဆီကတက်တယ်။ ဒီလိုဆိုရင်သေချာအောင် သူတို့ရှေ့နေငှားနိုင်တယ်။ ဒါပေမယ့် တရားဥပဒေတွေကို ရှေ့နေတွေကဆောင်ရွက်တာကို သူတို့မယုံကြည်ဘူးပေါ့ဗျာ။ တရားဥပဒေအရ ရပိုင်ခွင့်ကိုရဖို့အတွက် သူတို့ကိုမယုံကြည်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သိတဲ့အတိုင်းပဲ အရင်တုန်းကသူတို့ လုပ်ပိုင်ခွင့်ကိုသူတို့ အသုံးချပြီးတော့ ဘယ်နေရာမဆိုဘောင်ကျော်ပြီးတော့လုပ်တာကိုး။ အဲဒီတော့ ရှေ့နေရှေ့ရပ်နဲ့ကြားနာတဲ့ကိစ္စကို ယုံကြည်မှုသိပ်မရှိဘူး။ သူတို့ ဒီအာဏာသုံးဖို့အတွက်ပဲယုံကြည်တဲ့သဘောမျိုး သက်ရောက်တယ်။ ဒါကြောင့် သူတို့ရှေ့နေမငှားတာ''ဟု ၎င်း၏ ထင်မြင်ချက်ကိုပြောသည်။

အမှု၏ ရှေ့အလားအလာနှင့်ပတ်သက်၍ ဦးနိုင်ငွေရက ''ဘယ်လိုဆက်ဖြစ်လာမလဲဆိုရင် တရားရုံးချုပ်က မူလတရားရုံးရဲ့ အမိန့်ကို အတည်ပြုရင်လည်းပြုမယ်။ ဒါပယ်ဖျက်ရင်လည်းပယ်ဖျက်မယ်၊ ဒါမှမဟုတ်ရင် သူတို့ကိုပြစ်ဒဏ်ကို လျှော့ချင်လည်းလျှော့မယ်။ အဲဒီ ၃ မျိုးပေါ့။ ဒီ ၃ မျိုးကိုတရားရုံးချုပ်က လုပ်ပိုင်ခွင့်ရှိပါတယ်။ နိုင်ငံရေးအရတော့ သူတို့လူကို သူတို့ထုတ်ချင်လို့ရှိရင် သူတို့ဒါပြင်လို့ရတယ်ပေါ့ဗျာ။ သူတို့လူကို မလွှတ်ချင်ဘူးဆိုရင် မူသုံးမယ်ပေါ့။ ဆက်လက်အတည်ပြုပေါ့ ဒါပဲပေါ့ ''ပြောသည်။

ထောင်ဒဏ် (၄၄) နှစ် ချမှတ်ခြင်းခံရသူ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆိုင်းငံ့ထောင်ဒဏ်သို့ပြောင်းလဲ၍ နေအိမ်အကျယ်ချုပ်ဖြင့်နေရန် ဖန်တီးနိုင်ခဲ့သောကြောင့် ထောက်လှမ်းရေးဟောင်းများနှင့် လက်ရှိ ဗိုလ်ချုပ်ကြီးများမည်ကဲ့သို့ အပေးအယူ လုပ်ကြဦးမည်လဲဟု ဥပဒေသမားများနှင့် နိုင်ငံရေးစိတ်ဝင်စားသူများက အသေအချာစောင့်ကြည့်နေကြောင်း သိရှိရသည်။

❖

■ မျက်နှာဖုံး အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ သတင်းမှ ...

ပြည့်စုံစုံ တင်ပြသွားခဲ့ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုလို ဖြစ်ပျက်နေသော်လည်း စိတ်မပျက်၊ အားမလျှော့ကြရန်၊ နိုင်ငံသားများ လူ့အခွင့်အရေးချိုးဖောက်ခံရမှုမှ လွတ်မြောက်ရေးကို ဆက်လက်ကြိုးပမ်းကြရန် ကုလသမဂ္ဂ နှစ် (၆၀) ပြည့်အခမ်းအနားတွင် တင်သွင်းသော ၎င်း၏အစီရင်ခံစာတွင် ဖော်ပြတိုက်တွန်းထားသည်။

ကုလသမဂ္ဂသို့ အစီရင်ခံစာတင်သွင်းပြီး တရက်အကြာတွင် မစ္စတာပင်ညဲရိုးက နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် တင်းတင်းမာမာ ချဉ်းကပ်လုပ်ဆောင်နေမှုများသည် ပြဿနာပြေလည်စေမည်မဟုတ်ကြောင်း၊ အနောက်နိုင်ငံများသည် ဗမာစစ်အစိုးရအပေါ် သူ့အဆို ''ကျယ်ကျယ်လောင်လောင်ပြောဆိုသည့် ဒီပလိုမေစီ (megaphone diplomacy)''ကို ကျင့်သုံးနေကြကြောင်း ဝေဖန်ပြောဆိုသည်။

မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် လုပ်ဆောင်ခြင်းသည်လည်း မြန်မာနိုင်ငံ ရှေ့သို့တက်လှမ်းရေးအတွက် အထောက်အကူ သိပ်ဖြစ်စေမည်မဟုတ်ဟု ၎င်းက ပြောဆိုသည်။

❖

စာမျက်နှာ (၄) ဇွန်မှိုင်းဆောင်းပါးမှ ....

လာနေတာ အသေအချာပါပဲ။

ဘယ်လိုမှ မယိုင်တာကတော့ ဆရာစိတ်ဓာတ်နှင့် ဆရာ့ယုံကြည်ချက်။

''ဘီးလ်ရစ်ချဒ်ဆန် ရှေ့မှောက်မှာ သူပြောသမျှတွေကို ထောင်အာဏာပိုင်တွေထံ တလုံးမကျန် အစီရင်ခံကြမှာဖြစ်တာကို ကောင်းကောင်းသိလျက်နဲ့ နအဖကြီးကြပ်တဲ့ အမျိုးသားညီလာခံကို အမြင်ရှင်းရှင်းနှင့် ပြတ်ပြတ်သားသား ဝေဖန်ပြောပြတဲ့အပြင် ကျမဆီကိုလည်း လေးနက်ခိုင်မြဲစွာ ချွင်းချက်မရှိထောက်ခံကြောင်းကို သတင်းပို့ပါတယ်'' တဲ့။

ဒေါ်စုဟာ ဆရာဦးဝင်းတင်ကို တော်တော်အားထားပါတယ်။

နှစ်ဦးလုံးအဖမ်းမခံရသေးခင် ၁၉၈၉ ဇွန်၊ ဇူလိုင်လတွေထဲက ....

''မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ'' ဆိုတဲ့ အာဏာဖီဆန်ရေးနှစ်ကာလတွေကိုတော့ ကျနော်တို့ အမြဲအမှတ်ရနေကြပါတယ်။

တကယ်ဆိုရင် .... အခုလည်း အဲဒီကာလရဲ့ ရာသီဥတုအတိုင်းပါပဲ။

ဒါပေမယ့် .... ဒီကနေ့မှာတော့ ဆရာကလည်း သံတိုင်တွေနောက်မှာ၊ ဒေါ်စုကလည်း သော့ဂလောက်တွေရဲ့နောက်မှာ....။

(၉)

နယ်ခြားမဲ့သတင်းထောက်များအသင်းကြီးကတော့ .... ဆရာဟာ ကျူးဘားနိုင်ငံက ကဗျာဆရာ၊ သတင်းစာဆရာ ရာအိုလ်ရီဗားရိုး (Raul Rivero)၊ တရုတ်နိုင်ငံက အင်တာနက်အခွင့်အရေးလှုပ်ရှားသူ ဟွန်ကျီ (Huang Qi)၊ ရုရှားနိုင်ငံက သတင်းစာဆရာ ဂရေဂိုရီပါစကို (Grigori Pasco)၊ အီရန်နိုင်ငံက ရေဇာအလီဂျာနီ (Reza-Alijani) တို့လို သတင်းလွတ်လပ်ခွင့်တိုက်ပွဲရဲ့ သူရဲကောင်းတယောက်ပါပဲတဲ့။

ဆရာအမြန်ဆုံးလွတ်ဖို့အတွက် သူတို့အတတ်နိုင်ဆုံး ကြိုးစားကြမှာပါတဲ့။

(၁၀)

ဆရာဟာ ကျောင်းမပြီးခင် အချိန်ပိုင်းသတင်းထောက်ဘဝကတည်းကနေ ဟံသာဝတီသတင်းစာတိုက်ကို ဗိုလ်နေဝင်းက လုံးဝဖျက်သိမ်းလိုက်တဲ့ အချိန်ထိ ဒီပဋိညာဉ်နှင့် ရပ်တည်ခဲ့တာပါ။

ဆရာကိုယ်တိုင်ပြောပြတာက ....

''ပြည်သူမျက်နှာကိုမထောက်၊ ပြည်သူ့အကျိုးကို ဖောက်ဖျက်သူတို့က ချော့၍လည်းကောင်း၊ ခြောက်၍လည်းကောင်း၊ မြှောက်၍လည်းကောင်း၊ တောင်းပန်တိုးလျှိုး၍လည်းကောင်း၊ အမိန့်အာဏာသုံး၍လည်းကောင်း၊ အကြမ်းဖက်အကြပ်ကိုင်၍လည်းကောင်း၊ ပြည်သူအများနှင့် သက်ဆိုင်သော၊ ပြည်သူအများကို အကျိုးပြုသော၊ ပြည်သူအများသိသင့်သိထိုက်သော သတင်းများကို ဖုံးဖိခြင်း၊ ပြည်သူ့နားမျက်စေ့ကို ပိတ်ဆို့ခြင်းဖြင့် ပြည်သူကို အကြံတုံး၊ ဉာဏ်တုံး၊ နလပိန်းတုံးဖြစ်စေအောင်၊ အမဲကို အဖြူဖြစ်အောင်၊ အတုံးကို အချွန်ဖြစ်စေအောင်၊ အချဉ်ကို အချိုဖြစ်စေအောင်၊ အမှောင်ကို အလင်းဖြစ်စေအောင်၊ အမှားကို အမှန်ဖြစ်စေအောင် ရေးခိုင်း သားခိုင်း၊ လိမ်ခိုင်း ညာခိုင်း၊ ရွဲ့ခိုင်း စောင်းခိုင်း၊ တိမ်းခိုင်း ယိမ်းခိုင်း၊ ဖုံးခိုင်း ဖိခိုင်းခြင်းမှန်သမျှကို ကိုယ့်ရာထူး ကိုယ့်စီးပွားငဲ့ကွက်လျက်၊ မကျို့မယို့၊ မရွံ့မကြောက်၊ ဒူးမထောက် အညံ့မခံဟူသော ပဋိညာဉ်ပင်ဖြစ်ပါသည်။''

သတင်းစာသမားတဦးအနေနှင့်ပဲဖြစ်ဖြစ်၊ နိုင်ငံရေးသမားတဦးအနေနှင့်ပဲဖြစ်ဖြစ် ....

ဆရာဟာ အရဲရင့်ဆုံး၊ အပြတ်သားဆုံးနှင့် ကျနော်တို့ရှေ့က ဦးဆောင်လျှောက်လှမ်းနေပါပြီ။

(၁၁)

ဒီရာသီဥတုမျိုး၊ ဒီရပ်တည်ချက်မျိုးနဲ့ဆို ဆရာ့ကို တော်တော်နဲ့လွှတ်လိမ့်မယ်လို့ ကျနော်လည်းမထင်ဘူး။

အပြင်မှာဆရာရှိရင် အဲန်အယ်လ်ဒီအတွက်ရော၊ ကနေ့အခြေအနေကြီးတခုလုံးအတွက်ပါ အင်မတန်အားဖြစ်မှာပါ။

ဒါကို စစ်အုပ်စုက သေသေချာချာ သဘောပေါက်ပါတယ်။ ဘယ်သူဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ သူတို့ကောင်းကောင်းသိပါတယ်။

ဒါပေမယ့်လို့လည်း ကျနော်ကတော့ အမေလူထုဒေါ်အမာရဲ့ (၉၀) နှစ်မြောက်မွေးနေ့ကို ဆရာတက်ခွင့်ရစေချင်မိတယ်။

အမေကျန်းမာရေးကောင်းနေတုန်း ဆရာကို စကားတွေပြောချင်ရှာလိမ့်မယ်။

'ဆရာဒေါ်ဒေါ် ဆရာ့ကို မျှော်နေပြီ' ဆရာ ....

ပြီးတော့ မယ်ဇယ်ပင်တန်းတွေကရော၊

တောင်သမန်အင်းရဲ့ လှိုင်းခတ်သံတွေကရော၊ ဦးပိန်တံတားကြီးကရော၊ တောင်လေးလုံးကျောင်းတိုက်ကရော ဆရာရောက်အလာကို စောင့်မျှော်နေကြပါတယ်။ ။

(*မြန်မာသတင်းသမဂ္ဂနှင့် ဉဒါန်းမဂ္ဂဇင်းကို အထူးကျေးဇူးတင်စွာဖြင့်*)

ဇွန်မှိုင်း
၂၁၊ ၆၊ ၂၀၀၅။

လူတယောက်ကို ထောင်ချလို့ရပေမယ့် မင်္ဂလာတရားတွေနဲ့ အပြုသဘောဆောင် စိတ်ဓာတ်တွေကိုတော့ ဖျက်ဆီးလို့မရပေဘူး။ မင်္ဂလာရှိတဲ့ဖြစ်ရပ်တွေဟာ အမိုက်အမဲတွေနဲ့ အမင်္ဂလာဖြစ်ရပ်တွေကြောင့် ပိုလို့ထင်ရှားပေါ်လွင်လာရတယ်ဆိုတာ မစုစုနွေးကို စီရင်ချက်ချတဲ့နေ့က ပြသ လိုက်ပါတယ်။ အလင်းဓာတ်ဟာ အမှောင်ဓာတ်ကြောင့် ပိုထွန်းတောက် ပျံ့နှံ့စမြဲပေပဲကိုး။

မစုစုနွေးရဲ့တရားရုံးနဲ့ အတွေ့အကြုံတွေကို ပြန်ပြောပြတာတွေကြားရတဲ့အခါ မတရားရက်စက်မှု အမှောင်ကြားက လှပတဲ့ဖြစ်ရပ်တရပ်ကို ကျနော်မြင်နေရပါတယ်။ အဲဒီမြင်ကွင်းလေးဟာ ကျနော်တို့ရဲ့ မျှော်လင့်ချက်လည်းဖြစ်တယ်။ အနာဂတ်လည်းဖြစ်တယ်။ ပစ္စုပ္ပန်အမှောင်ထုကို ဘယ်လိုရင်ဆိုင်ဖြိုခွင်းရမယ်ဆိုတဲ့ မဟာဗျူဟာ သင်္ကေတတရပ်လည်းဖြစ်တယ်။ ဒါတွေတင်မကဘူး ဒါဟာ ဝတ္ထုတိုတပုဒ်ရဲ့ လှပတဲ့အကွက်လည်းဖြစ်တယ်။ ရုပ်ရှင်တကားရဲ့ မျက်ရည်ဝေ့ဝဲ ကြည်နူးစရာ ရိုက်ချက်တချက်လည်းဖြစ်တယ်။ ရင်ထဲဖွံ့သွားတဲ့ စန္ဒရားတီးလုံးလဲဖြစ်တယ်။ ဆေးပျစ်ပျစ်တွေကို အခဲလိုက်တင်ထားတဲ့ အရောင်နိုးကြွ အင်ပရက်ရှင်းနစ် ပန်းချီကားတချပ်လည်းဖြစ်တယ်။ ဒါတင်လား မကသေးပါဘူး။ နိုင်ငံတကာအတွက် အချိုးမကျလှတဲ့ ကိုးရိုးကားရား လူပျက် ပျက်လုံးတရပ်လည်း ဖြစ်ပါသေးတယ်။

အဲဒီမြင်ကွင်းလေးကို ပြန်ကြည့်ပြီး ကျနော်တို့ရဲ့ စိတ်ဖန်သားပြင်မှာ ပြန်ဖွင့်ကြည့်ကြရအောင်။ ပါးလျားလျား မိန်းမပျိုလေးတယောက်ဟာ သူ့အပေါ် ချမှတ်မယ့် စီရင်ချက်နားထောင်ဖို့ တရားရုံးထဲဝင်လာတယ်။ တရားရုံးမှာ သူ့ရှေ့က တောသားကြီးတွေက ဆောင့်ကြောင့်ထိုင်သူထိုင်၊ ဒူးထောက်ထိုင်သူထိုင်၊ သူတို့မျက်လုံးတွေက စကားတွေ အများကြီးပြောနေကြလို့၊ မေးခွန်းတွေလည်းဖြစ်ကောင်းဖြစ်လိမ့်မယ်။ တချို့က တရားသူကြီးရဲ့နောက်ကွယ်က နိုင်ငံတော်သင်္ကေတ နီပြာဖြူအလံကြီးကို မေ့နေလိမ့်မယ်။ တချို့က တရားသူကြီး နာမည်ခံထားတဲ့ အမျိုးသမီးကို ကြည့်နေလိမ့်မယ်။ တချို့က မစုစုနွေးလို့ခေါ်တဲ့ ပါးလျားလျား မိန်းမပျိုလေးကို အံ့ဩလေးစားစွာနဲ့ ငေးနေလိမ့်မယ်။

လူ (၃၀၀) ရှိရင် လူ (၃၀၀) လုံးရဲ့ စိတ်မှာ ထင်ဟပ်ချက်တွေ အမျိုးမျိုး ဟိုတကွက် ဒီတကွက်က ပြန်ပေါ်နေလိမ့်မယ်။ တချို့က လုပ်အားပေးမလိုက်ချင်လို့ သံလုံးကို ပေးခဲ့ရတဲ့ပိုက်ဆံတွေ စာရင်းပြုစုနေကောင်းပြုစုနေပေလိမ့်မယ်။ တချို့က သေလောက်အောင် အလကားမတ်တင်း လုပ်ပေးရစဉ်က ဆုံးခဲ့ရတဲ့ပေါက်တူးတွေ၊ ပေါက်ပြားတွေ၊ ခြင်းကြားတွေ ဖျတ်ကနဲ ဖျတ်ကနဲတွေ့နေမယ်။ ဒီကြားထဲမှာ ဗိုလ်ချုပ်ဆိုတဲ့ ပြန်ကြားရေးဝန်ကြီးက အဓမ္မလုပ်အားပေးစေခိုင်းတာကို ဘယ်လို အရေးယူခဲ့တဲ့အကြောင်းရှင်းလင်းနေတာ ကျေးလက်သားကြီးတယောက်က အမှတ်ရပြီး နှုတ်ခမ်းတွန့် ပြုံးမိကောင်း ပြုံးမိနေပြန်ဦးမယ်။ တနေ့ ရွာမှာတော့ သံလုံးကို ဆက်ခံခဲ့တဲ့ ရွာလူကြီး ထိုင်နေလေရဲ့။ သူက တရားလို။ တရားလိုလုပ်တာနဲ့ တရားခံဘဝက ကျွတ်သွားမယ်ထင်တဲ့သူ ငါလိုလူတွေအများကြီး စစ်ဝတ်စုံဝတ်ထားကြတယ်လို့ သူတွေးကောင်းတွေးနေမှာပေါ့။ သံလုံးလူကွ၊ နှစ်လုံးမရှိဘူး တလုံးပဲရှိတယ်။ ခပ်လုံးလုံး စစ်ဗိုလ်တွေကိုလုံးပြီး မိုက်တာမှတ်ထားလို့ စိတ်ထဲကကြိမ်းဝါးကောင်း ကြိမ်းဝါးနေမှာပေါ့။

တရားသူကြီးလို့ အမည်ခံထားတဲ့အမျိုးသမီးက စီရင်ချက်ကိုစဖတ်တယ်။ စီရင်ချက်ရေးထားတဲ့စာရွက်က တရားသူကြီးလက်မှာ မတရားကြီးကို လေးနေတဲ့ပုံပါပဲ။ ဘယ်လိုမှ ထိန်းလို့မရချေဘူး။ လက်တွေက တုန်နေလို့ အဲသလိုတုန်နေတာကိုပဲ လူတွေမြင်မှာကြောက်နေပြန်တယ်။ အဲသလိုစိုးရိမ်လေ လက်တွေကို ထိန်းလို့မရလေဖြစ်နေရှာရဲ့။ အလုပ်အကျင့်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ချင်လောက်အောင် သတ္တိမရှိတဲ့ ပညာသည် တယောက်ဟာ ကိုယ့်နာမည်နဲ့ချတဲ့စီရင်ချက်ကို ငြိမ်အောင်ကိုင်လို့မရတာ မဆန်းလှပေဘူး။ မစုစုနွေးက တရားသူကြီး နာမည်ခံအမျိုးသမီးကို ကြည့်နေတဲ့အခါ စင်ပေါ်က အမျိုးသမီးက မျက်နှာလွှဲလိုက်တယ်။ မျက်နှာတွေကို မျက်နှာပြည့် အနီးကပ် ရုပ်ရှင်ရိုက်ပြီး ဘယ်သူတရားခံ၊ ဘယ်သူ တရားသူကြီးလဲဆိုတာ အာဆီယံထိပ်သီးညီလာခံမှာ ပဟေဠိဖွဲ့လို့ အဖြေမှန်ညှိတဲ့အခါ ဩဇသည်တော် တရုတ်ဝန်ကြီးချုပ် ပါးစပ်အဟောင်းသားကြီး ဖြစ်နိုင်သေးတာပေါ့။ အိုးမိုင် တိန့်ရှောင်ဖိန်ကြီး သူရှုတ်နေလောက်တယ်။

ထောင်ကားပေါ်မတက်မီ မစုစုနွေးကို ပန်းစည်းဆက်ကြတာကတော့ ရဲသားလေးအဖို့ အထူးအဆန်းဖြစ်နေနိုင်ပါတယ်။ အလုပ်တလျှောက်လုံး တရားရုံးမှာ ဘယ်တရားခံကိုမှ ပန်စည်းဆက်တာ သူမတွေ့ဘူးခဲ့ပေပဲကိုး။ အဲလမ်းပေါ်မှာ ပန်းစည်းဆက်တာတော့ တွေ့ဖူးပါရဲ့။ ဒါပေမယ့် ဒါက ဗိုလ်ချုပ်တွေကို၊ အာဏာမရှိသူကို ဘာကြောင့် ပန်းစည်းဆက်ကြပါလိမ့်လို့ သူဆက်တွေးကောင်းတွေးနေပြန်ဦးမယ်။ စီရင်ချက်ချလိုက်တဲ့အခါ အေးအေးဆေးဆေးနဲ့ စီရင်ချက်ကို နားထောင်နေတဲ့ မစုစုနွေးရဲ့သတ္တိဟာ ထောင်ကနေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတိုက်ပွဲဝင်နေသူတွေကို ကိုယ်စားပြုပါတယ်။

ထောင်ကားဆီကို လျှောက်သွားတဲ့အခါ မစုစုနွေးဘေးမှာ လိုက်လံစောင့်ရှောက်တဲ့ နာမည်ကြီးကျောင်းသားခေါင်းဆောင် (၂) ယောက်ကို ဘေးကလာကြည့်တဲ့ ကျောင်းသားလေးတယောက်က ငေးနေမိလိမ့်မယ်။ ဘယ်လောက် မင်္ဂလာရှိလေမလဲလို့ သူတွေးနေမိလိမ့်မယ်လေ။ ခေါင်းဆောင်ဆိုတာ ဒါလို့လည်းရင်ထဲမှာ မြင်စိမ့်နေလိမ့်မယ်။ လူထု ခံစားသလို ခံစားတယ်ဆိုတာ ဒါလူထုကို အလေးထား ဂရုစိုက်တာ။ ဒါ ခေါင်းဆောင်ကောင်းနဲ့ သာမန်ခေါင်းဆောင်ရဲ့ ကွာခြားချက်က ဒါ ….ဒါ …. ဒါ …. ဒါလို့ ဒါပေါင်းများစွာကို သူသိပ်ပြောချင်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေမှန်းပြီး စိတ်ထဲကပြောနေလိမ့်မယ်။

ကော့မှူးမြို့ပေါ်နဲ့ ရွာတွေမှာတော့ မစုစုနွေးအမှုကို အိုင်အယ်လ်အိုအမှုလို့ ခေါ်ကြလိမ့်မယ်။ ဒါပေမယ့် ရန်ကုန်မြို့က နအဖ အစိုးရအစည်းအဝေးမှာတော့ ဗိုလ်ချုပ်ကြီးတွေက ကော့မှူးသားတွေ အဲသလိုခေါ်တာကို ဘယ်လိုမှ သဘောမပေါက်ချင်ယောင်ဆောင် နေကြလိမ့်မယ်။ သံလုံးလူနဲ့ အပေါင်းအပါတွေက မစုစုနွေးကို ထိခိုက်အောင်လုပ်တာလား။ အစိုးရကို ထိခိုက်အောင်လုပ်တာလား။ ချေးမနိုင် သေးမနိုင် ကလေးလေးတယောက်က ခွဲခြားမသိနိုင်သလိုပဲ နအဖဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ အတွင်းရေးမှူး (၁) အတွင်းရေးမှူး (၂) တို့ ဦးဆောင်မှုအောက်မှာ ကက်ဘိနက်က ခွဲခြားသိနိုင်အောင် လုပ်လို့မရဖြစ်နေလိမ့်မယ်။ ဒါဟာ နယ်ချဲ့နဲ့ မီဒီယာရဲ့ လုပ်ကြံမှုတွေပဲလို့ ဂင်တိုတိုဗိုလ်ချုပ်တယောက်က ဝင်ပြောလိုက်တဲ့အခါ အင်မတန် ထွင်းဖောက်မြင်တဲ့ အမြင်တရပ်ကိုတင်ပြလိုက်သလို ဝိုင်းဝန်းထောက်ခံစိတ်သက်သာရာ ရှာကြပြန်အုံးမယ်။ သံလုံးရဲ့လူကို ဗိုလ်ချုပ်ကြီးတယောက်က ချီးကျူးလိုက်တဲ့အခါမှာတော့ ကြံ့ဖွတ်မှာ နေရာအဆင့်တိုးပေးဖို့ ရန်ကုန်တိုင်းကြံ့ဖွတ်ကို သူ့လက်ကိုင်ဖုန်းကနေ အမိန့်ပေးလိုက်ပေလိမ့်မယ်။

အဲ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာတော့ မစ္စတာရာဇာလီတယောက် ခေါင်းတခါခါဖြစ်နေရှာမှာပေါ့ ခင်ဗျာ ….။

# မစုစုနွေး၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ သံလုံးလူနဲ့ ဗိုလ်ချုပ်ကြီးများ
# (သို့မဟုတ်)
# အမှောင်ထဲက သူရဲဘောကြောင်သူတွေရဲ့ မိုက်မဲရမ်းကားမှု

**တင်မောင်သန်း**



# ဆိပ်ကမ်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း အဲန်အယ်လ်ဒီအယ်လ်အေ အထွေထွေအတွင်းရေးမှူးတာဝန် ပြန်လည်ထမ်းဆောင်မည်၊ ၂၀၀၆ နောက်ဆုံးတိုက်ပွဲအတွက် ပြည်တွင်းအဲန်အယ်လ်ဒီကို ဝန်းရံရေး ပါတီအင်အားစုများ ပြန်လည်စုစည်း



ဒေါ်စန်းစန်း

ပြည်ပရောက် ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွတ်မြောက်နယ်မြေ အဲန်အယ်လ်ဒီအယ်လ်အေတွင် ယခင် သူမ တာဝန်ယူခဲ့သော အထွေထွေအတွင်းရေးမှူးနေရာတွင် ပြန်လည်ထမ်းဆောင်ရန် အောက်တိုဘာလ (၂၇) ရက်နေ့က သဘောတူခဲ့သည်။

အသက် (၇၄) နှစ်ရှိပြီဖြစ်သော ဒေါ်စန်းစန်းက "ကျမအနေနဲ့ကလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်။ နိုင်ငံရေးသီလဆိုတာ ပါတီတွင်းမှာ စည်းလုံးညီညွတ်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်း ညီညွတ်ရမယ်၊ ရန်သူကိုလည်း မေတ္တာထားရမယ်လို့ သူကပြောတော့ ကျမတို့ အချင်းချင်းက ရန်သူမှ မဟုတ်တာလေ။ အဲဒီတော့ အားလုံး ပြုပြင်ပြောင်းလဲမယ်ဆိုတဲ့သဘောနဲ့ပြုပြင်ပြောင်းလဲပြီးတော့ ကျမတို့ အလုပ်လုပ်ကြတာပဲလို့၊ ကျမတို့က စည်းလုံးညီညွတ်ရေးကိုပိုပြီး အလေးထားလို့ပါ။ အိမ်တစ်အိမ်မှာ အမေတစ်ယောက် ငုတ်တုတ်ထိုင်နေတယ်ဆိုရင်ဘဲ ကျက်သရေရှိပြီဆိုတဲ့သဘောပါဘဲ" ဟုပြောသည်။

ဒေါ်စန်းစန်းက "အဲန်အယ်လ်ဒီက ကျမထွက်သွားပြီးတဲ့နောက် အခက်အခဲတွေ အများကြီးရှိသွားပါတယ်။ တချို့ (EC) တွေကလည်း နိုင်ငံခြားထွက်ကြပါတယ်။ အဲဒီတော့ လုပ်မဲ့ကိုင်မယ့်သူကလည်း သိပ်မရှိတော့ဘူး။ တချို့လူတွေကလည်း တခြားအလုပ်တွေ ဥပမာဆိုပါတော့ဗျာ တခြား ( Human Rights ) အလုပ်တွေရှိတဲ့အခါကျတော့ သိပ်ပြီးတော့ အယ်လ်အယ်ဒီ အလုပ်တွေကို သိပ် (Concentrate) မလုပ်နိုင်တဲ့ဟာတွေ ရှိတယ်လေ။ အဲန်အယ်လ်ဒီအယ်လ်အေကလည်း ဘာမှမလှုပ်ရှားနိုင်သလို ဖြစ်နေတဲ့အချိန်မှာ ကျမတို့နဲ့ ယခင်တုန်းက အဲန်အယ်လ်ဒီမှာ လုပ်လာခဲ့တဲ့ ဦးသန်းထွဋ်တို့ ဘာတို့နဲ့ ကျမတို့တိုင်ပင်ပြီးတော့ အတွင်းထဲက အဲန်အယ်လ်ဒီကတောင် သင်ပုန်းချေထားမှတော့ ကျမတို့အချင်းချင်းလည်း ပြန်လည်စည်းလုံးသင့်တယ်ဆိုပြီးတော့ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ဆွေးနွေးထားပါတယ်"ဟု သူမ အတွင်းရေးမှူးတာဝန်ကို ပြန်လည်လက်ခံခဲ့ရခြင်းနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

အဲန်အယ်လ်ဒီအယ်လ်အေမှ တာဝန်ရှိသူတဦးဖြစ်သည့် ဦးသန်းထွဋ်က "ဒီ (၂၀၀၅/၂၀၀၆) ဆိုတာ အဲန်အယ်လ်ဒီအတွက် အရေးကြီးဆုံးနှစ်ပဲ။ အဲန်အယ်လ်ဒီဟာ အတွင်းအဲန်အယ်လ်ဒီကနေ နောက်ဆုံးတိုက်ပွဲကို တိုက်ရတော့မယ့် အခြေအနေရှိပြီ။ အဲဒီလိုအခြေအနေမှာ အဲန်အယ်လ်ဒီအယ်အေဟာလည်း အဲန်အယ်လ်ဒီကို ကူညီရမယ့်အဖွဲ့လေ။ အရေးပါတဲ့ ( Branch) တခုအနေနဲ့ စွမ်းစွမ်းတမံ ပြန်လည်ပြီးတော့ အဲန်အယ်လ်ဒီတွေကို ပြန်ဝန်းရံရေး အဲဒါမျိုးလုပ်နိုင်ဖို့အတွက် ဒီပါတီမှာရှိတဲ့ အင်အားစုတွေကို စုစည်းတာပေါ့။ အဲဒီလိုစုစည်းတဲ့အထဲမှာ ဒေါ်စန်းစန်းတို့ရဲ့ အခန်းကဏ္ဍဟာ မဖြစ်မနေအရေးပါပြီး လိုအပ်တယ်" ဟု ပြောသည်။

ဒေါ်စန်းစန်းသည် ပြည်ပရောက် တဦးတည်းသော အမျိုးသမီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ရန်ကုန်တိုင်း ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ နအဖအကျဉ်းထောင်အတွင်း ထောင်အကြိမ်ကြိမ်ကျခဲ့ပြီး (၂၀၀၃) ခုနှစ်၌ ပြည်ပသို့ ထွက်ခွာလာခဲ့သည်။ (၂၀၀၄) ခုနှစ် ဒီဇင်ဘာလတွင် အဖွဲ့တွင်း မကျေလည်မှုများကြောင့် အဲန်အယ်လ်ဒီအယ်လ်အေ၏ အထွေထွေအတွင်းရေးမှူးတာဝန်မှ နှုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဒေါ်စန်းစန်း တာဝန်ပြန်လည်ထမ်းဆောင်သည်ကို အမေရိကန်အခြေစိုက် အိုင်အာရ်အိုင် (အင်တာနေရှင်နယ်ရီပတ်ဘလစ်ကန် အင်စတီကျူတ်) က ကြိုဆိုလိုက်ပြီး ယင်းအဖွဲ့က ယခင်အဲန်အယ်လ်ဒီအယ်လ်အေအပေါ် ရပ်ဆိုင်းထားသည့်အကူအညီအချို့ကို ပြန်ပေးရန်သဘောတူခဲ့သည်။

❖

# ကေအဲန်ယူဗဟိုမှ လူငယ်မျိုးဆက်သစ်ခေါင်းဆောင် သင်တန်းဆင်းပွဲ ကျင်းပ




ကေအဲန်ယူဗဟိုမှ လူငယ်မျိုးဆက်သစ်ခေါင်းဆောင် သင်တန်းဆင်းပွဲ အခမ်းအနား

ကရင်အမျိုးသားအစည်းအရုံး ကေအဲန်ယူဗဟိုမှ လူငယ်မျိုးဆက်ခေါင်းဆောင် သင်တန်းဆင်းပွဲကို (၂၈၊ ၁၀၊၂၀၀၅) ရက်နေ့တွင် ကရင်ပြည်နယ်လွတ်မြောက်ရေးဒေသတနေရာ၌ကျင်းပခဲ့သည်။ အဆိုပါသင်တန်းသည်မာနယ်ပလောမှ ဆုတ်ခွာခဲ့ရပြီးနောက် ခေါင်းဆောင်မျိုးဆက်လူငယ်များအား လေ့ကျင့်မွေးထုတ်ပေးရေးအတွက် ကေအဲန်ယူဗဟိုမှဖွင့်လှစ်ခဲ့သော ဒုတိယပတ်သင်တန်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ (၅၂) ဦး တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ (၄) လခန့်ကြာမြင့်သည်ဟုသိရသည်။

သင်တန်းဆင်းပွဲသို့ ကေအဲန်ယူတရားသူကြီးချုပ်နှင့် ခေါင်းဆောင်များ၊ ကေအဲန်အယ်လ်အေ ဗဟိုစစ်ရေးလေ့ကျင့်ရေးဌာနမှ ခေါင်းဆောင်ရဲဘော်များ၊ ကေအဲန်ယူ) ဘားအံနှင့် သထုံခရိုင်ဒေသမှ ခေါင်းဆောင်များ၊ မဟာမိတ်အဖွဲ့များမှတာဝန်ရှိသူများနှင့် သင်တန်းသားများအပါအဝင် စုစုပေါင်း (၈၀) ခန့်တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ကေအဲန်ယူအထွေထွေအတွင်းရေးမှူးချုပ် ပဒိုမန်းရှာ၊ အဲန်အယ်လ်ဒီအယ်လ်အေ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ဒီပီအဲန်အက်စ်ဥက္ကဋ္ဌ ဦးအောင်မိုးဇော်၊ ကေဒဗလျူအိုကိုယ်စားလှယ် နော်လေးဒီယာတို့မှ အသီးသီးအမှာစကားပြောကြားခဲ့သည်ဟု သိရှိရသည်။

# မြန်မာ့အရေး ကုလသမဂ္ဂ ဝင်ရောက်ဆောင်ရွက်ရန်အဆိုကို အီတလီဆီးနိတ်ထောက်ခံ



ဦးမောင်မောင်

အီတလီအစိုးရအနေနှင့် မြန်မာ့အရေး လုံခြုံရေးကောင်စီတင်ပြီး ဖြေရှင်းရန် အဆိုပြုထားသည့်ကိစ္စကို ထောက်ခံပံ့ပိုးသင့်ကြောင်း အီတလီအထက်လွှတ်တော် လူ့အခွင့်အရေးကော်မတီက ဆုံးဖြတ်ချက်ချမှတ်ပြီး အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနကို အောက်တိုဘာလ (၁၉) ရက်နေ့စွဲနှင့် အကြံပြုလွှာတရပ် ပေးပို့ခဲ့သည်။

အီတလီနိုင်ငံ အထက်လွှတ်တော် လူ့အခွင့်ရေးကော်မတီ၏ ရှေ့မှောက်တွင် ပြည်ပရောက် မြန်မာအတိုက်အခံခေါင်းဆောင်တဦးဖြစ်သူ ဦးမောင်မောင်က မြန်မာ့လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ သက်သေထွက်ဆိုအပြီး၊ အထက်လွှတ်တော်လူ့အခွင့်ရေးကော်မတီက ယခုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းဖြစ်သည်။

ဦးမောင်မောင်သည် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ၏ အထွေထွေ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း ကိုယ်စားပြုပြီး အီတလီနိုင်ငံအထက်လွှတ်တော်ရှေ့မှောက် သက်သေထွက်ဆိုမှု ပြုခဲ့ခြင်းဖြစ်သည်။ သက်သေထွက်ဆိုပွဲကို အီတလီနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်က စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံ၏မြို့တော် ရောမမြို့ မြို့တော်ဝန်က မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် ဖြေရှင်းရေးအဆိုပြုချက်ကို ထောက်ခံလက်မှတ်ရေးထိုးမည်ဟုလည်း သိရှိရသည်။

# ရွှေ့ပြောင်းအလုပ်သမားများအတွက် ဥပဒေရေးရာအထောက်အကူပြုနိုင်ရန် ညှိနှိုင်း



ဦးမြင့်သိဏ်း

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီတွဲဘက် အထွေထွေအတွင်းရေးမှူးနှင့်မြန်မာနိုင်ငံရွှေ့နေများကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြင့်သိဏ်းသည် အောက်တိုဘာလ (၂၁) ရက်နေ့မှ (၂၆) ရက်နေ့အထိ ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသောဒေသသို့ သွားရောက်ပြီး မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ဥပဒေရေးရာ အထောက်အကူပြုမှု လုပ်ငန်းများလုပ်ဆောင်နိုင်ရန် လိုအပ်သည့် ပြင်ဆင်မှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ယင်းဒေသရှိ ဒေသခံ မြန်မာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဥပဒေအထောက်အကူလုပ်ငန်းအဖွဲ့တခု ပေါ်ပေါက်လာရန် ကိုနိုင်အောင် (အန်ဒီဒီ)၊ ကိုထူးချစ် (အိပ်ချ်အာအီးအိုင်ဘီ) တို့နှင့် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းမှု အကြိုအစည်းအဝေးတရပ်ကို အောက်တိုဘာ (၂၆) ရက်နေ့က ကျင်းပရာ ရခိုင်သာရေးနာရေးအသင်း၊ မြန်မာသာရေးနာရေးအသင်း၊ ဆူနာမီမြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ဥပဒေ အထောက်အကူပြုဌာနတို့မှ လူ (၂၀) ခန့် တက်ဂောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားများ၏ လုပ်ခငွေကြေးဆိုင်ရာ အခက်အခဲကိစ္စများ အလုပ်သမားများအတွက် ဥပဒေအရ အသိပညာလိုအပ်ချက်ကာယကံရှင်များ၏ ကြောက်ရွံ့နေမှု ၊ မလုံခြုံမှုဆိုင်ရာ အခြေအနေများ ဖြေရှင်းပေးရန်စသည့် အချက်များကို ဆွေးနွေးခဲ့ကြသည်ဟုသိရသည်။❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ဒုဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ ဒုဥက္ကဋ္ဌ ဖြစ်သူ ဆရာခိုင်စိုးနိုင်အောင်အား လက်ရှိမြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ မိုးကြိုးမှတွေ့ဆုံမေးမြန်းခဲ့ရာ ဆရာမှ သူ၏အမြင်ကို အောက်ပါအတိုင်း ဆွေးနွေးတင်ပြခဲ့သည်။

ယနေ့ နိုင်ငံရေးအခြေအနေနဲ့ပတ်သက်လို့ နအဖအခြေအနေမကောင်းဘူးလို့ ကျနော်တို့သုံးသပ်မိတယ်။

ဒုဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖြုတ်ပြီးတဲ့နောက်ပိုင်းမှာ သူတို့အတွင်းပဋိပက္ခတွေ ပိုများလာတာကိုတွေ့ရတယ်။ ပြီးတော့ သူတို့အတွင်းမှာ အာဏာလုပွဲတွေဖြစ်နေတာကိုတွေ့ရတယ်။ စီးပွားရေးနဲ့ပတ်သက်လို့လည်း အတော်လေးချွတ်ခြုံကျပြီး မထိန်းမနိုင်မသိမ်းနိုင်တဲ့ပုံစံမျိုးဖြစ်နေတယ်လို့ သိရတယ်။ လမ်းပြမြေပုံ (၇) ချက်အရ သူတို့ရဲ့ အမျိုးသား ညီလာခံလုပ်ဖို့ လေ့လာသိရှိရတဲ့အပေါ်မှာ အမျိုးသားညီလာခံကို ပြီးအောင်လုပ်မယ်လို့ သုံးသပ်မိတယ်။ ကျနော်တို့ရဲ့လှုပ်ရှားမှုတွေကိုလည်း နှောင့်နှေးကြန့်ကြာအောင်လုပ်လာနိုင်တယ်လို့ ထင်တယ်။ နအဖမှာ ပြည်တွင်းထောက်ခံမှုနဲ့ ပြည်ပထောက်ခံမှု လုံးဝကင်းကွာနေပြီး စစ်တပ်ထောက်ခံမှုဘဲရှိတယ်။ စစ်တပ်ကို ဒီမိုကရေစီဝါဒနဲ့ ပြည်သူလူထုအကျိုးကာကွယ်တဲ့ တပ်မတော်အဖြစ် ပြုပြင်ပြောင်းလဲလာအောင် ကျနော်တို့အတိုက် အခံအင်အားစုတွေက လုပ်ဖို့လိုတယ်။ ယနေ့ကာလမှာ ပြည်တွင်းမှာ ပြည်သူရဲ့လှုပ်ရှားအုံကြွမှု ဖြစ်လာအောင် နည်းမျိုးစုံနဲ့ လှုပ်ရှားမှုဖြစ်လာအောင် လုပ်နိုင်ဖို့လိုတယ်။ အတိုက်အခံအင်အားစုတွေမှာ တချို့က နအဖနဲ့ ပတ်သက်လို့၊ ပူးပေါင်းဆောင်ရွက်ရမယ်။ တချို့က နအဖနဲ့ပတ်သက်လို့ ပူးပေါင်းဆောင်ရွက်စရာမလိုဘူး။ ဖြုတ်ချရမယ် စသည်ဖြင့် အတွေးအခေါ်မတူညီတာတွေ ရှိနေတယ်။ အဲဒါကို ကျနော်တို့က အဲဒီနှစ်ခုကို ပေါင်းစပ်ပြီးအလုပ်လုပ်မယ်ဆိုရင်တော့ ပိုအကျိုးရှိမယ်လို့ ကျနော်မြင်တယ်။ တဖက်ကပြောချင်တာကလည်း အဲဒီ နအဖနဲ့ပေါင်းပြီးမှ လုပ်ရမယ်ဆိုတဲ့သူတွေထဲမှာ နှစ်မျိုးနှစ်စားရှိတယ်။ တမျိုးက လုံးဝ နအဖနဲ့ပေါင်းမယ်။ တမျိုးကတော့ နအဖနဲ့ပူးပေါင်း လုပ်ဆောင်ခြင်းအားဖြင့် ပိုပြီးပြောင်းလဲလာ နိုင်တယ်လို့ ယူဆသူများဖြစ်တယ်။ နအဖကို လုံးဝဖြုတ်ချဖို့အိုင်ဒီယာရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကလည်းပဲ နအဖကို လုံးဝအညံ့မခံဘဲနဲ့၊ နအဖကို နည်းပရိယာယ်တခုခုနဲ့ တိုက်ပွဲဝင်နေတဲ့လူတွေကိုလည်း နအဖလူဆိုတဲ့ အနေအထားအဆင့်ထိရောက်အောင် ကျနော်တို့ မဝေဖန်ကြဖို့ မသတ်မှတ်ကြဖို့လို့တယ်။ အဲဒီလိုဆိုရင် ကျနော်တို့ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ပိုပြီးအထောက်အကူဖြစ်လာနိုင်မယ်လို့ကျနော်မြင်တယ်။ နအဖ နဲ့ တကယ်ပူးပေါင်းလုပ်ဆောင်ဖို့ အခိုင်အမာသဘောထားရှိတဲ့လူတွေကိုတော့ ကျနော်တို့ ပြတ်ပြတ်သားသား လုပ်ရမှာပဲ။ ဒါပေမယ့် နအဖကို အဆင့်ခွာ ချမှရမယ်ဆိုတဲ့ အမြင်ရှိတဲ့ လူတွေကိုတော့ ရန်သူအဖြစ် သတ်မှတ်ဖို့ မသင့်ဘူးလို့ ကျနော်မြင်တယ်။ နောက်တခါ ဗမာပြည်တော်လှန်ရေးမှာ တွေ့ရှိရတာတော့ နအဖမှာ အခက်အခဲဖြစ်လာရင် အတိုက်အခံအင်အားစုတွေမှာလည်း အခက်ခဲဖြစ်လာတာကိုတွေ့ရတယ်။ အဲဒါကို အထူးသတိထားဖို့လိုတယ်။ နအဖမှာအခက်အခဲရှိလာရင် ကျနော်တို့ အကွက်ပဲဆိုတဲ့အမြင်ပေါ်မှာ ခုနကရှိတဲ့ အိုင်ဒီယာတွေကို စုပေါင်းပြီးတော့ လုပ်နိုင်လို့ရှိရင် ကျနော်တို့ အောင်ပွဲဆင်နိုင်တယ်။ အောင်ပွဲဆင်ဖို့အတွက် မြန်နိုင်တယ်။ အဲဒါကို သတိထားစေချင်တယ်။ အဲန်အယ်လ်ဒီဟာ (၁၉၉၀) ရွေးကောက်ပွဲမှာ (landslide victory) အနိုင်ရရှိခဲ့တယ်။ နအဖအကြောက်ဆုံးဟာ အဲန်အယ်လ်ဒီဖြစ်တယ်။ အဲန်အယ်လ်ဒီကိုကြောက်လို့လဲပဲ အဲန်အယ်လ်ဒီကို ပုံစံအမျိုးမျိုးနဲ့ ဖြိုခွဲဖျက်ဆီးတယ်။ လုံးဝ နာမည်ကိုတောင် ပျောက်အောင်လုပ်တာမျိုးရှိတယ်။ ဒါပေမယ့်လို့ အဲန်အယ်လ်ဒီဟာ (၉၀) ခု ရွေးကောက်တုန်းက ဆန္ဒမဲပေးလိုက်တဲ့ လူထုအာဏာကို အခိုင်အမာဆုပ်ကိုင်ပြီးတော့ တိုက်ပွဲဝင်နေတာမို့ လက်ရှိအဲန်အယ်လ်ဒီဟာ တည်တံ့ခိုင်မြဲတယ်လို့ ကျနော်ပြောချင်ပါတယ်။ တချို့က အဲန်အယ်လ်ဒီနဲ့ ပတ်သက်လို့ အချိန်ကျော်သွားပြီး အဲန်အယ်လ်ဒီဟာ ဘယ်လိုမှလုပ်လို့မရတော့ဘူးလို့ ပြောတာဆိုတာကိုလည်း ကျနော်တို့သိရတယ်။ အချိန်တခုပေါ်မှာ မလုပ်နိုင်မကိုင်နိုင်ပေမယ့်လို့ အဲန်အယ်လ်ဒီရဲ့ မူဝါဒလမ်းစဉ်တွေဟာ မှန်ကန်တယ်လို့ ကျနော် အဲဒီလိုပြောချင်တယ်။ အဲဒီလိုပြောရခြင်းသည် ခုနက ကျနော်ပြောခဲ့သလိုဘဲ အဲန်အယ်လ်ဒီပါတီကို နအဖက ပုံစံအမျိုးမျိုးနဲ့ ဖြိုခွဲတယ်။ ဖျက်ဆီးတယ်။ လူတွေကို ထောင်ချတယ်။ ဒါပေမယ့်လို့ အဲန်အယ်လ်ဒီဟာ ယနေ့ထိ တည်တံ့ခိုင်မြဲနေတယ်။ ကမ္ဘာကလည်း ထောက်ခံနေဆဲဖြစ်တယ်၊ ထောက်ခံနေဆဲ ဖြစ်ရုံမကဘူး။ အခုလည်း အမေရိကန်တို့ဆိုရင် လက်ရှိအမျိုးသားညီလာခံက ထွက်လာတဲ့ (Result) ဟာ အဲန်အယ်လ်ဒီမပါလို့ အသိအမှတ်မပြုနိုင်ဘူးလို့ ပြတ်ပြတ်သားသားရပ်တည်ပြောဆိုတာကိုကြည့်ခြင်းအားဖြင့် အဲန်အယ်လ်ဒီရဲ့ မူဝါဒဟာ တကယ်မှန်ကန်တယ်ဆိုတာ ပြောချင်တယ်။ အဲဒါကြောင့် ကျနော်တို့ အတိုက်အခံအင်အားစုတွေအနေနဲ့လည်းပဲ ဘာပဲပြောပြော (၁၉၉၀) ခု ရွေးကောက်ပွဲရလဒ်ပေါ်မှာ အခြေခံပြီးတော့ ပြုပြင်ပြောင်းလဲမှုကို လုပ်သင့်တယ်လို့ ကျနော်ပြောချင်တယ်။


အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု ဒုဥက္ကဋ္ဌ ဖြစ်သူ ဆရာခိုင်စိုးနိုင်အောင်

အဲဒါကြောင့် ကျနော်ဆက်ပြောချင်တာကတော့ တချို့က ပြုပြင်ပြောင်းလဲမှုဆိုတာ အဓိက (People power) ကြောင့်ပဲဖြစ်တယ်။ ကျနော်တို့ ဗမာပြည်မှာ လူထုလှုပ်ရှားမှုဟာ ဖြစ်မလာသေးဘူး။ ဖြစ်မလာတာ ဘာကြောင့်လဲဆိုလို့ရှိရင် ကျနော်အမြင်ရပြောရလို့ရှိရင် အကြောက်တရားလွှမ်းမိုးမှုပေါ်မှာ ဖြစ်တယ်လို့ သုံးသပ်မိတယ်။ ဒါပေမယ့်လို့ အကြောက်တရားလွှမ်းမိုးပေမယ့်လို့ အမြဲတမ်း ဒီလိုမနေဘူးလို့ ကျနော်မြင်တယ်။ ကမ္ဘာ့သမိုင်းကိုလေ့လာ ကြည့်လို့ရှိရင် အဲဒီလူထုစွမ်းအားနဲ့ပြောင်းလဲသွားတာတွေကိုပဲ သမိုင်းမှာတွေ့ရတယ်၊ အဲဒါ အကြောက်တရား ဘယ်လောက်ပဲလွှမ်းမိုးပေမယ့်လို့ အကျပ်အတည်း အခက်အခဲအမျိုးမျိုးဖြစ်လာတဲ့အခါမှာ လူထုစွမ်းအားဆိုတာ ဖြစ်ပေါ်လာမှာပဲလို့ ကျနော်ယုံကြည်တယ်။

(NCUB) ဆိုတဲ့ တပ်ပေါင်းစုဟာ အဖွဲ့အစည်း (၄) ခုနဲ့ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ ကျနော်တို့နားလည် တာကတော့ ကျနော်တို့ (Opposition) ထဲမှာ (NCUB) ဟာ တကယ်ကျယ်ပြန့်တဲ့ တပ်ပေါင်းစုဖြစ်တယ်လို့ နားလည်တယ်။ ခံလည်းခံယူတယ်။ အဲဒါကြောင့် ဒေါ်စုခေါင်းဆောင်တဲ့ အဲန်အယ်လ်ဒီပါတီနဲ့ အချိတ်ဆက်ရှိရှိနဲ့ လုပ်သွားမယ်ဆိုတဲ့သဘောထား (NCUB) မှာ ရှိပြီးသားဖြစ်တယ်။ အဲဒါကြောင့် (NCUB) ညီလာခံမှာ (၉၀) ခု ရွေးကောက်ပွဲရယ်၊ (CRPP) ရယ်၊ သုံးပွင့်ဆိုင်ရယ် အဲဒါတွေကို မဟာဗျူဟာအဖြစ် ချမှတ်ထားခဲ့တာဖြစ်တယ်။ အဲဒီပေါ်မှာ ကျနော်တို့ အခိုင်အမာဆုပ်ကိုင်ပြီးတော့ တိုက်ပွဲဝင်သွားမှာဖြစ်တယ်။

ကုလသမဂ္ဂကလည်းပဲ ပျော့ပျော့ပြောင်းပြောင်းနဲ့လုပ်ရင် ပိုကောင်းတယ်ဆိုပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲဆိုတဲ့ နိုင်ငံရေးဖြေရှင်းမှုပုံစံတရပ်ဖြစ်ပေါ်လာစေခဲ့တယ်။ ကျနော်တို့တိုင်းရင်းသားတွေက ပြောမယ်ဆိုလို့ရှိရင် သုံးပွင့်ဆိုင်အဖြေရှာတဲ့နည်းက မှန်တယ်။ ဗမာပြည်နဲ့ အသင့်တော်ဆုံးဖြစ်တယ်။ အကျိုးလည်းရှိနိုင်တယ်လို ကျနော်တို့ယုံကြည်ပြီးတော့ ကြိုးပမ်းလာတယ်။ ဒါပေမယ့် နအဖက သုံးပွင့်ဆိုင်ကို လုံးဝလက်မခံဘူး။ နားတောင် မထောင်ဘူး။ လုံးဝမလိုဘူးလို့အပြတ်ပြောတယ် အဲဒါကိုလူထုတွေလည်း အသိဖြစ်တယ်တိုင်းရင်းသားတွေလည်း အသိဖြစ်တယ်။ ဆိုတော့ကျတော်တို့ အနေနဲ့က သုံးပွင့်ဆိုင်နဲ့ မရရင်ဘာလုပ်ကြမလဲ။ သုံးပွင့်ဆိုင်နဲ့မရရင် လုပ်လို့ရတဲ့အနေအထားပေါ်မှာ လုပ်ရမှာဖြစ်တယ်လို့ တချက်ပြောချင်တယ်။ လုပ်လို့ရတဲ့အနေထားမှာ လုပ်ရမယ်ဆိုတဲ့အခါမှာ ကျနော်အနေနဲ့ ယေဘုယျပြောချင်တာကတော့ (အဲန်အယ်လ်ဒီ) ရဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့ လမ်းမချော်တဲ့ လုပ်ဆောင်မှုတခုကို လုပ်သင့်တယ်လို့ ကျနော်မြင်တယ်၊ အဲလိုလုပ်ရင် ကျနော်တို့အကျိုးရှိမယ်။ နောက်တခါ ကျနော်တို့က (Proactive Plan) နဲ့ သွားသင့်တယ်။ ဘာကြောင့်လဲဆိုရင် နအဖအခြေနေကိုသော်လည်းကောင်း၊ နိုင်ငံတကာအခြေနေကိုသော်လည်းကောင်း ဝေဖန်ပေါင်းစပ်သုံးသပ်ကြည့်တဲ့အခါမှာ ကျနော်တို့လေ့လာရတာက (Proactive Program) နဲ့သွားရင် အကျိုးရှိမယ်လို့ထင်တယ်။ ပိုပြီးတော့ အောင်မြင်မယ်ဆိုတာကို ဝေဖန်သုံးသပ်လို့ရတဲ့အတွက် (Proactive plan) တွေကို ချပြီးလုပ်ဆောင်ဖို့ဆိုတာ ကျနော်တို့ စီအာရ်ပီပီမှာလည်းသဘောထားရှိတယ်။ ❖

# ကုလလုံခြုံရေးကောင်စီမှ မြန်မာပြည်ကိစ္စ အရေးယူဆောင်ရွက်ရန် အချိန်တန်ပြီ

မြန်မာ့အရေးကို လုံခြုံရေး ကောင်စီမှ အမြန်ဆုံးကိုင်တွယ်ဖြေရှင်းပေးရေး တိုက်တွန်းပြောဆိုရန် ဖိလစ်ပိုင်အပါအဝင် အာဆီယံနိုင်ငံများကို (Asean Network On Bur-ma) အဖွဲ့က အောက်တိုဘာ (၁၀) ရက်နေ့စွဲနှင့် ထုတ်ပြန်သည့်ကြေညာချက်တွင် တောင်းဆိုလိုက်သည်။

ကြေညာချက်၌ အာဆီယံတွင် တခုတည်းသော လုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံကို အဓိကထား တိုက်တွန်းထားသည်။ (Asean Network On Burma) ၏ အဖွဲ့ဝင်တဦးဖြစ်သည့် မစ္စချာလီတာက “မြန်မာအရေးကို လုံခြုံရေးကောင်စီကနေ ကိုင်တွယ်ဖြေရှင်းဖို့ဆိုတာ အနည်းဆုံး အဖွဲ့ဝင် (၉) နိုင်ငံကနေ ထောက်ခံမှု ရရှိဖို့လိုပါတယ်။ အဖွဲ့ဝင် (၁၅) နိုင်ငံရဲ့ မဲတဝက်ကျော်ပေါ့။ အခု (၉) နိုင်ငံပြည့်ဖို့ နှစ်နိုင်ငံလောက်ပဲလိုတော့တယ်လို့ ကျမတို့ခန့်မှန်းပါတယ်။ ဒါကြောင့် အာဆီယံကနေ တခုတည်းသောအဖွဲ့ဝင်နိုင်ငံတခုဖြစ်တဲ့ ဖိလစ်ပိုင်ကို ကျမတို့တိုက်တွန်းနေရတာပါ”ဟု ပြောသည်။

ဆက်လက်၍သူက တရုတ်နှင့်ရုရှက ဗီတိုအာဏာ သုံးကောင်းသုံးနိုင်ကြောင်း၊ သို့ရာတွင် ဖိလစ်ပိုင်ကဲ့သို့သော အလှည့်ကျအဖွဲ့ဝင်နိုင်ငံအများစုက ထောက်ခံလာလျှင် ဗွီတိုအာဏာ သုံးစွဲရန် စဉ်းစားရတော့မည်ဖြစ်ကြောင်းပြောသည်။ စစ်အစိုးရသည် တွေ့ဆုံဆွေးနွေးရန် ဆန္ဒအမှန် တကယ်ရှိမည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် လုံခြုံရေးကောင်စီအနေဖြင့် မြန်မာ့အရေးအား တစုံတရာအရေးယူဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ကြောင်းလည်း သူမ က ပြောဆိုသွားသည်။

(Asean Network On Burma) အဖွဲ့တွင် မြန်မာ့အရေးကို တစိုက်မတ်မတ် ထောက်ခံအားပေးနေသော ( Forum Asia Alternative Asean) နှင့် (Initiative For International Dialogue) အဖွဲ့တို့ပါဝင်သည်။

# ကချင်ဒီမိုကရက်တစ်တပ်တွင်း အာဏာသိမ်းမှု ပြည်သူလူထုထံရှင်းလင်းပွဲလုပ်

စက်တင်ဘာလအတွင်းက ကချင်ဒီမိုကရက်တစ်တပ်မတော် (New Demotratic Army Kachin) အတွင်းဖြစ်ပွားခဲ့သော အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သူများကို အရေးယူ အပြစ်ပေးလိုက်သည့်အကြောင်း ဒေသခံလူထုကို ရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့သည်ဟု ကေအဲန်ဂျီ ကချင်သတင်းအရသိရှိရသည်။ ထိုရှင်းလင်းပွဲတွင် (NDAK) တပ်တွင်း အာဏာသိမ်းမှုကို ဦးဆောင်ခဲ့သော အတွင်းရေးမှူး လရောက်ဇယ်လွမ်း၊ လော်ဝါးဇောင်းခေါင်း၊ ဗိုလ်မှူးမန်ကီခေါင်လွမ်း၊ မြန်မာအမျိုးသား ဗိုလ်မှူးဆမ်ဝေ၊ ဗိုလ်ချုန်လန်းနှင့် လကုတ်ဇုန်းယိန်းတို့ကို (NDAK) မှ ထုတ်ပယ်လိုက်သည်သာမက (NDAK) နယ်မြေတွင်လည်း နေထိုင်ခွင့်ပြုတော့မည် မဟုတ်ကြောင်း ဥက္ကဋ္ဌဇခုန်တိန့်ယိန်းက ဒေသခံလူထုကို ရှင်းပြခဲ့သည်။ ထို့အပြင် ဗိုလ်မှူးမန်ကီခေါင်လွမ်း၊ လကုတ်ဇုန်းယိန်းနှင့် လော်ဝါးဇောင်းခေါင်းတို့ (၃) ဦးသည် အာဏာသိမ်းသည့်အဖွဲ့ကို စစ်အစိုးရက ကူညီနေသယောင် ပြောဆိုခဲ့သောကြောင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်သို့ လွှဲပြောင်းပေးလိုက်ရကြောင်းကိုလည်း ရှင်းပြခဲ့သည်။ ရှင်းလင်းပွဲသို့ ဒေသခံပြည်သူလူထု (၆၀၀) ခန့်တက်ရောက်ခဲ့သည်ဟု သိရသည်။

စက်တင်ဘာလ (၁၄) ရက်နေ့တွင် ဖြစ်ပွါးခဲ့သော (NDAK) တပ်တွင်းအာဏာသိမ်းမှုကြောင့် ဥက္ကဋ္ဌဇခုန်တိန့်ယိန်း ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။ သို့သော် ဇခုန်တိန့်ယိန်းကိုထောက်ခံသောတပ်ဖွဲ့များက အာဏာသိမ်းခဲ့သော လရောက်ဇယ်လွမ်းအဖွဲ့ကို စက်တင်ဘာလ (၁၉) ရက်နေ့က ပြန်လည်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်တပ်ဖွဲ့မှ စစ်သား (၃၀) ခန့် အသက်ဆုံးရှုံးခဲ့ပြီး (၂၆) ရက်နေ့တွင်မူ တရုတ်နယ်စပ်ဒေသ ပန်ဝါရှိ (NDAK) ဌာနချုပ်စခန်းကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ (NDAK) ဒေသတွင် ကချင်လူမျိုးစုများအဖြစ် လဝေါ်နှင့်လချိတ်ဟူ၍ ရှိကြရာ အာဏာသိမ်း ခေါင်းဆောင်များမှာ လဝေါ်ခေါင်းဆောင်များဖြစ်သည်။ လဝေါ်ခေါင်းဆောင်များက ဥက္ကဋ္ဌဇခုန်တိန့်ယိန်းသည် တရုတ်များပါဝင်သော လုံခြုံရေးတပ် ဖွဲ့စည်းထားပြီး ကိုယ်ကျိုးစီးပွါးရှာနေကာ မူးယစ်ဆေးဝါးရောင်းဝယ်မှုကိုလည်း ပြုလုပ်နေသည်ဟုစွပ်စွဲခဲ့ကာ အာဏာသိမ်းခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ (၆) ပဥ္စလက်သစ်ခွ ဆောင်းပါးမှ ...

စောင်းခုတ်ပွဲတွေ ကျော်မကောင်းကြား မကောင်းဖြစ်ခဲ့ကြတာ ဟိုးလေးတကျော်ပါပဲ။ ခွက်ပျောက်သူပျောက်၊ ခေါင်းပေါက်သူပေါက်ထောင်ရောက်သူရောက်နဲ့ အုပ်ချုပ်သူ ဗိုလ်ချုပ်ကြီးတွေရဲ့ စီမံခန့်ခွဲမှုပိုင်းမှာ တဖက်ကမ်းခပ် ညံ့ဖျင်းမှု ဗိုလ်ချုပ်ကြီးတွေကိုယ်တိုင်နဲ့ ဗိုလ်ချုပ်ကြီးကတော်တွေ ကိုယ်တိုင်စီးပွားရေး မသမာချစားမှုများဖြစ်နေကြပြီး လာဘ်ပေးလာဘ်ယူမှုတွေကို မရှက်မကြောက်ကျူးလွန်နေတာတွေကြောင့် နိုင်ငံပေါင်း (၁၅၉) နိုင်ငံမှာ အောက်ဆုံးက ပြန်ရေတွက်ရင် အကျင့်ပျက်ခြစားဆုံးနိုင်ငံတွေထဲမှာ မြန်မာက ဒုတိယဆုကြီး ထိုက်ထိုက်တန်တန်ရထားတာပေါ့။ လာမယ့်နှစ်ဆို တံခွန်စိုက်နိုင်ဆုကြီးတောင်ရနိုင်တယ်လို့ ကျုပ်ခန့်မှန်းထားတယ်ဗျ။ စီးပွားရေးအရတဦးတည်းအပိုင်စီးလို့မှုစတဲ့ အတ္တအကျိုးစီးပွား အခြေပြုထားတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေက နိုင်ငံတော်ကို ကယ်တင်လိုက်တယ်ဆိုတာ ခွတုတ်ချင်လို့ကယ်တင်လိုက်တာပါ။ အာဏာသိမ်းလို့ရထားတဲ့ ရာဇပလ္လင်ကလည်း ခပ်ယိုင်ယိုင်၊ သေနတ်တကိုင်ကိုင်နဲ့ စတိုင်ထုတ်၊ သစ်တောကြီးတွေ ပြုတ်ပစေ၊ ငွေမိန်းမ စိန်ထုပ်ကြီးသထက်ကြီးဖို့သာ အဓိကကျနေတော့ တရုတ်နဂါးကြီး ကချင်သစ်တောထဲမှာ သောင်းကျန်းချင်တိုင်းသောင်းကျန်းနေတာကို ဗိုလ်ချုပ်ချုပ်ကြီးကတော် ကျောပူခေါင်းပူထတာလောက်တောင်အရေးစိုက်ဖေါ်မရပါဘူး။ ကိုယ့်တိုင်းသူပြည်သားတွေကိုသာ သေနတ်ပြဘီလူးဆိုင်းနဲ့ အုပ်ချုပ်နေပေမဲ့၊ နဂါးမျက်စောင်းအကြောင်းမရွေးဘူးဆိုတာ ဗိုလ်ချုပ်ကြီးတွေကိုယ်တိုင်သိတယ် လိုအပ်ရင်သမီးတော်ကိုတောင်နဂါးစာအဖြစ် ဆက်သရဲတဲ့အာဂဗိုလ်ချုပ်တွေပါဘဲဗျာ။ နဂါးကြီးကတော့ မျက်ဖြူဆိုက်လေ နဂါးကြိုက်လေပေါ့။ ခုခေတ်ဗိုလ်ချုပ်ကြီးတွေနဲ့ ပုဂံရာဇဝင်ထဲက မောင်ပေါက်ကျိုင်းနှိုင်းယှဉ်ကြည့်ရင် စာမတတ်တာချင်းအတူတူဖြစ်ပေမဲ့ မောင်ပေါက်ကျိုင်းက အရည်အချင်းရှိတယ်ပြောရမယ်။ ဓါးတလက်နဲ့တောင် နဂါးအသက်ထွက်အောင်ဖိုက်ရဲတယ်။ အဲဒီမောင်ပေါက်ကျိုင်းကိုတင့်ကားတစီးပေါ်တင်ပြီး လွှတ်လိုက်လို့ကတော့ ခိုးသား (၅၀၀) ဘယ်ခံနိုင်မှာတုန်း။

မစ္စတာကင်းရေ ဒုတိယအဓိကကတော့ဗျာ (Looting A House on Fire) လို့ခေါ်တဲ့ မီးလောင်နေတဲ့အိမ်ဝင်လုတဲ့ စီးပွားရေးဗျူဟာကြောင့် ကချင်ပြည်နယ် သစ်တောကြီးတွေဟောတခု၊ ဟောတခု ပျောက်ကွယ်သွားရတာပါဘဲ။ ဘိစနက်လောကမှာ “ဖုတ်ကောင်”တွေရှိဆိုဘဲ။ ဘနဖူးသိုက်တူးသူတွေပေါ့ဗျာ။ အခြေအနေ ရှုပ်ရှုပ်ထွေးထွေးရှိလေ ဒီဖုတ်ကောင်တွေက ခြေပုန်းခုတ်လေဘဲ ခုတော့ ဘနဖူးသိုက်တူးရုံတင်မကတော့ဘူး၊ သဘာသတရားကိုတောင် သိုက်တူးဖို့ကြိုးစားနေကြတယ်။ နောက်ဆုံး.... တူးရတာကြာတယ်။ ဘနဖူးဒိုက်နမိုက်ကပ်ခွဲမယ်ဆိုတဲ့အဆင့် ထိမိုက်လုံးထွားနေကြပြီကင်းရေကျုပ်ဖတ်လိုက်ရတဲ့ နောက်ဆုံးသတင်းတပုဒ်အရဆိုရင် ခင်ဗျားချစ်ခဲ့တဲ့ ကျုပ်လဲချစ်တဲ့ကချင်လူမျိုးတွေရဲ့အမျိုးသားပန်း၊ ကချင်ပြည်နယ်ရဲ့ ဂုဏ်ဆောင်သစ်ခွပန်းတွေဟာယူနန်ရင်ပြင်မှာ နိဂုံးချုပ်ရတောမယ်။ အကြောင်းကတော့ ယောက်ျားအားတိုးဆေး၊ ကင်ဆာရောဂါ၊ ဦးနှောက်နဲ့ အာရုံကြောရောဂါ၊ သွေးပျစ်ရောဂါ၊ သွားကိုက်ရောဂါတွေအတွက် ကာကွယ်ဆေးထုတ်ဖို့ ယူနန်ပြည်နယ်တခုထဲကကိုဘဲ သစ်ခွအခြောက်တန်ချိန် (၂) သောင်းလိုတယ်လို့ ဆိုတယ်။ ယူနန်ပြည်နယ်မှာ တန် (၄၀၀) လောက်ပဲရနိုင်တာဆိုတော့.... လိုအပ်ချက် ပြည့်အောင်ဆိုရင်ကြားထဲက ငဝက်ကပဲ ဒဏ်ခံရအုံးမှာပေါ့။ ကဲ....ကျုပ်တို့ ဘာလုပ်ကြမတုံး။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနဲ့ အမျိုးသားကောင်းစားရေးဝါဒဟာ အနှစ်အသားအရ သိပ်မကွာခြားလှပါဘူး။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆိုပြီး သူတပါးအကျိုးစီးပွားပျက်မှာတော့ ရှောင်သင့်တာပေါ့ဗျာ။ အမျိုးသားကောင်းစားရေးဝါဒဆိုတဲ့ (၂၀) ရာစု မျက်မှန်စိမ်းကြီးကိုချွတ်ပြီး ကမ္ဘာသူ ကမ္ဘာသား ကောင်းစားရေးဦးတည်မဲ့ ပါဝါကိုက်မျက်မှန်တလက်ကို (၂၁) ရာစုမှာ ပြောင်းတပ်ဖို့လိုတယ်လို့ ကျုပ်တော့ ထင်တာဘဲ။

၁၅၀ ကုဗစင်တီမီတာ ဦးနှောက်ပိုင်ရှင် မဟာလူသားဘဝနဲ့ လူ့ယဉ်ကျေးမှု (Civilization) ကြီး တခုလုံးဟာ သဘာဝမိခင်က နို့ရည်တိုက်ကျွေး မြေတောင်မြှောက်ပေးခဲ့လို့ဆိုတာ လူတိုင်းနားလည်ထားကြတယ်။ သဘာဝမိခင် နာမကျန်းဖြစ်တဲ့အခါမှာတော့ ကျုပ်တို့လူသားတွေက တလှည့်ပြန်ပြုစုဖို့၊ နို့ဖိုးဆပ်ဖို့ တာဝန်ရှိတာပေါ့။ တကယ်တော့ လူသားသမိုင်းနဲ့ သဘာဝသမိုင်းဟာ သားအမိရင်းပါပဲဘဲဗျာ၊ ပြီးတော့ သဘာဝဝန်းကျင်နယ်ပယ်ကြီးဟာ အဖိုးမဖြတ်နိုင်တဲ့ ပညာရပ်တွေဆည်းပူးဖို့ရာ တက္ကသိုလ်ကျောင်းတော်ကြီးပါ ကျုပ်တို့ဘိဘင်တွေက သဘာဝတ္ထပညာတွေကို အဲဒီကျောင်းကြီးမှာ ဆည်းပူးခဲ့ကြတာမဟုတ်လား။ နောက်မျိုးဆက်တွေကိုလည်း ဒီကျောင်းတော်ကြီးကိုပို့ပြီး ဘွဲ့လွန် မဟာတန်းတွေ ယူစေချင်သေးသဗျာ။

တကယ်လို့များ.... တနေ့မှာ .... ပန်းတွေမပွင့်ကြတော့ဘူး၊ စမ်းရေတွေ မစီးကြတော့ဘူး။ သစ်တောကြီးတွေလည်း ယိမ်းမကကြတော့ဘူး။ ကျေးငှက်တွေလည်း တေးမဆို ကြတော့ဘူး။ လိပ်ပြာတွေလည်း မပျံဝဲကြတော့ဘူးဆိုရင် လူသားတွေ ဘာဖြစ်ကုန်ကြမလဲ.... မစ္စတာကင်း။

ကျုပ်ကျောင်းသားဘဝက ကဗျာတပုဒ်ဖတ်ဖူးတယ်။ “တောခုတ်လို့ တောပြောင်၊ မိုးခေါင်တော့မှာဘဲ၊ မိုးခေါင်လို့ ရေမကြွယ်၊ သဲပင်လယ်ဖြစ်လိမ့်မလွဲ” တဲ့.... အဲဒီအခြေရောက်မှတော့ ခင်ဗျားရော၊ ကျုပ်ရော သက်ရှိအားလုံး သဲထဲမှာပဲ ပျောက်ကွယ်သွားပြီး“တစပြင်ငြိမ်းချမ်းရေး”ကြီး ဖြစ်သွားတော့မှာပေါ့ဗျာ.... ဒီတော့....

ဥရောပတိုက်သားကြီး မစ္စတာကင်း ဒမ်းဝဲ့သ်ခင်ဗျား ....

ဥရောပတိုက်ကြီးနဲ့ မိုင်ပေါင်းထောင်ချီဝေးကွာပြီး အရှေ့တိုင်းက နိုင်ငံငယ်လေးတခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ကချင်တောင်တန်းကြီးတွေပေါ်မှာ လှည့်လည်သွားလာရင်း– ကချင်ပြည်နယ်ရဲ့ မိုးထိတောင်တန်းကြီးတွေ၊ ကချင်ပြည်နယ်ရဲ့ စိမ်းညို့သစ်တောကြီးတွေ၊ ကချင်ပြည်နယ်ရဲ့ ချစ်စရာ့ ကျေးငှက်သားရဲတွေ၊ ကချင်ပြည်နယ်ရဲ့ တငြိမ့်ငြိမ့်စမ်းချောင်းလေးတွေ၊ ကချင်ပြည်နယ်ရဲ့ ပဥ္စလက်သစ်ခွပန်းခက်တွေ ....စတဲ့ ....စတဲ့ .... ကချင်ပြည်နယ်ရဲ့ သဘာဝသမီးပျိုကို ချစ်တတ်တဲ့ မစ္စတာကင်းဒမ်းဝဲ့သ်ကို တခုလောက်တောင်းဆိုချင်ပါတယ်။ ခင်ဗျားရဲ့ “ချစ်တတ်တဲ့နှလုံးသား”ကို ကျုပ်တို့ ဗိုလ်ချုပ်ကြီးများကို ပေးလှည့်ပါ ....လို့။

# မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးအလျင်အမြန်လုပ်ဆောင်လျှင်အီရတ်လို ဖြစ်သွားမည်ဆိုသည့် နအဖဇာဆင်ခြေဆင်လက် ရာဇာလီလက်မခံ



ရာဇာလီအစ္စမေးလ်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို တက်သုတ်ရိုက်ပြီး မြန်မြန်ဆန်ဆန်လုပ်ဆောင်လျှင် အီရတ်နိုင်ငံကဲ့သို့ ဗရုတ်သုကွဲအခြေအနေ ဖြစ်သွားမည်ကို စိုးရိမ်ရကြောင်း နအဖခေါင်းဆောင်များ၏ ပြောကြားချက်ကို မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်က လက်မခံ၊ ပယ်ချလိုက်သည်ဟု အေပီသတင်းတွင် ဖော်ပြထားသည်။

အောက်တိုဘာ (၁၀) ရက်၊ မလေးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာအစ်ဟာမစ်အယ်လ်ဘာ၏ ရန်ကုန်ခရီးစဉ်၌ ဒီမိုကရေစီဖေါ်ဆောင်ရေးကို အလျင်အမြန်လုပ်ဆောင်လျှင် လူမှုရေးမတည်ငြိမ်မှုများ ပေါ်ထွက်လာမည်ကို စိုးရိမ်သည်ဟူသော စစ်ခေါင်းဆောင်များ၏ ပြောကြားချက်ကို မစ္စတာရာဇာလီက ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် သတင်းစာဆရာများအား မစ္စတာရာဇာလီက မြန်မာနိုင်ငံနှင့် အီရတ်နိုင်ငံ၏အခြေအနေကို နှိုင်းယှဉ်၍မရနိုင်ကြောင်း၊ မြန်မာနိုင်ငံအပေါ် တဖက်သတ်အရေးယူဆောင်ရွက်ရန် မည်သူကမှပြောဆိုနေခြင်းမဟုတ်ကြောင်း သို့ရာတွင် တိုင်းရင်းသားလူမျိုးစုအရေးကဲ့သို့ နက်နဲရှုပ်ထွေးသည့်ကိစ္စများရှိနေကြောင်း ပြောသည်။

ထို့အပြင် မစ္စတာရာဇာလီက မြန်မာ့အရေးတွင်ကုလသမဂ္ဂအဖွဲ့ကြီးက ကြားဝင်စေ့စပ်ပေးဖို့ နအဖအစိုးရက လက်ခံလိမ့်မည်ဟု သူမထင်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ကုလသမဂ္ဂအဖွဲ့ကို မိတ်ဆွေကောင်းတယောက်လို သဘောထားရှုမြင်သင့်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးမှုအကောင်းဆုံးရအောင် ဆောင်ရွက်ပေးသွားနိုင်ကြောင်း ပြောဆိုသည်။

မြန်မာနိုင်ငံအခြေအနေကို ကုလသမဂ္ဂက အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးတွင် တရုတ်၊ အိန္ဒိယကဲ့သို့ အခြားအာရှနိုင်ငံများကလည်း ဝိုင်းဝန်း ကြိုးပမ်းပေးသင့်ကြောင်း မစ္စတာရာဇာလီကပြောသည်။

မြန်မာ့အရေးသုံးသပ်သူ လာရီဂျေကင်က “မစ္စတာရာဇာလီရဲ့ကောက်ချက် စကားတွေဟာ အခုအချိန်မှာ အထူးအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူဟာစစ်အစိုးရရဲ့ပြောကြားချက်ကို လက်မခံနိုင်ဘူးဆိုတာ လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့လို့ပါ။ မစ္စတာရာဇာလီကစစ်အစိုးရနဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ပါတီဖြစ်တဲ့ အဲန်အယ်လ်ဒီကြားမှာ (၄) နှစ်ကြာ ဝင်ရောက်စေ့စပ်ဖို့ကြိုးစားခဲ့တဲ့သူဖြစ်တော့ ဒီမိုကရေစီကြောင့် တိုင်းပြည်ဖရိုဖရဲအစိတ်စိတ်အမွှာမွှာဖြစ်သွားမှာ မဟုတ်ပဲ။ ဒီမိုကရေစီစနစ်အောက်မှာ တိုင်းပြည်အေးချမ်းသာယာမယ်လို့ မစ္စတာရာဇာလီကရော ကုလသမဂ္ဂကရော တစိုက်မတ်မတ်ပြောခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာစစ်အစိုးရက ဒီမိုကရေစီဖော်ဆောင်ဖို့ နှေးကွေးနေတာဟာ တိုင်းပြည်ဖရိုဖရဲဖြစ်မှာစိုးလို့ဆိုပြီး ဟန်ဆောင်ပြောနေတာကို သူ့အနေနဲ့ လက်သင့်မခံနိုင်ဘူးလို့ သူ့ခံစားမိပြီး အခုလိုဖော်ထုတ်ပြောဆိုတာဖြစ်နိုင်ပါတယ်။ ”ဟု ၎င်း၏အမြင်ကို ဘီဘီစီအားပြောကြားသွားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က “မြန်မာပြည်မှာရှိနေတဲ့အခြေအနေနဲ့ အီရတ်ကတော့ တခြားစီပဲလေ။ ဒီမိုကရေစီကိစ္စကို ပြောလို့ရှိရင်လည်း အီရတ်လိုမဟုတ်ဘူးလေ။ အန်ကယ်တို့က ဒီမိုကရေစီမူဘောင်အတွင်းမှာ နေခဲ့တဲ့အတွေ့အကြုံတွေက အများကြီးရှိပါတယ်။ ကနေ့ကိစ္စကတော့ လက်ရှိအစိုးရနဲ့ တိုင်းရင်းသားတွေရော ဗမာကအစပေါ့။ တိုင်းရင်းသားအားလုံးနဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ တွေ့ဆုံဆွေးနွေးတယ်ဆိုတာကတော့ တဖက်သတ်တော့ မဖြစ်သင့်ဘူးပေါ့။ အဲဒီလိုမျှမျှတတဆွေးနွေးမယ်ဆိုလို့ရှိရင် ဒါကတော့ အောင်မြင်မှာမလွဲပါ။ အန်ကယ်ကတော့ ဒီလိုပဲ ယုံတယ်လေ။ အခုကတော့ ကိုယ့် (Road Map/ သူ့ Road Map)၊ ဒီလိုဆွေးနွေးနေရုံနဲ့ မရပါဘူး။ အန်ကယ်တို့လည်း ညီလာခံတက်ခဲ့ပြီးပါပြီလေ။ အများနဲ့ညှိပြီးတော့ ဆွေးနွေးချင်လို့ရှိရင်တော့ ဒါကတော့ဆန္ဒပေါ့။ အဲဒီလို ဆန္ဒနဲ့ဆိုရင် ဖြစ်နိုင်ပါတယ်။” ဟု ပြောသည်။ ❖

**မင်းဆိုးကို မိုးကြိုးပစ်မည်**

# ဖက်ဒရယ်ကိုကြောက်လန့်နေသော စစ်အာဏာရှင်များ

မင်းလွင်
(ရှမ်းပြည်)

■ ၁၉၉၀ မေလ (၂၇) ရက် ပါတီစုံရွေး ကောက်ပွဲကြီးကျင်းပ၍ ပျော်ရွှင်နေကြချိန်မှာ အချို့ကလည်း မပျော်နိုင်ကြပါ။ တိုင်းရင်းသားပြည်နယ်များ၌ အမဲရောင်နယ်မြေများ သတ်မှတ်ခံရသောကြောင့် တချို့တိုင်းရင်းသားများ ဆန္ဒမဲပေးခွင့်မရကြပါ။ ယုတ်စွအဆုံး ရှမ်းပြည်မြို့တော် တောင်ကြီးကိုကြည့်ပါ။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တိုင်း စစ်ကွန်မန်ဒိုသင်တန်းကျောင်းကြားရှိ ဘုရားဖြူရွာ (ပအိုဝ့်ရွာကလေး)နှင့် တောင်ကြီးတက္ကသိုလ်နှင့် နအဖဆက်သွယ်ရေးတပ်ရင်း (၂၁၂) အနောက်ဖက်ကပ်လျှက် စောစီရွာကလေးကို အမဲရောင်သတ်မှတ်သောကြောင့် မဲဆန္ဒမပေးရပါ။ ■

၂၀၀၄ ခုနှစ်ဦးပိုင်းတွင် နအဖညီလာခံသို့တက်ရောက်ရန် ငြိမ်းအဖွဲ့များ ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်ထံသို့ စာရင်းပေးသွင်းချိန်၊ နယ်စပ်တနေရာတွင်လည်း တိုင်းရင်းသားနှီးနှောဖလှယ်ပွဲ (ENSCC ) ကို ကျင်းပနေချိန်ဖြစ်သည်။ နိုင်ငံရေးအခြေအနေကိုမျက်ခြေမပြတ်လေ့လာနေသော ရှမ်းပြည်နိုင်ငံရေးသမားများ နအဖညီလာခံကို တစုံတရာထိုးနှက်ရန် ပြင်ဆင်လိုက်သည်။

(၂၂၊ ၃၊ ၂၀၀၄) ရက်နေ့၊ ဦးမြင့်သန်း (မျိုးဆက်သစ်–ရှမ်းပြည်) ၏သား မင်္ဂလာဆည်ခံပွဲကိုအကြောင်းပြု၍ ညပိုင်းတွင် နိုင်ငံရေးဆွေးနွေးပွဲလေး ကျင်းပလိုက်သည်။ တက်ရောက်လာကြတာက ဝါရင့်နိုင်ငံရေးအဖွဲ့၊ (UNLD) နှင့် (UNA) ကိုယ်စားလှယ်များ၊ ငြိမ်းအဖွဲ့များ၊ ရှမ်းပြည်နိုင်ငံရေးသမားများ၊ မျိုးဆက်သစ်လူငယ်များ၊ (SNLD) ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ထူးထူးခြားခြားတက်ရောက်တာက သက်ရှိထင်ရှား ကျန်နေသေးသော မိုင်းပန်စော်ဘွားစဝ်ရွှေ ကြာဖြစ်သည်။ ဆွေးနွေးပွဲတွင် ငြိမ်းအဖွဲ့များမှ အခြေတူသောမူများနှင့် နအဖညီလာခံတွင် ဆွေးနွေးရန်သဘောတူညီချက်ရခဲ့သည်။ ဝါရင့်နိုင်ငံရေးသမားကြီးကလည်း “ညီလာခံကိုတက်ပြီး (၁၀၄) မူကို ဖျက်ကြပါ” ဟု တိုက်တွန်းခဲ့သည်။ ထို့ကြောင့် ညီလာခံတက်သူများရင်ထဲတွင် “တက်မယ်၊ ဖျက်မယ်” ဟူသော စကား လေးပွဲ့တင်ထပ်သွားသည်။ နအဖညီလာခံမကျင်းပမီ ရက်ပိုင်းလေးမှာပင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်မှ သပိတ်မှောက်ထွက်ခဲ့သည်။ ဤသတင်းကိုကြားသိသော ရှမ်းပြည်နိုင်ငံရေးသမားဟောင်း ဦးတင်ဦး (ညောင်ရွှေ) ဝမ်းသာလွန်း၍ အဆိုပါညတွင် ကွယ်လွန်ခဲ့သည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၅) ရက်တွင် (SSA)မွေးနေ့ကို ဌာနချုပ်တည်ရှိရာ ရှမ်းပြည်မြောက်ပိုင်း ဆိုင်ကျော့တွင် ကျင်းပခဲ့သည်။ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်မှ ဆွေးနွေးဝိုင်းလေးကို စီစဉ်ပေးခဲ့သည်။ ထိုဆွေးနွေးပွဲကို ငြိမ်းအဖွဲ့များ၊ ဝါရင့်နိုင်ငံရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသားပါတီများ၊ ရှမ်းပြည်နိုင်ငံရေးသမားဟောင်းများ၊ မျိုးဆက်သစ်လူငယ်များ တက်ရောက်ခဲ့ကြသည်။“ရှမ်းပြည် ပညာရှင်များအတိုင်ပင်ခံကောင်စီ”ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဆက်လက်၍လည်း ပြည်နယ် အသီးသီးတွင် သက်ဆိုင်ရာအတိုင်ပင်ခံ ကောင်စီများပေါ်ထွက်လာရန်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်သည်။ ရည်ရွယ်ချက်အတိုင်း ကြိုးစားခဲ့သော်လည်း တိုင်းရင်းသားများစုစည်းသွားမှာကို ကြောက်လန့်နေသော နအဖတို့က ၂၀၀၅ ခုနှစ်၊ ဖေဖဝါရီ (၇) ရက် ရှမ်းပြည်နယ်နေ့ အခမ်းအနားအပြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ (ဗမာ ၊ရှမ်း ၊ကရင် ၊ကယန်း ၊ပအိုဝ့် ၊ဝ ၊ အင်း) လူပေါင်း (၂) ဒါဇင်ကျော်ကို တောင်ကြီးမြို့၌ ဖမ်းဆီးလိုက်လေသည်။ အဓိကဖမ်းဆီးသူများမှာ တောင်ကြီးတိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့် (ယခု စစ်တွေတိုင်းမှူး) နှင့် လားရှိုးတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့ဖြစ်သည်။ (SSA) ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်ကို ပြန်လွှတ်ပေးရန် ဒုတိယဥက္ကဋ္ဌ စဝ်ကိုင်ဖက နအဖအတွင်းရေးမှူး (၁) ဗိုလ်ချုပ်သိန်းစိန်နှင့် သွားရောက်တောင်းဆိုခဲ့ရာ“ ဥပဒေအရ ပြစ်မှုကျူးလွန်ရင် ကျုပ်တို့အစိုးရခေါင်းဆောင်တွေတောင် အရေးယူရတယ်”ဟူသော ဗိုလ်သိန်းစိန်၏တုန့်ပြန်စကားကြောင့် စဝ်ကိုင်ဖ ပြန်ခဲ့ရသည်။ ရိုးရိုးတော့ မပြန်ခဲ့ပါ နအဖညီလာခံတက်နေသော ၎င်းတို့အဖွဲ့မှ ကိုယ်စားလှယ်များကိုဆွဲထုတ်ကာ ဌာနချုပ် ဆိုင်ကျော့သို့ ပြန်လာခဲ့သည်။ နအဖညီလာခံကို သပိတ်မှောက်ထွက်ခဲ့သော တတိယမြောက်အဖွဲ့ဖြစ်သည်။ အမာ အမာခြင်းတွေ့တော့ မီးပွင့်လေပြီ။ မကြာပါ ဗိုလ်သိန်းစိန်ညွှန်ကြားချက်ဖြင့် လားရှိုးတိုင်းမှူးမြင့်လှိုင်က ၎င်းစစ်ဒေသအတွင်းရှိ ငြိမ်းအဖွဲ့များကို ဖိအားပေးတော့သည်။ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာအချို့နှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်မတော် (PSLA) တို့ လက်နက်ချခဲ့သည်။ ခြွင်းချက်အနေဖြင့် (SSNA) ခေါင်းဆောင် ဗိုလ်မှူးကြီး စိုင်းရီမှာ ခံနိုင်ရည်ရှိ၍ ပြန်လည်တိုက်ပွဲဝင်ခဲ့သည်။ နအဖကို ပြန်လည်တိုက်ပွဲဝင်ခဲ့သော ဒုတိယမြောက် ငြိမ်းအဖွဲ့ဖြစ်သည်။ (ပထမအဖွဲ့မှာ ငြိမ်းချမ်းရေး (၃) လသားဖြစ်ခဲ့သော (KNPP) အဖွဲ့ဖြစ်သည်) ယနေ့တိုင် (SSA) မြောက်ပိုင်းကို နအဖတို့ ဖိအားပေးနေဆဲဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ငြိမ်းအဖွဲ့အားလုံးကို လက်နက်ဖြုတ်နိုင်ပါက တိုင်းမှူးမြင့်လှိုင်ကို နအဖအတွင်းရေးမှူး (၂) နေရာပေးမည်ဟုလည်း စစ်ဘက်သတင်းအရ သိရှိရသည်။ ပြီးခဲ့သောအောက်တိုဘာလကလည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆဲလ်ရစ်ဟာ မစ်အယ်ဘာ၏ မြန်မာပြည်ခရီးစဉ်တွင် နအဖဗိုလ်ချုပ်ကြီးများကို တွေ့ဆုံခဲ့သည်။ ဗိုလ်ချုပ်ကြီးများက “ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့များအားလုံး လက်နက်ချရန်”ဟူသောစကားနှင့် “မြန်မာနိုင်ငံတွင် ဖက်ဒရယ်မရှိပေမယ့် ဖက်ဒရယ်ကဲ့သို့ ပြည်ထောင်စုရှိပါတယ်”ဟု မှတ်သားလောက်သောစကားနှစ်ခွန်းကို ကြားလိုက်ရသည်။ ဒုတိယစကားကို ဖက်ဒရယ် ဂုရုကြီးများကြားလျှင် ‘လည်’ ထွက်သွားနိုင်သည်။ ဖက်ဒရယ်ကိုသတ်ပြီး သန္ဓေတည်ခဲ့သော စစ်အာဏာရှင်တို့က ဘယ်သောခါမှ ဖက်ဒရယ်ကိုပေးမည်မဟုတ်ပါ။ ဖက်ဒရယ်ပေါ်ထွက်လာမှာကို တားဆီးခဲ့သည်မှာလည်း ရွေးကောက်ပွဲမကျင်းပမီအချိန်ကတည်းကဖြစ်သည်။

၁၉၉၀ မေလ (၂၇) ရက် ပါတီစုံရွေးကောက်ပွဲကြီးကျင်းပ၍ ပျော်ရွှင်နေကြချိန်မှာ အချို့ကလည်း မပျော်နိုင်ကြပါ။ တိုင်းရင်းသားပြည်နယ်များ၌ အမဲရောင်နယ်မြေများ သတ်မှတ်ခံရသောကြောင့် တချို့တိုင်းရင်းသားများဆန္ဒမဲပေးခွင့်မရကြပါ။ ယုတ်စွအဆုံးရှမ်းပြည်မြို့တော် တောင်ကြီးကိုကြည့်ပါ။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တိုင်းစစ်ကွန်မန်ဒိုသင်တန်းကျောင်းကြားရှိ ဘုရားဖြူရွာ (ပအိုဝ့်ရွာကလေး)နှင့် တောင်ကြီးတက္ကသိုလ်နှင့် နအဖဆက်သွယ်ရေး တပ်ရင်း (၂၁၂) အနောက်ဖက်ကပ်လျှက် စောစီရွာကလေးကို အမဲရောင်သတ်မှတ်သောကြောင့် မဲဆန္ဒမပေးရပါ။ တခြားမြို့များကိုတော့ မပြောလိုတော့ပါ။ ထိုစဉ်က နဝတသည်တိုင်းရင်းသားခေါင်းဆောင်များ ပေါ်ထွက်လာမှာကို ကြောက်လန့်ခြင်းသည် ပထမဖြစ်ပြီး၊ အန်အယ်လ်ဒီကို ကြောက်လန့်ခြင်းသည် ဒုတိယသာဖြစ်သည်ဟု စာရေးသူ သုံးသပ်ပါသည်။ ရွေးကောက်ပွဲအပြီး အန်အယ်လ်ဒီအနိုင်ရသောအခါတွင် နဝတတို့အတွက် စစ်မျက်နှာတစ်ဖက်သာဖွင့်၍ တိုက်ခိုက်ကာ နှိပ်ကွပ်နိုင်ခဲ့သည်။ မပြောပလောက်သော အနိုင်ရ တိုင်းရင်းသားပါတီများကို အေးဆေးစွာပင် ရင်ဆိုင်နိုင်ခဲ့သည်။ အသဲကြားက မဲတပြားကို ပေးခွင့်မရခဲ့သော တိုင်းရင်းသားရွာများက ရွေးကောက်ပွဲကို မတရားဘူးဟု ပြောနေကြသည်။

အမျှော်အမြင်ကြီးသော တိုင်းရင်းသားခေါင်းဆောင်များကလည်း အချင်းချင်းမဟာမိတ်ဖွဲ့ကာ ပြည်ထောင်စုတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ယူအဲန်အယ်လ်ဒီကို ရွေးကောက်ပွဲအပြီး ဖွဲ့စည်းနိုင်ခဲ့သည်။ ဆက်လက်၍လည်း အန်အယ်လ်ဒီနှင့် လက်တွဲပူးပေါင်းကာ (၂၉ ၊၈ ၊၉၀) တွင် ဗိုလ်အောင်ကျော်လမ်းကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၏ အထင်ကရတခုဖြစ်သည်။ သို့သော်လည်း စစ်အာဏာရှင်တို့၏ မတရားဖျက်ဆီးခြင်းကိုခံရ၍ ယနေ့တိုင် ပြန်လည်အသက်မသွင်းနိုင်သေးပါ။ ယူအဲန်အယ်လ်ဒီ သဘာပတိအဖွဲ့ဝင်လည်းဖြစ်၊ ဝါရင့်နိုင်ငံရေးသမားဟောင်းလည်းဖြစ်သော ရှမ်းပြည်နိုင်ငံရေးသမားဟောင်း ဦးရွှေအုံးသည် (၂၇၊ ၅ ၊ ၂၀၀၃) ရက်နေ့တွင် အဲန်အယ်လ်ဒီ ဗဟိုဌာနချုပ်သို့သွားရောက်ကာ ဗိုလ်အောင်ကျော်လမ်းကြေညာချက်ကို အသက်သွင်းရန်ကြိုးစားခဲ့သည်။ ထိုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်သည် စည်းရုံးရေးခရီးစဉ်အဖြစ် စစ်ကိုင်းဘက်ရောက်နေချိန် ဖြစ်သည်။ အဲန်အယ်လ်ဒီမှ (CEC)များ စုံလင်မှ ဆက်လက်ဆွေးနွေးရန်စီစဉ်ခဲ့သော်လည်း ဒီပဲရင်းပြဿနာကြောင့် ကြားခံသွားသည်။ ယခုအချိန်တွင်လည်း ဦးရွှေအုံးမှာ နေအိမ်အကျယ်ချုပ်ဖြင့် တောင်ကြီးတွင် အဖမ်းခံနေရသည်၊ အသက် (၈၄) နှစ်ရှိပြီး နိုင်ငံတော်မှပေးအပ်ထားသော လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ကိုတောင် မထောက်ထားပါ။ အကြည်ညိုပျက်အောင်လုပ်ခဲ့သည်မှာလည်း ယခုမှမဟုတ် ယခင်ကတည်းက လုပ်နေကြဖြစ်သည်။

၂၀၀၂ ခုနှစ် နိုဝင်ဘာလ ဒေါ်အောင်ဆန်းစုကြည်၏ တောင်ကြီးစည်းရုံးရေးခရီးစဉ်ဖြစ်သည်။ ထိုနေ့က ဒေါ်အောင်ဆန်းစုကြည်အဖွဲ့သည် ကန်ရှေ့ရပ်ကွက်ရှိ ဒေါ်မိုးမိုးအိမ်တွင်တည်းခိုပြီး နံနက်ပိုင်း (၉) နာရီတွင် ရေအေးကွင်းရပ်ရှိ အဲန်အယ်လ်ဒီ တိုင်းရုံးကိုဖွင့်လှစ်ကာ နေ့လည် (၁၁) နာရီတွင် မျိုးဆက်သစ်ရှမ်းပြည်မှ အဖွဲ့ဝင် (၆) ဦးနှင့် တံခါးပိတ်ဆွေးနွေးခဲ့သည်။ ညပိုင်း (၆) နာရီတွင် တောင်ကြီးမြို့မှ မြို့မိမြို့ဖများ၊ ရှမ်းပြည် နိုင်ငံရေးသမားဟောင်းများကို တွေ့ဆုံ၍ ညစာစားပွဲပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်တို့စားပွဲဝိုင်းတွင် ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ရှမ်းပြည်နိုင်ငံရေးသမားဟောင်းများနှင့် ဦးရွှေအုံးတို့ဝိုင်းဖွဲ့ကာ အချိန်ရခိုက် နိုင်ငံရေးအကြောင်းပြောဆိုနေကြသည်။

ဦးရွှေအုံးမှ ဒေါ်အောင်ဆန်းစုကြည်ကို အကြံပေးစကားပြောလိုက်သည်။ “တူမကြီး တိုင်းရင်းသားတွေကို စည်းရုံးဟောပြောတဲ့ခါ အာမခံနိုင်တာကိုဘဲပြောပါ။ အာမ မခံနိုင်တာကို မပြောမိစေနဲ့။ ဘာလို့လဲဆိုတော့ တူမကြီးအဖေ ဗိုလ်ချုပ်အောင်ဆန်းတုန်းက အန်ကယ်တို့ ခံခဲ့ရဘူးလို့ပါ ”ဟု ပြောလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည် စားလက်စထမင်းရပ်သွားပြီး စိတ်ဝင်စားသွားသည်။ မိမိအား အဓိပ္ပာယ်လိုရင်းကို ရှင်းပြရန်တောင်းဆိုလိုက်သည်။ “ဒီလိုပါတူမကြီး ဗိုလ်ချုပ်နဲ့အန်ကယ်တို့ (၄၇) ပင်လုံသဘောတူညီချက်တွေကို တိုင်းပြုပြည်ပြုလွှတ်တော်မှာတင်သွင်းမယ်၊ ပါလည်းပါစေရမှာပါဆိုပြီး ဗိုလ်ချုပ်က အာမခံခဲ့တယ်။ တကယ်တမ်း (၄၇) ဇွန်လ တိုင်းပြုပြည်ပြုလွှတ်တော် ထွက်လာတော့ အန်ကယ်တို့ ရန်ကုန်ဆင်းလေ့လာတယ်။ အဲ့ဒီမှာ သဘောတူညီချက်တချို့ကျန်ခဲ့လို့ ဗိုလ်ချုပ်ကိုသွားတွေ့တယ်။ ဗိုလ်ချုပ်က ဘုရင်ခံအမှုဆောင်ကောင်စီမှာ ဒုတိယဥက္ကဋ္ဌဖြစ်နေတော့ အလုပ်များရှာတယ်။ ဒါနဲ့ပဲ ဖဆပလကိုသွားတွေ့ပြီး ဆွေးနွေးတယ်။ ဒီမှာတင် ဦးကျော်ငြိမ်း သူက ပြည်ထဲရေးဝန်ကြီးပေါ့။ နောက်ပြီး ဖဆပလအဖွဲ့ဝင်တော်တော်ပါတယ်။ အန်ကယ်တို့အဖွဲ့ကိုပြောလိုက်တယ်။ ခင်ဗျားတို့ကိုအာမခံ ကတိပေးတာက ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဘောထား၊ ဖဆပလရဲ့ သဘောထားမဟုတ်ဘူးဆိုပြီး ပြောချတယ်။ အန်ကယ်တို့ တော်တော်ခံစားခဲ့ရတယ်။ အဲဒါနဲ့ နောက်နေ့မှာ တောင်တန်းဒေသဝန်ကြီးဖြစ်နေတဲ့ ရှမ်းပြည်က မိုင်းပွန်စော်ဘွား စဝ်စံထွန်းကို သေချာရှင်းပြပြီး အန်ကယ်တို့အဖွဲ့ တောင်ကြီးပြန်တက်ခဲ့တယ်။ နောက်ပိုင်းမှာ စဝ်စံထွန်းဟာ ဗိုလ်ချုပ်နဲ့တွေ့ပြီး ရှင်းပြလို့ ဖဆပလမှာ ဗိုလ်ချုပ်ဟာ အခြေအတင်ဆွေးနွေးခဲ့ရတယ်လို့သိရတယ်။ ခုလည်းတူမကြီးက တိုင်းရင်းသားတွေကို အာမခံချက်ပေးပေမယ့် နောင်တချိန်ကျရင် အဲဒါက ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထား၊ အဲန်အယ်လ်ဒီရဲ့ သဘောထားမဟုတ်ဘူးဆိုပြီး ဖြစ်သွားမှာစိုးလို့ပါ”ဟု ဦးရွှေအုံးက ရိုးသားစွာအကြံပေးရှင်းပြခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် တယောက် ဂရုဏာသက်မိပြီး နားလည်သဘောပေါက်သွားသည်။ မိမိသဘောထားဟာလည်း အဲန်အယ်လ်ဒီရဲ့ သဘောထားဖြစ်ရပါမည်ဟု ပြောဆိုကာ စားလက်စထမင်းကို ပျော်ရွှင်စွာသုံးဆောင်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဝေဖန်စရာရှိပါက မည်သူ့ကိုမဆို ပြတ်ပြတ်သားသား ဝေဖန်ရဲသောစိတ်ရှိပြီး မိမိအား ပြောဆိုဝေဖန်လာရင်လည်း ခံနိုင်ရည်ရှိသူဖြစ်သည်။ မိမိအား ဝေဖန်စရာရှိပါက ဝေဖန်နိုင်ကြောင်းလည်း ရင်ဖွင့်ထားသူဖြစ်သည်။ မိမိဖခင်၏ လုပ်ဖော်ကိုင်ဖက် ရှမ်းပြည်နိုင်ငံရေးသမားဟောင်းများကိုလည်း လေးစားပြီး ပေးလာသောအကြံဉာဏ်များကိုလည်း တန်ဖိုးထားသည်။ ထို့နေ့ညက ညစာ စားသောက်ပြီး စကားများဆက်လက်ပြောဆိုကြရာတွင် ဦးရွှေအုံးက ဖက်ဒရယ်နှင့်ပတ်သက်ပြီးတော့ “ပြည်မဒေသကို ဖက်ဒရယ်အကြောင်း များများဟောပေးပါ။ တိုင်းရင်းသားတွေကိုတော့ ဖက်ဒရယ်များများ ဟောဖို့မလိုပါဘူး”ဟု ပြောလိုက်သည်။ အထက်ပါဦးရွှေအုံး ပြောဆိုခဲ့သောစကားများကို ထောက်လှမ်းရေးသတင်းများက ခလောက်ဆန်ကာ ဦးရွှေအုံးမှ ဒေါ်အောင်ဆန်းစုကြည်ကို ရှမ်းပြည်မှာ တရားလာမဟောရန်နှင့် ပြည်မ၌သာ သွားဟောရန် မောင်းထုတ်သည်ဟူ၍ လုပ်ကြံ

စာမျက်နှာ (၁၉) ကော်လံ (၄) သို့ ...

# ထန်းမနိုင်ရွာသူ မစုစုနွေးအား နအဖအစိုးရက မတရားအမှုဆင်ထောင်ချ

ဩဂုတ်လ (၁၃) ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ်၊ ထန်းမနိုင်ရွာသူ မစုစုနွေးကို ကော့မှူးမြို့နယ်တရားရုံးမှ ပုဒ်မ (၅၀၆) ခြိမ်းခြောက်မှု၊ ပုဒ်မ (၂၉၄/ခ) ညစ်ညမ်းစွာဆဲဆိုမှုတို့ဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် (၁) နှစ် (၇) လ ချမှတ်လိုက်သည်။

တရားရုံးသို့ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကွမ်းခြံကုန်း၊ ကော့မှူးမှ အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၊ ထန်းမနိုင်ရွာသူရွာသားများအပါအဝင် ပရိသတ် (၃၀၀) ခန့် လာရောက်အားပေးခဲ့ကြသည်။ ထန်းမနိုင်ရွာသူ မစုစုနွေးနှင့် ကိုအောင်ဇင်မိုးတို့နှစ်ဦးသည် ထန်းမနိုင်နှင့် မြစ္ဆဒီကျေးရွာသို့ ကားလမ်းဖောက်လုပ်ရာတွင် ရွာသားများကို အဓမ္မခိုင်းစေခဲ့သည့် အာဏာပိုင်များကို ယမန်နှစ်က တရားစွဲဆိုခဲ့ရာ ရယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၃) ဦး ထောင်ဒဏ် (၆) လစီ ကျခံခဲ့ရသည်။ ထို့ကြောင့် ခရိုင်၊ မြို့နယ်အာဏာပိုင်များက အငြိုးထားကာ မစုစုနွေးကို တရားပြန်လည်စွဲဆိုရန် (၅) ကြိမ်တိုင်တိုင် အစည်းအဝေးပြုလုပ်၍ ထန်းမနိုင်ရွာ ရယကဥက္ကဋ္ဌသစ် ဦးကျော်လွင်ကို ဖိအားပေးခိုင်းစေခဲ့ခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက *''ဒီအမှုအမိန့်ချမှတ်တာ မှန်ကန်မှုမရှိဘူးလို့ ကျနော်တို့ယုံကြည်တယ်။ ဥပဒေရေးရာမှာ မစုစုနွေးအပြစ်ရှိကြောင်း ခိုင်ခိုင်လုံလုံ သက်သေမပြနိုင်ဘူး။ နောက်ဆဲဆိုတယ်။ ခြိမ်းခြောက်တယ်ဆိုတဲ့အချိန် အဲဒီနေရာ၊ အဲဒီအချိန်မှာရှိနေတဲ့ အဲဒီလူတွေက တရားရုံးလာပြီးတော့ ဒါမမှန်ပါဘူး။ ဒီလိုပြောတာမရှိပါဘူးလို့၊ ခြိမ်းခြောက်တာမရှိဘူးလို့ ထွက်ဆိုတယ်။ ထွက်တဲ့ ထွက်ဆိုချက်တွေလည်းရှိတယ်။ ဒီလိုအခြေအနေမှာ အပြစ်တွေ့ရှိတာ မှန်ကန်မှုမရှိဘူးလို့ ကျနော်ယုံကြည်တယ်''* ဟု ဒီဗွီဘီသို့ ပြောကြားသည်။

ကော့မှူးမြို့ လွှတ်တော်ကိုယ်စားလှယ် မြောင်းမြဘဆွေက *''အန်ကယ်ရယ်၊ မင်းကိုနိုင်ရယ်၊ ကိုကိုကြီးရယ် ကားပေါ်တင်ပေးလိုက်တာပဲ။ တည်ငြိမ်တယ်။ အိမ်ခြေရတယ်။ ရဲရင့်တယ်။ ခေါင်းကလည်း ပန်းတွေဝေလို့ပဲ။ ပင်နီဝမ်းဆက်။ အန်ကယ်က မှာလိုက်တယ်လေ။ ကျန်းမာရေး အထူးဂရုစိုက်ပါလို့။ အန်ကယ် အားလုံးစိတ်ချပါတဲ့။ ကျမ ဒီမိုကရေစီတိုက်ပွဲကို ဆက်လက်ပြီး ဆင်နွှဲသွားမယ်လို့ သူက အဲဒီလိုပြောသွားပါတယ်''*ဟု အင်းစိန်ထောင်သို့ ပို့ဆောင်မည့်အချုပ်ကားပေါ်သို့ မစုစုနွေးတည်တည်ငြိမ်ငြိမ် တက်သွားပုံကို ပြောပြသည်။ မစုစုနွေးသည် နှလုံးရောဂါဝေဒနာရှင်ဖြစ်၍ လိုအပ်သော ဆေးဝါးများကိုယူဆောင်သွားရာ အင်းစိန်ထောင်အာဏာပိုင်များက ထောင်တွင်းသို့ ယူဆောင်ခွင့်မပြုဟုသိရသည်။

ရှေ့နေတဦးဖြစ်သူ ဦးတင်ဝင်းက ''ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ *(Freedom From Fear)* ဆိုတာဒါပဲ။ *ကြောက်လို့မရဘူး။ ကျနော်တို့ရင်းရတော့မယ်။ ရဲရဲတိုင်ပါ။ တိုင်တဲ့အခါမှာ ပီပြင်အောင်တိုင်ပါ။ သတ္တိရှိရှိတိုင်ပါ။ ရဲရဲဝံ့ဝံ့တိုင်ပါ။ မကြောက်နဲ့၊ဖမ်းလဲမကြောက်နဲ့။ ကျနော်တို့လိုက်မယ်။ ရှေ့နေကကြောက်နေရင် ဘာလုပ်တော့မှာလဲ။ အမှန်တရားပေါ်နိုင်အောင်လို့ ဆောင်ရွက်မယ်။ အန်ကယ်တို့ဘာကိုမှမမှုဘူး၊ အဲဒီတော့နယ်တွေမှာ မတရားလုပ်ခံရတဲ့သူတွေတိုင်ပါ။ တောပါ။ လုပ်ပါ။ မီဒီယာတွေကို အသုံးချပါ။ အန်ကယ်တို့ ရှေ့နေတွေကိုလည်း အကူအညီတောင်းပါ။ အသင့်ပဲ အန်ကယ်တို့''*ဟု ပြောသည်။



ထန်းမနိုင်သူ မစုစုနွေး

မစုစုနွေးအမှုနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ကုလသမဂ္ဂအဖွဲ့အစည်းတခုဖြစ်သည့် မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (UNWGAT) ထံသို့ တင်သွင်းပြီး သူမ၏ကျန်းမာရေးအခြေအနေအရ အမှုကို အရေးကြီးအဆင့်သတ်မှတ်ပေးရန် မေတ္တာရပ်ခံထားသည်ဟု သိရသည်။

❖

# နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေဆိုးဝါး

မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးတွင် စစ်အစိုးရ၏ မတရားဖမ်းဆီးခြင်းခံထားရသော နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေ အထူးဆိုးဝါးလျက်ရှိသည်။ မော်လမြိုင်ထောင်တွင် နှစ်ရှည်ထောင် ဒဏ်ကျခံနေရသော ရန်ကုန်တိုင်း၊ အဖွဲ့ချုပ်ဥပဒေအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌဦးစိုးဟန်သည် မျက်စိဝေဒနာဆိုးဝါးစွာခံစားနေရပြီး မျက်လုံးခွဲစိတ်ရမည့်အခြေအနေရှိနေကြောင်းသိရှိရသည်။ ဦးစိုးဟန်က မျက်စိအထူးကုဆရာဝန်နှင့် ပြင်ပတွင်ကုသခွင့်ပြုရန် ထောင်အာဏာများထံ တောင်းဆိုခဲ့သော်လည်း ရာဇဝတ်အကျဉ်းသားကဲ့သို့ လက်ထိပ်ခြေကျင်းခတ်ပြီးမှ ဆေးကုသခွင့်ရမည်ဟု ပြောဆိုသောကြောင့် ဦးစိုးဟန်မှာ ဆေးကုသမှုမခံယူခဲ့ဟုသိရသည်။ ဦးစိုးဟန်သည် (၂၀၀၀) ခုနှစ်က စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးမှုခံခဲ့ရပြီး ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခံခဲ့ရသည်။

ထောင်ဒဏ် (၄၇) နှစ် ချမှတ်ခံထားရသော စီအာရ်ပီပီအဖွဲ့ဝင် ဘူးသီးတောင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းမှာလည်း အင်းစိန်ထောင်တွင်း အစားအသောက်ညံ့ဖျင်းမှုနှင့် စိတ်ဖိစီးမှုဒဏ်များကြောင့် အားနည်းနေပြီး ထောင်ဒဏ် (၁၇) နှစ် ချမှတ်ခံထားရသော ဦးကျော်မင်း၏ဇနီး ဒေါ်တီဇာမှာလည်း ၎င်းထောင်၌ပင် လေးဘက်နာရောဂါခံစားနေရကြောင်း ဒီဗွီဘီသတင်းအရသိရှိရသည်။ မြို့နယ်ပညာရေးမှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သည့် ဦးကျော်မင်းအား နိုင်ငံရေးပုဒ်မ (၅–ည)၊ နိုင်ငံသားပုဒ်မ (၁၇) တို့နှင့် ထောင်ချထားခြင်းသည် ဥပဒေနှင့်မညီညွတ်သည့်အတွက် အမေရိကန်အခြေစိုက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပါတီဝင်များက ဦးကျော်မင်းပြန်လည်လွတ်မြောက်ရေး ကူညီဆောင်ရွက်ပေးရန် ဂျနီဗာရှိ နိုင်ငံတကာကြက်ခြေနီရုံးသို့ ယခုလ (၇) ရက်နေ့က စာရေးတောင်းဆိုခဲ့သည်ဟုသိရှိရသည်။

လွတ်ရက်စေ့သော်လည်းပြန်မလွှတ်ပေးပဲ ပုဒ်မ (၁၀–က) နှင့် ဆက်လက်ဖမ်းဆီးခြင်းခံထားရသည့် ကျောက်တန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းနှင့် မရမ်းကုန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်တို့မှာလည်း ကျန်းမာရေးအခြေအနေမကောင်းဟု သိရသည်။ အင်းစိန်ထောင်တွင် ဖမ်းဆီးခံထားရသော ဒေါ်မေဝင်းမြင့်မှာ သွေးတိုးနှင့်နှလုံးရောဂါများအပြင် ကျည်းပေါင်းတက်သည့်ရောဂါလည်း ဆိုးဝါးစွာခံစားနေရသည်ဟု ဒေါ်မေဝင်းမြင့်၏ မိသားစုဝင်များပြောကြားချက်အရသိရသည်။ ဒေါက်တာသန်းငြိမ်းနှင့် ဒေါ်မေဝင်းမြင့်တို့ကို အာဏာပိုင်များက (၁၉၉၇) နှစ်တွင်ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် (၇) နှစ်စီချမှတ်ခဲ့သည်။ လွတ်ရက်စေ့နေပြီဖြစ်သော်လည်း ပုဒ်မ (၁၀/က) နှင့် အကြိမ်ကြိမ် ထောင်သက်တမ်းတိုးပြီး ဆက်လက်ဖမ်းဆီးထားခြင်းဖြစ်သည်။ ❖

# မင်းကိုနိုင်အား အရပ်သားသတ္တိရှင်ဆု ပေးအပ်

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အားအမေရိကန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ဖြစ်သည် (Northcote Pakinson Funducivil Courage Prize) (အရပ်သား သတ္တိရှင်ဆု) ချီးမြှင့်သည့်အခမ်းအနားကို အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အောက်တိုဘာ (၁၁) ရက်နေ့ ညနေ (၆) နာရီခွဲက ကျင်းပခဲ့သည်။ ယင်းဆုကို ပုဂ္ဂိုလ်ရေးအရ ကြီးစွာသောအန္တရာယ်ဖြစ်မည်ကို အမှုမထားပဲ မကောင်းမှုကို မဆုတ်မနစ် ဆန့်ကျင်တွန်းလှန်ခဲ့သူများအား နှစ်စဉ်ချီးမြှင့်ခဲ့သည်။



အရပ်သားသတတ္တိဆုရှင် မင်းကိုနိုင်

မင်းကိုနိုင်ကိုယ်စား နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ကိုဘိုကြည်က ဆုလက်ခံရယူခဲ့ကြောင်းသိရသည်။

ထိုအခမ်းအနားကို မတက်ရောက်ဖြစ်ခြင်းအကြောင်းနှင့်ပတ်သက်၍ ကိုမင်းကိုနိုင်က''တကယ်လို့ ပြန်လာလို့ မရဘူးဆိုလို့ရှိရင် ပြည်သူနဲ့ ဝေးကွာသွားမှာပေါ့။ ပြည်သူတွေနဲ့ ကံတရားကတဖက်ထဲပဲ ဖြစ်ချင်တယ်။ ကောင်းလည်း အတူ၊ ဆိုးလည်း အတူပေါ့။ အကြောင်းအမျိုးမျိုးကြောင့် နှုတ်ပိတ်နေတဲ့ ပြည်သူတွေရဲ့ကိုယ်စား ကျနော်တို့ဟာ ပြောသင့် ပြောထိုက်တာဆိုရင်တော့ ကျနော်တို့ ပြောရလိမ့်မယ်။ ကမ္ဘာသိအောင်လို့ ပြည်သူတွေရဲ့နစ်နာချက်တွေ၊ လိုလားချက်တွေကို ကျနော်တို့ပြောရမှာပဲ။ အပြင်မှာတော့ ကျနော်တို့ဆီကသွားကြတဲ့ ညီအကိုမောင်နှမတွေ အတော်များများရှိနေပြီဆိုတဲ့အခါကျတော့ လုံလောက်ပြီလို့ ကျနော်ထင်ပါတယ်။ ပြည်ပရောက်နေတဲ့ ကျနော်တို့ရဲ့ ကျောင်းသားတွေ၊ ကျနော်တို့ရဲ့ ဒီမိုကရေစီဘက်တော်သားတွေလဲ ကိုယ့်တာဝန် ကိုယ်ကျေအောင်လုပ်ကြပါ။ ပြည်တွင်းမှာလည်း ကျနော်တို့ ကိုယ့်တာဝန်ကိုယ်ကျေဖို့ ကြိုးစားပါမယ်။ အဲဒီလောက်ပဲ ကျနော်ပြောနိုင်မယ်'' ဟု ဒီဗွီဘီ အားပြောပြသွားခဲ့သည်။

ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သောင်းငါးထောင်ရရှိမည်ဖြစ်ပြီး အဖွဲ့အစည်းများအားလှူဒါန်းမည်ဟု သိရသည်။

ကိုမင်းကိုနိုင်သည် (Civil Courage Prize) ဆုကို ရုရှားမှအမျိုးသမီးသတင်းထောက်တဦးနှင့်အဆိပ်ခတ် လုပ်ကြံခြင်းခံခဲ့ရသော အင်ဒိုနီးရှားမှ လူ့အခွင့်အရေးလှုပ်ရှားသူတဦးနှင့်အတူ ၂၀၀၅ ခုနှစ် အတွက် ပူးတွဲချီးမြှင့်ခံရခြင်းဖြစ်သည်။ အင်ဒိုနီးရှားမှ လူ့အခွင့်အရေးလှုပ်ရှားရင်း အဆိပ်ခတ်လုပ်ကြံခံရသူ မုနီး၏ဇနီးဖြစ်သူ က ''မင်းကိုနိုင်ဟာ အာဏာပိုင်တွေရဲ့ ဖိနှိပ်မှုကနေ ကိုယ်လွတ်ရုန်းမထွက်ဘဲ မြန်မာပြည်သူတွေလူ့ အခွင့်အရေးအတွက် အညံ့မခံပဲ တိုက်ပွဲဝင်နေတာ ကျမတို့အားလုံးသိရှိသလို အတုယူစရာကောင်းတဲ့ သူရဲကောင်းတဦးဖြစ်ပါတယ်'' ဂုဏ်ပြုချီးကျူးစကားဆိုခဲ့သည်။ ❖

# ပြည်ပရောက်မြန်မာစာနယ်ဇင်းသမားများအား သီးခြားကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းသင့်



ပြည်ပရောက် စာနယ်ဇင်းသမားများညီလာခံမြင်ကွင်း

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းသမားများကာကွယ်ရေးကော်မရှင် (CPJ) မှ ပြည်ပရောက်မြန်မာသတင်း စာဆရာများအနေဖြင့် တဦးချင်းရပ်တည်၍ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်ဒီမိုကရေစီရေး ကြိုးပမ်းနေမည့်အစား ဒေသတွင်းစာနယ်ဇင်းသမားများအားကာကွယ်မည့် ညီညွတ်သော မြန်မာစာနယ်ဇင်းကော်မရှင်တခုဖွဲ့စည်းသင့်ကြောင်း ချင်းမိုင်မြို့၌ (၂) ရက်ကြာ ကျင်းပသော ပြည်ပရောက် မြန်မာစာနယ်ဇင်းသမားများညီလာခံ၌ နှိုးဆော်ခဲ့သည်။

CPJ မှ Shawn Crispin က ပြည်ပရောက် မြန်မာစာနယ်ဇင်းသမားများ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်သည့် ကော်မရှင်တခုကို ဖွဲ့စည်းနိုင်မည်ဆိုပါက သက်ဆိုင်ရာအစိုးရအာဏာပိုင်များနှင့် တွေ့ကြုံနေရသည့် ပြဿနာအမျိုးမျိုးကို ဖြေရှင်းရာတွင် ပိုမိုထိရောက်၍ လွယ်ကူမည်ဖြစ်သည်ဟု အဆိုပါညီလာခံ၌ ပြောဆိုခဲ့သည်။

၎င်းကဆက်လက်၍ ''သက်ဆိုင်ရာအာဏာပိုင်တွေက ဖမ်းဆီးသည့်အခါ ၎င်းတို့က တဦးချင်းကိုသာ ကိုယ်စားပြုနေတဲ့အတွက် (CPJ) အနေနဲ့ ဖြေရှင်းရတာ အခက်အခဲရှိပါတယ်'' ပြောခဲ့သည်။

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော မြန်မာစာနယ်ဇင်းသမားများမှာ တရားဝင်နေထိုင်ခွင့်လက်မှတ်မရှိခြင်းနှင့် တရားဝင်စာနယ်ဇင်းသမားအဖြစ် အသိအမှတ်ပြုလက်မှတ်များမရှိခြင်းတို့ကြောင့် ဒေသခံအာဏာပိုင်များ၏ မကြာခဏဖမ်းဆီးအကျပ်ကိုင်ခြင်းခံရသည်။

ထိုင်းလူ့အခွင့်အရေးလှုပ်ရှားသူ (Unai Phasuk) က မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအစိုးရများသည် မြန်မာစစ်အစိုးရနှင့် စီးပွားရေးဦးစားပေးပေါ်လစီတို့ကြောင့် ၎င်းတို့နိုင်ငံတွင်းရှိ မြန်မာစာနယ်ဇင်းသမားများအား ချုပ်ချယ်ကန့်သတ်မှုများကို အချိန်မရွေးပြုလုပ်ရန် ဝန်လေးမည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

အောက်တိုဘာ (၃၁) ရက်နှင့် နိုဝင်ဘာလ (၁) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ကျင်းပသော အဆိုပါညီလာခံသို့ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလာဒေ့ရှ်၊ တရုတ်၊ အင်ဒိုနီးရှား၊ အရှေ့တီမော၊ ဖိလစ်ပိုင်နိုင်ငံတို့မှ စာနယ်ဇင်းသမားများတက်ရောက်ခဲ့ကြပြီး ပြည်ပရောက် မြန်မာစာနယ်ဇင်းသမားအပါအဝင် စုစုပေါင်း (၇၀) ကျော် တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ စစ်အာဏာရှင်လက်အောက်မှလွတ်မြောက်ရေးနှင့် ဒီမိုကရေစီအရေးအတွက် မြန်မာ့အိမ်နီးချင်းနိုင်ငံတို့တွင် ပြည်ပရောက်မြန်မာစာနယ်ဇင်းသမားစုစုပေါင်း (၁၀၀) ကျော်တို့ ရေဒီယိုနှင့် ပုံနှိပ်မီဒီယာတို့တွင် တက်တက်ကြွကြွလုပ်ကိုင်နေကြသည်။

❖

# နိုင်ငံတကာ

## သတင်းတိုထွာ

### တာဂျစ်စတန်၌ ထောင်ဆူပူမှုဖြစ်ပွား

ဗဟိုအာရှနိုင်ငံတနိုင်ငံဖြစ်သည့် တာဂျစ်စတန်နိုင်ငံရှိထောင်များ၌ ထောင်ဆူပူမှုများဖြစ်ပွားရာ အကျဉ်းသားအနည်းဆုံး (၂၀) ခန့်သေဆုံးကြောင်း နိုဝင်ဘာ (၂) ရက်နေ့ထုတ်သတင်းများ၌ ဖော်ပြပါရှိသည်။

လူ့အခွင့်အရေးလှုပ်ရှားသူတဦးဖြစ်သော (Azizi Abdrasulova) က''အကျဉ်းထောင် (၃၁) ထောင်မှာ ထောင်ဆူပူမှုဖြစ်ပွားတာကြောင့် (၂၀) ခန့်သေဆုံးပြီး အကျဉ်းသားအမြောက်အများ ဒဏ်ရာရကြပါတယ်''လို့ (Moldovanovlca) အကျဉ်းထောင်မှသတင်းများကို ကိုးကားပြောဆိုခဲ့သည်။ (Moldovanovlca) အကျဉ်းထောင်အရာရှိများ၏အဆိုအရ (Petrovoka, Novopokrovke) နှင့် (Jalal-Abad) စသည့်ထောင်များတွင် အကျဉ်းသားအချင်းချင်း မိုဘိုင်းဖုန်းများဖြင့် အဆက်အသွယ်ပြုလုပ်၍ ထောင်ဆူပူမှုကိုလုပ်ဆောင်ခဲ့ကြသည်ဟုဆိုသည်။ (Petrovka) အကျဉ်းထောင်ရှိ အကျဉ်းသားများသည် အစာငတ်ခံတိုက်ပွဲဝင်နေခဲ့သည်ဟုဆိုသည်။ ❖

### ကင်ဂျုံအီးက ဘိုင်စကယ် (စက်ဘီး) စီးရန်တိုက်တွန်းနှိုးဆော်

မြောက်ကိုးရီးယားခေါင်းဆောင် ကင်ဂျုံအီးက အလုပ်သမားများအားသယ်ယူပို့ဆောင်ရေး အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် စက်ဘီးများပိုမိုထုတ်လုပ်ရန် နှိုးဆော်လိုက်ပြီး စက်ဘီးစီးခြင်းဖြင့် ကျန်းမာရေးတိုးတက်မှုရှိပြီး လေထုညစ်ညမ်းမှုကို ကာကွယ်သည်ဟုပြောဆိုလိုက်သည်။ မြောက်ကိုးရီးယား၏ ပထမဆုံးသော စက်ဘီးစက်ရုံကိုဖွင့်လှစ်သည့် အခမ်းအနား၌ ယခုကဲ့သို့ပြောဆိုလိုက်ခြင်းဖြစ်ပြီး တနှစ်လျှင်စက်ဘီးအစီးပေါင်း (၃၀၀,၀၀၀) ထုတ်လုပ်မည်ဟု သိရှိရသည်။ ယင်းစက်ရုံ၏ (၅၁)ရာခိုင်နှုန်း (US $ ၆၅၀,၀၀၀ ) ကို တရုတ်ရင်းနှီးမြှုပ်နှံသူများကပိုင်ဆိုင်ပြီး ကျန် (၄၉) ရာခိုင်နှုန်းကို မြောက်ကိုးရီးယားကပိုင်ဆိုင်သည်။

### အမေရိကန်ကာကွယ်ရေးဝန်ကြီး မွန်ဂိုးလီးယားရောက်၊ စစ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းဖီးလ်သည် အောက်တိုဘာ (၂၂) ရက်နေ့က မွန်ဂိုးလီးယားသို့ရောက်ရှိနေပြီး အီရတ်နှင့်အာဖကန်နစ္စတန်စစ်ပွဲများတွင် မွန်ဂိုးလီးယားတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ငြိမ်းချမ်းရေးမစ်ရှင်များအတွက် တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးတွင် အမေရိကန်စစ်တပ်က အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။ မစ္စတာရမ်းဖီးလ်အား မွန်ဂိုးလီးယားနိုင်ငံက ကော်ဇောနီခင်း၍ ကြိုဆိုခဲ့သည်။ မွန်ဂိုးလီးယားကာကွယ်ရေးဝန်ကြီးက ၎င်းအား ကုလားအုတ်အရောင်မြင်းတစီးလက်ဆောင်ပေးခဲ့ရာ ရမ်းဖီးလ်ကအပြာရောင်လည်စီးဖြင့် မြင်းလည်ပင်းအား ချည်နှောင်ပေးခဲ့သည်။ အမေရိကန်ဝန်ကြီးက မွန်ဂိုးလီးယားသမတ (Numbaryn Enkhbuyar) အပါအဝင် ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ❖

## အီရတ်စစ်ပွဲတွင် ကျဆုံးသူအမေရိကန်စစ်သား (၂၀၀၀) ရှိပြီ



ကာလီဖိုးနီးယားတွင်ကျင်းပသော ကျဆုံးသူတို့အတွက် ဆုတောင်းပွဲ

သက္ကရာဇ် ၂၀၀၃ ခုနှစ် မတ်လမှ စတင်ဆင်နွှဲခဲ့သည့် စစ်ပွဲကြောင့် အမေရိကန်စစ်သားပေါင်း (၂,၀၀၀) ကျဆုံးသွားပြီဟု စီအဲန်အဲန်သတင်းများက အောက်တိုဘာ (၂၅) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ယင်းသို့ကျဆုံးသူအရေအတွက် (၂,၀၀၀) အထိရောက်ရှိနေချိန်နှင့် တိုက်ဆိုင်လျက် အမေရိကန်က အီရတ်ကိုဝင်ရောက်တိုက်ခိုက်မှုသည် သမတဂျော့ဒဗလျူဘုရှ်အစိုးရ၏ အမှားအယွင်းများဖြစ်သည်ဟူသော အယူအဆများ အမေရိကန်ပြည်သူလူထုအတွင်း တိုးပွားလျက်ရှိသည်ဟု စီအဲန်အဲန်က ဖော်ပြသည်။ (The Wall Steet Journal ) မှထုတ်ပြန်သော လူထုဆန္ဒသဘောထားကောက်ယူမှုတွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန် ပြည်သူ (၅၃) ရာခိုင်နှုန်းက အီရတ်စစ်ပွဲသည် မှားယွင်းကြောင်း ယုံကြည်ကြသည်ဟု ဖော်ပြခဲ့သည်။ ❖

## ဆက်ဒမ်ဟူစိန်အား တရားရုံး၌ရုံးတင်စစ်ဆေး အပြစ်မရှိကြောင်း သမတဟောင်းကလျှောက်လဲ



အီရတ်သမတဟောင်း ဆဒမ်ဟူစိန်အား တရားရုံး၌ တွေ့မြင်ရစဉ်

လူသားများအပေါ်ရာဇဝတ်မှု ကျူးလွန်ကြောင်းစွပ်စွဲချက်ဖြင့် အီရတ်အထူးတရားရုံး၌ အောက်တိုဘာ (၁၉) ရက်နေ့က သမတဟောင်း ဆက်ဒမ်ဟူစိန်က တရားရုံးအပေါ်အသိအမှတ်ပြုရန်ငြင်းဆိုလျက် သူ့တွင်အပြစ်မရှိကြောင်း လျှောက်လဲချက်ပေးခဲ့သည်။ ဆက်ဒမ်ကို (၁၉၈၂) ခုနှစ်က ရှိယက်မွတ်ဆလင်ကျေးရွာ (၁၄၀) ကျော်၌ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ စွဲချက်တင်ရာ၌ တရားရုံး၏မေးခွန်းများကို ဖြေကြားရန် ငြင်းဆန်ခဲ့သည်။ ''ကျနော်ဟာ ခင်ဗျားတို့ရဲ့အာဏာရှိမှုနဲ့ စွပ်စွဲပြောဆိုမှုတွေကို အသိမှတ်မပြုနိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ အမှားအယွင်းတွေအပေါ်အခြေခံထားတဲ့အရာအားလုံးဟာ အမှားအယွင်းတွေဖြစ်တာမို့ပဲ''ဟု ပြောဆိုခဲ့သည်။ အစိမ်းရောင်ဇုံနယ်မြေအတွင်းရှိ မီးခိုးရောင်မာဘယ်ကျောက်သားများဖြင့်ဆောက်လုပ်ထားသောတရားရုံးအား အစောင့်အရှောက်ထူထပ်စွာချထားခဲ့သည်ဟု သတင်းများအရ သိရှိရသည်။ ဆက်ဒမ်နှင့်အတူ လက်ထောက် (၇) ဦးသည် ရှီယက်ကျေးရွာများအား မျိုးတုံးသတ်ဖြတ်မှုနှင့် စွဲချက်တင်ခံရပြီး သေဒဏ်ပေးခံရနိုင်သည့် အလားအလာများနှင့်ရင်ဆိုင်နေရသည်။

သူ၏နာမည်နှင့် သူ့အကြောင်းကို တရားရုံးကမေးမြန်းသောအခါ ဆက်ဒမ်၏ တုံ့ပြန်မှုကြောင့် အလွန်အကျူးစိတ်အနှောက်အယှက်ဖြစ်နေဟန်ရှိသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ကဒ်လူမျိုးတရားသူကြီး (Kiokar Mohammad) က''မှတ်တမ်းတင်ထားပါသက်သေဟာ ပြောဖို့ငြင်းဆန်နေပြီ'' ဟု ပြောဆိုကြောင်း တရားရုံးသတင်းများအရ သိရှိရသည်။

တရားရုံးတွင် တရားစွဲခံနေရသူများထဲ၌ ဆက်ဒမ်ညီဝမ်းကွဲတော်သူ ယခင် ထောက်လှမ်းရေးဌာန ဒါရိုက်တာဟောင်း (Hasanal Titriti) နှင့် ဒုသမတဟောင်း (Taha Yassin Kamadan) တို့ ပါဝင်သည်ဟုဆိုသည်။ ဆက်ဒမ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် သူ၏ဇာတိမြေ (Tikrit) အနီး မြေအောက်တွင်းတတွင်းထဲ၌ ဖမ်းဆီးရမိခဲ့သည်။ ❖

အီရတ်နိုင်ငံ၊ ဘက်ဂဒက်မြို့တော်တွင် သမတဟောင်း ဆဒ္ဒမ်ဟူစိန်ကို အောက်တိုဘာ (၁၉) ရက်မှစ၍ တရားရုံးတင် အမှုစစ်နေပြီဖြစ်သည်။ ရက်စက်ကြမ်းကြုတ်လှသောအာဏာရှင်ကြီးအား အမှုဖွင့်ရုံးတင်ရာတွင် များပြားလှစွာသောပြစ်မှုများအနက်မှ ကာ့ဒ်လူမျိုးစုများအပေါ် အဆိပ်ဓာတ်ငွေ့သုံးတိုက်ခိုက်မှု၊ အီရန်နိုင်ငံ၊ ကူဝိတ်နိုင်ငံတို့အား ကျူးကျော်မှုများကိုမူ အမှုမဖွင့်ဘဲ အီရတ်ပြည်သူ (၁၀၀) ကျော်ကို သတ်ဖြတ်မှု တမှုတည်းကိုသာ အမှုဖွင့်စစ်ဆေးနေခြင်းဖြစ်သည်။

တရားခွင်တွင် သမတဟောင်း ဆဒ္ဒမ်ဟူစိန်နှင့် တရားသူကြီး ရစ်ဇ်ဂါမိုဟာမက်အာမင်အကြား အခြေအတင်ပြောဆိုချက်များမှာ အထူးစိတ်ဝင်စားဖွယ်ရာကောင်းလှသဖြင့် နောင်တွင် ''ကမ္ဘာကျော်တရားခွင် လျှောက်လဲချက်များ'' စာအုပ်ထဲ ထပ်ဖြည့်စရာဖြစ်ချင်ဖြစ်လာနိုင်သဖြင့် ယခုဖော်ပြလိုက်ပါသည်။

***ဆဒ္ဒမ်*** ။ ။ ဘုရားသခင်ရဲ့အရေးတော်ပုံအတွက် တိုက်ပွဲဝင်သူတွေဟာ အောင်ပွဲခံလိမ့်မယ်။ ငါ့ကိုယ်ငါ ကမ္ဘာမှာ အကြီးမြတ်ဆုံးဖြစ်တဲ့ ဘုရားသခင်ရဲ့ဖဝါးအောက် အပ်နှင်းထားတယ်။

***တရားသူကြီးအာမင်*** ။ ။ မစ္စတာ ဆဒ္ဒမ်ခင်ဗျား.... ခင်ဗျား ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ခင်ဗျားနာမည်ဘာဆိုတာ ကျနော်တို့ကိုပြောပြပါ။ ခင်ဗျားပြောချင်တာပြောဖို့ အချိန်အလုံအလောက်ပေးပါမယ်။ ခင်ဗျား ကြိုက်သလိုပြောဖို့၊ ခင်ဗျားစိတ်ထဲရှိတာတွေအကုန်ပြောဖို့ အချိန်ကောင်းကောင်းပေးပါမယ်။ ဒါပေမယ့် ဒီတရားရုံးမှာ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ထားတာရှိလို့ ကျနော်တို့ အဲ့ဒီ လုပ်ထုံးလုပ်နည်းအတိုင်း သွားရပါမယ်။

***ဆဒ္ဒမ်*** ။ ။ မင်းဘယ်သူလဲ။ မင်း ဒီမှာဘာလုပ်နေတာလဲ။

ဒီတရားရုံးလို့ပြောတဲ့ဟာကို ငါအသိ အမှတ်မပြုဘူး။ မေးတာ မဖြေနိုင်ဘူး။ အီရတ်နိုင်ငံရဲ့သမတအဖြစ်နဲ့ ငါ့ရဲ့အခြေခံဥပဒေပါရပိုင်ခွင့် ငါ့မှာရှိတယ်။ ငါ မင်းတို့ပြောတဲ့ အတိုင်းလိုက်လုပ်မှာမဟုတ်ဘူး။

မင်းကို အခွင့်အာဏာပေးထားတဲ့ အတန်းအစားကို ငါအသိအမှတ်မပြုဘူး။ [အမေရိကန်] ကျူးကျော်မှုကိုလည်း အသိအမှတ်မပြုဘူး။ ဘာလို့လဲဆိုတော့ လံကြုတ်ကိုအခြေခံထားတာအားလုံး လံကြုတ်ချည်းပဲဖြစ်လို့။

မင်း အရင်တုန်းက တရားသူကြီးရောလုပ်ဖူးရဲ့လား။

***တရားသူကြီးအာမင်*** ။ ။ တရားရုံးထဲမှာ ဒါတွေပြောဖို့ အကြောင်းမရှိပါဘူး။

***ဆဒ္ဒမ်*** ။ ။ ငါ ဒီစစ်ခုံရုံးထဲကို မနက်နှစ်နာရီခွဲကတည်းက ရောက်နေတယ်။ မနက် ကိုးနာရီကတည်းက ဒီပုံစံအတိုင်းနေနေရတယ်။

မင်း ငါ့အကြောင်းသိတယ်မဟုတ်လား။ မင်းလည်း အီရတ်လူမျိုးပဲ။ ငါ ဘယ်တော့မှ မကျိုးဘူး။ မနွမ်းဘူးဆိုတာ မင်းကောင်းကောင်း သိတယ်မဟုတ်လား။

***တရားသူကြီးအာမင်*** ။ ။ ကျနော် အခု ခင်ဗျားကို ခင်ဗျားအကြောင်းမေးနေတာဖြစ်တယ်။

***ဆဒ္ဒမ်*** ။ ။ ငါ ဒီမေးခွန်းကို စာနဲ့ရေးဖြေပြီးလို့ မင်းဆီပို့ထားပြီးပြီလေ။

***တရားသူကြီးအာမင်*** ။ ။ ဆက်ပြောပါ။ မစ္စတာ ဆဒ္ဒမ်။ ခင်ဗျားမှာ အပြစ်ရှိသလား။ မရှိဘူးလား။

***ဆဒ္ဒမ်*** ။ ။ ငါ ပြောထားပြီးသားပဲ။ ငါ့မှာ အပြစ်မရှိဘူး။ ငါ လုံးဝအပြစ်ကင်းတယ်။ ❖

နိုင်ငံတကာ

# တီဟီရန်ဗုံးပေါက်ကွဲမှု ဗြိတိန်အကျိုးစီးပွားပျက်ပြားရန်ရည်ရွယ်



တီဟီရန်ရှိ ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲ

နိုဝင်ဘာ (၂) ရက်နေ့က တီဟီရန်မြို့ ဗြိတိသျှလေကြောင်းလိုင်းရုံးအပြင်ဘက်၌ ပေါက်ကွဲခဲ့သည့် အသေးစားဗုံးပေါက်ကွဲမှုသည် အသေအပျောက်မရှိသော်လည်း ပျက်ဆီးမှုတချို့ရှိသည်ဟု ရဲအဖွဲ့မှထုတ်ဖော်ပြောကြားလိုက်သည်။ ''ကနေ့ ဗုံးပေါက်ကွဲမှုဟာ တချို့နိုင်ငံများက ကျင့်သုံးနေတဲ့ အီရန်ဆန့်ကျင်ရေးရပ်တည်ချက်များကို တုံ့ပြန်တဲ့ လုပ်ရပ်ဖြစ်နိုင်ပါတယ်''ဟု လက်ထောက်ပြည်ထဲရေးဝန်ကြီး (Ali Ahmadi) က အီရန်လုပ်သားသတင်းအေဂျင်စီသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းဗုံးပေါက်ကွဲမှုသည် ဗြိတိန်၏အကျိုးစီးပွားအားပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု အကဲခတ်များက ယူဆကြသည်။ ဗြိတိန်နိုင်ငံသည် အနုမြူလောင်စာများပြုလုပ်နေမှုကို ရပ်ဆိုင်းရန်အတွက် အီရန်နိုင်ငံအားရှင်းပြပြောဆိုရန် ကြိုးပမ်းရာတွင် ဦးဆောင်လှုပ်ရှားလျက်ရှိသည်။ ဝါရှင်တန်ကမူ အီရတ်နိုင်ငံသည် အနုမြူဗုံး ပြုလုပ်ရန်ရည်ရွယ်နေသည်ဟု ယူဆထားပြီး အီရတ်ရှိသူပုန်များအား ထောက်ပံ့နေသည်ဟု အီရန်အားစွပ်စွဲထားသည်။

မကြာသေးခင်ကမှ အီရန်သမတ (Ealmoud Ahmadinejad) က အစ္စရေး၏ အဖျက်လုပ်ရပ်ဟုပြောဆိုခဲ့မှုအပေါ် ရှုံ့ချဝေဖန်ခဲ့သူ ဗြိတိသျှဝန်ကြီးချုပ် (Tony Bliar) က အီရန်အားစစ်ရေးအရ ခြိမ်းခြောက်ရန် (သို့မဟုတ်) ကျူးကျော်ရန်ရည်ရွယ်ချက်မရှိဟု နိုဝင်ဘာ (၂) ရက်နေ့က ထုတ်ဖော်ပြောဆိုခဲ့သည်။

ထောင်ပေါင်းများစွာသော အီရန်လူငယ်များသည် တီဟီရန်ရှိ ယခင်အမေရိကန်သံရုံးဟောင်းဝန်းကျင်တွင် စုရုံးကြပြီး အမေရိကန်ကျဆုံးပါစေဟု ကြွေးကြော်သံများကို ဟစ်အော်ကြသည်။ လွန်ခဲ့သော (၂၅) နှစ်က အီရန်ရှိ အမေရိကန်သံရုံးအား ဝင်ရောက်စီးနင်းမှု အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်သည်ဟု ဆန္ဒပြသူများ၏အဆိုအရသိရှိရသည်။ ❖

# ရုရှားက ကွန်ဒိုလီဇာရိုက်စ်၏တင်ပြချက်ကို ငြင်းပယ်

အငြင်းပွားနေသော အီရန်နျူးကလီယားပရိုဂရမ်နှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၏ တင်ပြချက်များကို ရုရှားကငြင်းပယ်ခဲ့သည်ဟု သိရှိရသည်။ ကွန်ဒိုလီဇာရိုက်စ်သည် အောက်တိုဘာ (၁၅) ရက်နေ့တွင် မော်စကိုမြို့၌ ရုရှားသမတဗလာဒီမာပူတင်အပါအဝင် ထိပ်တန်းရုရှားခေါင်းဆောင်များနှင့်ဆွေးနွေး၍ အီရန်အနုမြူဓာတ်ပေါင်းဖိုကိစ္စတွင် အမေရိကန်၊ အီးယူတို့နှင့်ပူးပေါင်းဆောင်ရွက်ရန်ကမ်းလှမ်းခဲ့ရာ ယခုကဲ့သို့ ပယ်ချခံခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး (Sengey Lavoor) အပါအဝင် ရုရှား အရာရှိများနှင့် အချိန်အတော်ကြာယူကာ ဆွေးနွေးခဲ့ကြသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အီရန် အားအရေးယူရန်ကိစ္စအား ဆက်လက်ဆန့်ကျင်နေဆဲဖြစ်သည်။

ရုရှား၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်နေသော ၎င်း၏ နျူးကလီးယားစီမံချက်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်သာဖြစ်ပြီး နျူကလီးယားလက်နက်ထုတ်လုပ်ရန် မရည်ရွယ်ဟု အီရန်ကကြေညာထားသည်။

သို့ရာတွင် အမေရိကန်ကမူ တရားဝင်စွမ်းအင်ဆိုင်ရာစီမံချက်ကို ဒိုင်းသဖွယ်အကာအရံယူပြီး နောက်ကွယ်တွင် နျူကလီးယားဗုံးထုတ်လုပ်သည့် စီမံချက်ရှိနေသည်ဟု စွပ်စွဲထားသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး စတင်ခဲ့သောစစ်အေးတိုက်ပွဲ (Cold War) အပြီးတွင် မဟာအင်အားကြီးနှစ်နိုင်ငံဖြစ်သော ရုရှား (ယခင်ဆိုဗီယက်ယူနီယံ) နှင့် အမေရိကန်ပြည်ထောင်စုတို့၏ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတည်ဆောက်မှုသည် နယ်ပယ်အသီးသီး၌ အကြီးအကျယ်ပြိုင်ဆိုင်ခဲ့သည်။

၁၉၆၂ နှစ် ကျူးဘားအရေးအခင်းနှင့်ပတ်သက်၍ ဆိုဗီယက်ခေါင်းဆောင် ခရုရှော့နှင့် အမေရိကန်သမတ ကနေဒီလက်ထက်တွင် စစ်ဖြစ်လုနီးပါးအခြေအနေဆိုက်ရောက်ခဲ့ရသည်။ ထိုအချိန်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ဦးဆောင်ဖြေရှင်းမှုကြောင့် ပြေလည်သွားခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်ပိုင်းတွင် အမေရိကန်သည် တဦးတည်းပြိုင်ဘက်မရှိ ဟိုက်ပါဝါဖြစ်လာသည်။ ယခင်ကွန်မြူနစ်နိုင်ငံဟောင်း ရုရှားသည် တံခါးဖွင့် စီးပွားရေးစနစ်ကို ကျင့်သုံးလာသော်လည်း နိုင်ငံတကာပြဿနာများကို ဖြေရှင်းရာ၌ တထပ်တည်းမကျဘဲ သဘောထားကွဲလွဲဆဲဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင်လည်း လုံခြုံရေးကောင်စီတွင် ရုရှား၊ ပြင်သစ်နှင့် တရုတ်တို့က သဘောမတူသောကြောင့် အီရတ်စစ်ပွဲကို အမေရိကန်၏ ကုလသမဂ္ဂမှတိုက်ပွဲဝင်သည့် အခြေအနေမျိုးဖန်တီးမှုမှာ မအောင်မြင်ခဲ့ပေ။ ❖

# ပါကစ္စတန်မြေငလျင် လူနှစ်သောင်းကျော်သေဆုံး



ဒဏ်ရာရနေသောသားငယ်အား ချီပိုး၍သယ်ယူလာသည့် ငလျင်ဒဏ်ခံရသည့် ဖခင်တဦး

ပြီးခဲ့သော အောက်တိုဘာ (၈) ရက်နေ့က ပါကစ္စတန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်သောမြေငလျင်လှုပ်မှုကြောင့် သေဆုံးသူစုစုပေါင်း (၇၃,၂၇၆) ယောက်ရှိပြီး ပြင်းထန်စွာဒဏ်ရာရသူပေါင်း (၆၉,၀၀၀) ကျော်ရှိကြောင်း ပါကစ္စတန်ကယ်ဆယ်ရေးဆိုင်ရာ ထိပ်တန်းအရာရှိတဦးဖြစ်သူ မေဂျာဂျင်နရယ် (Faroeq Almed Khan) က ထုတ်ဖော်ပြောဆိုခဲ့သည်။

အစိုးရကြေညာချက်မှာ ဒေသဆိုင်ရာအရာရှိများ၏ ခန့်မှန်းချက်နှင့် ကိုက်ညီမှုရှိသည်ဟု သတင်းများကဆိုသည်။ ယင်းမြေငလျင်နှင့်ဆက်စပ်နေသော အိန္ဒိယပိုင်ကက်ရှမီးယားဒေသတွင်မူ လူ (၁,၃၅၀) သေဆုံးခဲ့သည်ဟု သိရှိရသည်။ သို့ရာတွင် တချို့မြေငလျင်ဒဏ်ခံရသည့် ဒေသများသို့ သွားရောက်နိုင်ခြင်းမရှိခဲ့သဖြင့် သေဆုံးသူဦးရေမှာ ယခုထက်ပိုမိုများပြားလာနိုင်သည်ဟု လေ့လာသူတချို့က ခန့်မှန်းလျက်ရှိသည်။ မြေငလျင်ဒဏ်ခံနေရသည့်ဒေသများသို့ အကူအညီများပို့ပိုးရာတွင် အမေရိကန်စစ်တပ်မှ ရဟတ်ယာဉ် (၂၄) စီးပါဝင်ကူညီလျက်ရှိသည်။ အမေရိကန်စစ်ဘက် သတင်းများအရ ပါကစ္စတန်နှင့် အိန္ဒိယနယ်စပ်ကိုပိုင်းခြားထားသော နယ်စပ်မျဉ်းတလျှောက်ပျံသန်းသွားသော (Chinook) အမျိုးအစား ယာဉ်တစင်းအား နိုဝင်ဘာ (၁) ရက်နေ့ မွန်းလွဲ (၁) နာရီ (၄၅) မိနစ်က ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခံခဲ့ရသော်လည်း ထိမှန်ခြင်းမရှိဘဲ ရဟတ်ယာဉ်အဖွဲ့သားအားလုံး ဘေးကင်းစွာ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။ ❖

# အစိုးရကဆင်းရဲမွဲတေမှုနှင့် နိုင်ငံခြားသားဝင်ရောက်မှုမကာကွယ်နိုင် ပါရီမြို့တွင် အဓိကရုဏ်းများပျံ့နှံ့နေ

ပါရီမြို့ ဆင်ခြေဖုံးရပ်ကွက်များတွင် ရက်သတ္တပတ် နီးပါးကြာဖြစ်ပွားနေသော အဓိကရုံးများပိုမိုပျံ့နှံ့လာနေသဖြင့် အစိုးရအဖွဲ့မှာ ဒယိမ်းဒယိုင်ဖြစ်နေသော အခြေအနေသို့ရောက်နေပြီဟု ဝေဖန်သူများကပြောကြားသည်။ အထူးသဖြင့် ပြည်သူလူထုမှာ ပိုမိုဆင်းရဲမွဲတေလာခြင်းနှင့် နိုင်ငံခြားသားများဝင်ရောက်လာနေမှုများကို မကာကွယ်နိုင်ပေ။ ကျယ်ပြန့်နက်ရှိုင်းသည့် ပြဿနာကြောင့် ယခုလို အဓိကရုန်းများဖြစ်ပွားလာခြင်းဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။

ခဲများဖြင့် ပစ်ပေါက်နေကြသောလူငယ်များသည် ရဲများနှင့်ထိပ်တိုက်ရင်ဆိုင်ပြဿနာဖြစ်လျက်ရှိပြီး၊ ပဲရစ်မြို့အနောက်ဖက်နှင့် မြောက်ဖက်ရှိ ဆင်ခြေဖုံးမြို့များတွင် ညလုံးပေါက်မျှကားများကို မီးတင်ရှို့ခဲ့သည်ဟုဆိုသည်။ အဓိကရုန်းများကြောင့် အရှေ့မြောက်ဖက်ဆင်ခြေဖုံးဖြစ်သော (Clichy Sous Bois) တွင် ဆယ်ကျော်သက်လူငယ်နှစ်ဦး သေဆုံးခဲ့သည်။ လူပေါင်း (၃၄) ဦး အထိမ်းသိမ်းခံရပြီး ကားအစီး (၆၀) ကျော် မီးရှို့ခံခဲ့ရသည်။ ဝရုန်းသုန်းကားအဓိကရုန်းကြောင့် ပြင်သစ်သမတ ( Jacques Chirac ) မှ ယင်းလူငယ် (၂) ဦး သေဆုံးမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်မည်ဟု ကြေညာခဲ့သည်။

''ဒေါသတွေကို လျှော့ချကြပါ။ တွေ့ဆုံဆွေးနွေးမှုနဲ့အပြန်အလှန်လေးစားမှု စိတ်ဓါတ်ကိုအခြေခံပြီး တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်ကြရမှာဖြစ်တယ်။''ဟု သမတကြီးက ထုတ်ဖော်ပြောခဲ့သည်။ ပြင်သစ်ဝန်ကြီးချုပ် (Dominiquefde Villepin) ၏ ကနေဒါခရီးစဉ်အား ပျံ့နေသောအဓိကရုန်းများကြောင့် ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။ အလားတူပင် ပြည်ထဲရေးဝန်ကြီး၏ ရွှေ့အပတ် ပါကစ္စတန်နှင့် အာဖကန်နစ္စတန်ခရီးစဉ်ကိုဖျက်သိမ်းလိုက်ရသည်။

ယခုအခါ အနည်းဆုံးလူ (၈၀) ကျော် အဖမ်းခံနေရပြီး (၂) ဒါဇင်မျှသော ပုလိပ်အရာရှိများ ဒဏ်ရာအနာတရရရှိခဲ့ကြသည်။ အပစ်ပယ်ခံရသည်ဟု စိတ်တွင်ခံစားနေရခြင်း၊ နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုနှင့် အလုပ်လက်မဲ့နှုန်းထားမြင့်မားလာနေခြင်းတို့က ယင်းကဲ့သို့သော အဓိကရုဏ်းများဖြစ်ပေါ်လာစေသည်ဟု ဝေဖန်သူတို့က ထုတ်ဖော်ပြောကြားသည်။ ❖

ပါရီဆင်ခြေဖုံးရှိ အဓိကရုဏ်းမြင်ကွင်းတခု



# အတ္တာဟိအတ္တနောနာထောစိတ်ဓာတ် စိုက်ထူရမယ့်ကာလ

ဗညြ

■ ပထမဆုံးလုပ်ရမှာက ဗမာပြည်အရေး ကို ဗမာပြည်သားတွေပဲ တကယ်အလေးစိုက်တယ်။ အပြောင်းအလဲကို ဗမာပြည်သားတွေကမှ ဆောင်ကျဉ်းနိုင်တယ်။ ဒီနေရာမှာလည်း အတတ္တာဟိအတတ္တနောနာထောပဲ လုပ်ရမယ်ဆိုတဲ့ အတွေးအခေါ်ကို သေသေချာချာ စိုက်ထူပေးရမယ်။ ခေါင်းဆောင်မယ့်လူရော၊ နောက်က လိုက်မယ့်လူမှာပါ ဒီအတွေးအခေါ် မစိုက်ထူနိုင်ရင် ကျန်တဲ့စဉ်းစားမှုရော၊ အဲဒီက ဆက်လာတဲ့ လုပ်ကိုင်မှုတွေပါ တလွဲဆံပင်ကောင်းတာ ဖြစ်ကုန်နိုင်တယ်။ ■

အခုအခါ အသံလွှင့်မီဒီယာတွေမှာ ဗမာပြည်နဲ့ပတ်သက်လို့ အများဆုံးကြားနေရတာဟာ ဗမာပြည်ရဲ့ပြဿနာကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီထဲရောက်ရေးကိစ္စဖြစ်တယ်ဆိုရင် မမှားဘူး။ ဒီအရေးကိစ္စနဲ့ပတ်သက်ပြီး ပြောကြရာမှာ တချို့က လုံခြုံရေးကောင်စီထဲကို ဗမာပြည်အရေးသာရောက်သွားရင် စစ်အစိုးရကို ဒီလုံခြုံရေးကောင်စီကနန်းပေါ်က ဆင်းစေတော့မယောင်ယောင်၊ ဗမာပြည်မှာ ဒီမိုကရေစီအစိုးရတရပ်ပေါ်ပေါက်ဖို့ လမ်းပွင့်တော့မယောင်ယောင် ပြောကြဆိုကြတာတွေ တွေ့ရ၊ ကြားရတယ်။

ကိစ္စတွေဟာ ဒါလောက်လွယ်ပါ့မလား။ တကယ်ဖြစ်လာမှာက နအဖဟာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆိုတာကိုလည်း ဂရုစိုက်မှာမဟုတ်ဘူး။ သူ့လမ်းပြမြေပုံကို အကောင်အထည်ဖော်ဖို့ပဲ လုပ်နေမှာ။ အေစီယံထဲ ဥက္ကဋ္ဌတာဝန်ကို စွန့်ပြလိုက်တာ၊ ကုလသမဂ္ဂက တမာန်တွေကို လက်မခံတော့တာ၊ စတာတွေဟာ နအဖအနေနဲ့ ကမ္ဘာ့အဝန်းအဝိုင်းနဲ့ ဖြတ်ပြီးနေနိုင်တယ်။ နေမယ်လို့ မောက်မာပြလိုက်တာ တမျိုးဖြစ်တယ်။ ဗမာပြည်ရဲ့ပြဿနာ ကုလသမဂ္ဂထဲကို ရောက်သွားပြီဆိုကြပါစို့။ ဘာဖြစ်မလဲ။ ငြင်းလိုက်ကြ၊ ခုံလိုက်ကြနဲ့ နအဖအကြိုက်ဖြစ်တဲ့ အချိန်ဆွဲတဲ့ကစားနည်းထဲ ဝင်သွားဖို့များတယ်။ ဗမာပြည်နိုင်ငံရေးရဲ့ နောက်ထပ် ဇာတ်မျောကြီးတခု ဖြစ်လာစရာရှိတယ်။

ဒီသုံးချက်ကို စဉ်းစားကြည့်ပါ။

တစ် – ကုလသမဂ္ဂလုံခြုံရေးကောင်စီထဲရောက်အောင် အချိန်ဘယ်လောက်ကြာမလဲ။

နှစ် – လုံခြုံရေးကောင်စီမှာ တင်တယ်ဆိုရင် ဘယ်လိုအဆိုမျိုးတင်ဖြစ်မှာလဲ။

သုံး – လုံခြုံရေးကောင်စီက ဘယ်တော့မှ ဘယ်လိုဆုံးဖြတ်မှာလဲ။

ဒီမေးခွန်းတွေကို လိပ်ပြာသန့်သန့်နဲ့ အဖြေပေးဖို့ဆိုတာမဖြစ်နိုင်ဘူး။ "(၁၀) ခွန်းပြောတခွန်းမှန်"ရမ်းသန်းဖြေတာမျိုး မလုပ်သင့်ဘူး။ တာဝန်သိသိနဲ့ စဉ်းစားလိုက်ရင် အဖြေက (မရေရာ × မရေရာ = မရေရာ) ပဲ ဖြစ်မှာ။ အများဆုံးဖြစ်နိုင်တာဟာ ဗမာပြည်ပြည်သူတွေနဲ့ အတိုက်အခံအင်အားတွေအဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးဟာ နတ်ကရာကြည့်မောရုံပဲ။

မှန်တာပြောရရင် ဗမာပြည်ဟာ အင်အားကြီးနိုင်ငံတွေအဖို့ဆိုရင် နိုင်ငံတကာစစ်တုရင်ခုံကြီးပေါ်က နယ်ရုပ်ကလေး တရုပ်ပဲ။ ဘုရင်တွေ၊ မိဖုရားတွေ၊ စစ်ကဲတွေ၊ ရထားတွေကြားထဲက သာမာန်နယ်ရုပ်လေးတရုပ်ပါ။ ကျဉ်းထဲကျပ်ထဲရောက်ရင် ဘုရင်ကြီးကိုယ်တိုင် ဓားထမ်းပြီး ကာကွယ်ပေးမယ့်နယ်ရုပ် မဟုတ်ပါဘူး။ လိုအပ်လို့ ထိုးကျွေးစရာရှိလာရင်သာ ကိုယ့်ကိုအရင်ဆုံးကျွေးပစ်မှာ။ ဒါဘာမှ သံသယရှိစရာ မလိုဘူး။ မဝေးလှတဲ့သမိုင်းမှာကိုပဲ ဒါမျိုး သာဓကတွေလည်း အများကြီးရှိတယ်။

ဒီတော့ နိုင်ငံကြီးတွေအဖို့ ဗမာပြည်ကိစ္စဟာ လောစရာမလိုတဲ့ကိစ္စ။ သူတို့က အချိန်တွေ အများကြီးယူနေကြမှာ။ သူတို့မှာ ဗမာပြည်အရေးထက် ဦးစားပေးရမယ့်ကိစ္စတွေ အများကြီး။ ၂၀၀၆ ခုနှစ် ကျော်သွားလည်း၊ တနည်း နအဖရဲ့ဖွဲ့စည်းပုံဥပဒေ အတည်ဖြစ်သွားလည်း သူတို့အဖို့ ပြဿနာမရှိဘူး။ ပြဿနာရှိမှာက ဗမာပြည်သားတွေပဲ။ ၂၀၀၆ ခုနှစ်မှာဆိုရင် စစ်အစိုးရရဲ့အမျိုးသားညီလာခံက အခြေခံဥပဒေမူကြမ်းအတွက် အခြေခံမူတွေ ပြီးသွားလောက်ပြီ။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြင်ဆင်နေလိမ့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အတည်ဖြစ်သွားရင် လွယ်လွယ်နဲ့ပြန်ဖျက်လို့မရဘူး။ အဲဒီအခါကျရင် စစ်အစိုးရဟာ သူတို့လုပ်သမျှ ဖွဲ့စည်းပုံဥပဒေနဲ့ ညီတယ်ဆိုပြီး တကမ္ဘာလုံးကိုရော၊ ပြည်တွင်းကိုပါ မောက်မောက်မာမာပြောတော့မှာ။ ဒါကို ဗမာပြည်သားတွေက လက်ပိုက်ကြည့်နေလို့မရဘူး၊ နအဖဖြစ်စေချင်တဲ့အတိုင်း အကောင်အထည်ပေါ်သွားတာမျိုး အဖြစ်မခံနိုင်ဘူး။ ဒါဟာ လက်တွေ့ပြဿနာ၊ ရှောင်လွှဲလို့မရတဲ့ ဒီနေ့သမိုင်းကပေးအပ်လာတဲ့ တာဝန်ပဲ။ ဒီတာဝန်ကို ကိုယ်မယူပဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆီ လွှဲပေးနေတာကတော့ မဟုတ်သေးဘူးနဲ့တူတယ်။ ကိုယ့်ပြည်သူတွေကိစ္စ၊ သူတို့ပြည်သူတွေကိစ္စမဟုတ်ဘူး။ ဒါကြောင့် သူများကိုလည်း အပြစ်မတင်နဲ့။ အလကားလူရီစရာဖြစ်မယ်။

ကိုယ်ကဘာလုပ်မလဲ။ ဒီချုပ် ဘာလုပ်မလဲ။ စီအာရ်ပီပီဘာလုပ်မလဲ၊ ဒါတွေကိုပဲ အလေးထားပြီး ပြင်ဆင်ကြရမယ်။ ပြောရရင် အချိန်ဟာ နောက်တောင်ကျနေပြီ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထွက်လာမှာကို သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာရနိုးနိုး ဆိုသလို မျှော်နေလို့မဖြစ်ဘူး။ အခုအခါမှာ လူထုကြီးဟာ သည်းခံနိုင်စွမ်း မရှိတော့ဘူးလို့တောင် ပြောနိုင်တယ်။ ဘက်စုံအခြေအနေတွေ အဆိုးဆုံးရောက်နေပြီဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး။ နအဖထဲမှာလည်း သူတို့အပုပ်နံ့တထောင်းထောင်းနဲ့မို့ ဘယ်သူ့ကိုဘယ်သူက ဖြုတ်မလဲစောင့်နေရတဲ့အခြေအနေမျိုး။

ဗမာပြည် ပြည်သူတွေရဲ့အသံတွေလည်း အသံလွှင့်ဌာနတွေကတဆင့် ကြားနေရတာပဲ။ အဲဟို "ဗမာပြည်ပါရဂူ" ဆိုသူတွေ ပြောနေသလို ပြည်သူတွေဟာ ကြောက်နေကြတာလား။ ဗမာပြည်ဟာ သမိုင်းမှာ စုစုနွေးတွေ အများကြီးမွေးဖွားပေးခဲ့တဲ့ နိုင်ငံဖြစ်တယ်။ ထွက်ပေါ်သင့်တဲ့ အချိန်မှာ ထွက်မလာတဲ့ ခေါင်းဆောင်တွေကိုသာ ကြောက်တယ်လို့ ပြောမယ်ဆိုရင် ပြောလို့ရတယ်။

ပထမဆုံးလုပ်ရမှာက ဗမာပြည်အရေးကို ဗမာပြည်သားတွေပဲ တကယ်အလေးစိုက်တယ်။ အပြောင်းအလဲကို ဗမာပြည်သားတွေကမှ ဆောင်ကျဉ်းနိုင်တယ်။ ဒီနေရာမှာလည်း အတ္တာဟိအတ္တနောနာထောပဲ လုပ်ရမယ်ဆိုတဲ့ အတွေးအခေါ်ကို သေသေချာချာ စိုက်ထူပေးရမယ်။ ခေါင်းဆောင်မယ့်လူရော၊ နောက်က လိုက်မယ့်လူမှာပါ ဒီအတွေးအခေါ် မစိုက်ထူနိုင်ရင် ကျန်တဲ့စဉ်းစားမှုရော၊ အဲဒီက ဆက်လာတဲ့ လုပ်ကိုင်မှုတွေပါ တလွဲဆံပင်ကောင်းတာ ဖြစ်ကုန်နိုင်တယ်။

၂၀၀၆ ဟာ ၁၉၈၈ နဲ့မတူဘူး။ အဆင်သင့်စီးစရာ လူထုအုံကြွမှုဒီလှိုင်းမရှိဘူး။ အနည်းဆုံးမရှိသေးဘူးလို့ ဆိုနိုင်တယ်။ ဒါကြောင့် ဦးစွာအားဖြင့် လူထုကြီးကို နိုးကြားလာအောင် လုပ်ထားကြဖို့က အခရာအကျဆုံးပဲ။ လူထုကြီးက သူ့အလိုလို နိုးထလာလေ့မရှိပါဘူး။ လှုံ့ဆော်ရတယ်။ စည်းရုံးရတယ်။ နောက်ပြီးအချိန်လည်း အကြာကြီးလိုတယ်။ ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်လို့ မရဘူး။ အကြောင်းအရာမျိုးစုံကို၊ သဏ္ဍာန်မျိုးစုံနဲ့ ထောက်ပြပြီး ပြောနေရတယ်။ ဖြစ်နိုင်ရင် လက်တွေ့တိုက်ပွဲငယ်လေးတွေထဲမှာ လေ့ကျင့်တာလည်း လုပ်ရတယ်။ ရေဒီယိုကနေ "နအဖကို အလျှော့ပေးနည်း (၁၀၀)" သင်တန်းပေးနေလို့ကတော့ လူထုကြီးမပြောနဲ့ ကိုယ့်အချင်းချင်းတောင် စိတ်ပျက်လာတယ်။

လူထုကြီးကို ပညာပေးတာနဲ့အတူ တခြားလုပ်ရမှာတွေလည်း အများကြီးရှိသေးတယ်။ လက်တွေ့တည်ဆောက်မှုတွေ၊ ထိုးဖောက်စိမ့်ဝင်မှုတွေ၊ နောက်ပြီး ကွန်ယက်အဆင့်မြှင့်တင်ဖို့၊ လုပ်ဖူးသူတွေသိတယ်။ ရောမမြို့ကြီးကို တရက်ထဲနဲ့တည်ဆောက်လို့ မရသလိုပဲ မြေအောက်လုပ်ငန်းဆိုတာတခါတလေ မျိုးဆက်နဲ့ချီပြီး တည်ဆောက်ရတာ။

ကိုယ့်မျိုးဆက်ကျမှ တာဝန်ပျက်ကြတော့မှာလား။ ❖




# ရှမ်းတောင်တန်းများပေါ်တည်ရန်ကြိုးပမ်းနေသည့် နအဖ၏ နျူးကလီးယားစခန်း

မြန်မာစစ်အစိုးရသည် မန္တလေးမြို့တော်နှင့် (၄၂) မိုင်ခန့်အကွာ ရှမ်းတောင်တန်းများ၏ အနောက်ဘက်တောင်စောင်းများတွင် လျှို့ဝှက်နျူးကလီးယားပရောဂျက်တခုကိုတည်ဆောက်ရန် ပြင်ဆင်နေသည်ဟု ဆိုသည်။ ရှမ်းသံတော်ဆင့်သတင်းစဉ်က ထိုပရောဂျက်ကို မန္တလေးတိုင်း၊ မေမြို့အနီး လုံခြုံသည့်နေရာ၌ တည်ဆောက်နေသည်ဟု ဖော်ပြထားသည်။

မြေပုံအရ တရုတ်အင်ဂျင်နီယာများ ဦးစီးဆောက်လုပ်နေသော ရဲရွာဆည်အနီးတွင် ရှိသည်ဟုသိရသည်။ ထိုလျှို့ဝှက် ဆောက်လုပ်ရေးနေရာသည် မတ်စောက်သည့် တောင်တန်းများဝန်းရံထားသော မြေပြန့်လွင်ပြင်တခုပေါ်တွင်ရှိပြီး တနှစ်ပတ်လုံး နှင်းများနှင့် ပိတ်ဆီးနေသောကြောင့် ကောင်းကင်မှမမြင်ရသလောက်နီးနီးဖြစ်သည်။

စစ်အစိုးရက ၎င်းတို့သည် နျူကလီးယားနည်းပညာကို ဆေးသုတေသန ပြုလုပ်ရန် လိုအပ်ခြင်းဖြစ်ပြီး နျူးကလီးယားဗုံး ပြုလုပ်ရန်အတွက် မဟုတ်ကြောင်း အစဉ်တစိုက်ငြင်းဆိုခဲ့သည်။ မြန်မာပြည်တွင်း နျူးကလီယားဆိုင်ရာ ပစ္စည်းအဆောက်အဦးများ တည်ဆောက်မှုတွင် ပါကစ္စတန်၊ မြောက်ကိုရီးယားအပါအဝင် နိုင်ငံအချို့လည်း ပါဝင်လှုပ်ရှားနေပြီး နျူးကလီးယားစီမံချက်ဆိုင်ရာ အဆောက်အဦးများဆောက်လုပ်ရေး၌ တရုတ် အင်ဂျင်နီယာများ ပါဝင်ပတ်သက်နေခဲ့သည်။ အချို့ကျွမ်းကျင်သူများ၏အဆိုအရ နျူးကလီယားဆိုင်ရာနည်းပညာရပ်များကို ပါကစ္စတန်က ပံ့ပိုးဆောင်ရွက်မှုများပေးလျက်ရှိသည်ဟု အိန္ဒိယနိုင်ငံထုတ် (India Daily) သတင်းစာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်တွင်ရှိသော အစ္စလမ်မစ်ဂျီဟာဒ်အဖွဲ့၊ အဲလ်ကိုင်ဒါအဖွဲ့နှင့် မြန်မာစစ်အစိုးရတို့အကြား လျှို့ဝှက်အသံတိတ်ဆက်သွယ်မှုများရှိသည့်သဘောမျိုးကိုလည်း ရေးသားဖော်ပြထားသည်။

တရုတ်၏ အင်ဂျင်နီယာဆိုင်ရာနည်းပညာရပ်များနှင့် အထောက်အကူများ၊ ပါကစ္စတန်၏နျူးကလီးယားနည်းပညာထောက်ပံ့မှုများ၊ အဲလ်ကိုင်ဒါ၏ ငွေကြေးထောက်ပံ့မှုများရှိနိုင်သည်ဟု ကျွမ်းကျင်သူများကပြောဆိုကြောင်း (India Daily) တွင် ရေးသားထားသည်။

ရုရှား၏ အနုမြူစွမ်းအင်ဝန်ကြီးဌာန မီနာတမ် (Minatom) ကလည်း မန္တလေးတိုင်း၊ ကျောက်ဆည်၌ရှိ နျူးကလီးယား သုတေသနအဆောက်အဦးတည်ဆောက်ရေးတွင် ကူညီရန် စစ်အစိုးရနှင့်ဆွေးနွေးမှုများပြန်စတင်နေပြီဟု သိရသည်။

❖

# မြန်မာ့အဖိုးတန်သစ်တောများအား တရုတ်ဖျက်ဆီးနေ

တရုတ်နိုင်ငံ၌ အသုံးပြုမည့် မြန်မာ့ကျွန်းသစ်များ



ကချင်ပြည်နယ်ရှိ အဖိုးတန်သစ်တောများသည် ဒေသတွင်း ထိန်းချုပ်ထားသော လူမျိုးစုလက်နက်ကိုင်များက တရားမဝင်အမြဲ ခုတ်လှဲခံနေရကြောင်း ဂလိုဘယ်ဝစ် နက်စ် (ခေါ်) မြေကမ္ဘာစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထောက်ပြပြောဆိုလိုက်ပြီး ပီကင်းအစိုးရအနေဖြင့် ထိုကိစ္စကို အဆောတလျင်ဝင်ရောက်ဖြေရှင်းသင့်ကြောင်း တောင်းဆိုလိုက်သည်။

တရုတ်သစ်ကုမ္ပဏီများသည် မြန်မာနိုင်ငံမြောက်ပိုင်း သစ်တောအားလုံးကို မတရားခုတ်လှဲနေကြပြီး နအဖအစိုးရနှင့် ဒေသဆိုင်ရာ လူမျိုးစုလက်နက်ကိုင်များလည်း ပူးပေါင်းပါဝင်သည်ဟုဆိုသည်။

ယူနက်စကိုမှထုတ်ပြန်ချက်အရ တရုတ်နိုင်ငံနယ်စပ်တလျှောက်ရှိ ကချင်ပြည်နယ်မြောက်ဖက်ပိုင်းသစ်တောများသည် အလွန်များပြားသော ဇီဝမျိုးကွဲများ တည်ရှိနေသည်ဟုဆိုသည်။ တရုတ်ဘက်ခြမ်း ယူနန်ပြည်နယ်တွင် ဒေသအများအပြားကို အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ပြီး သစ်ခုတ်လှဲခြင်းများကို တားမြစ်ပိတ်ပင်ထားသည်။ ဂလိုဘယ်ဝစ်နက်စ်အဆိုအရ မြန်မာစစ်အစိုးရသည် တရားမဝင်သစ်ခုတ်လှဲမှုများမှ တနှစ်လျှင် ဒေါ်လာသန်း (၂၅၀) ခန့် ဆုံးရှုံးနေသည်ဟုဆိုသည်။

ဂလိုဘယ်ဝစ်နက်စ်အဖွဲ့၏ သုတေသီဘုမန်နဲကမ်းပဲလ်က "နယ်စပ်ကုန်သွယ်ရေးကလုံးဝကို အထိန်းအကွပ်မဲ့နေတာပါဘဲ" ဟုပြောဆိုလိုက်ပြီး အဖွဲ့အနေဖြင့် သစ်ကုန်သွယ်ရေးနှင့် ပတ်သက်ပြီး နယ်စပ်ကို ပိတ်ပစ်ဖို့အထိ တရုတ်အစိုးရနှင့် တွေ့ဆုံတင်ပြသွားမည်ဟုဆိုသည်။

စီးပွားရေးလုပ်ငန်းအားလုံး တရားဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု တရုတ်အစိုးရမှဆိုသော်လည်း ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ခန့်မှန်းချက်များအရ ကချင်ပြည်နယ်မှ တရုတ်ပြည်သို့ သစ်တင်ပို့မှုပဏာမသည် ကုဗမီတာ တသန်းကျော်ရှိခဲ့ပြီး တရားဝင်တင်ပို့မှုမှာ (၁၈,၀၀၀) ကုဗမီတာဖြစ်သည်။

၂၀၀၁ ခုနှစ်မှစ၍ ပီကင်းအစိုးရသည် တရားမဝင်သစ်ခုတ်လှဲမှုများကို ကာကွယ်ရန်အရေးထား၍ လုပ်ဆောင်သွားမည်ဟု နိုင်ငံတကာသို့ ကတိပေးထားပြီးဖြစ်သည်။ သို့သော် တရုတ်ပြည်သည် ဂျပန်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက်အကြီးဆုံး သစ်တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးရုံသာမက ပြည်ပသို့လည်း သစ်သားအချောထည်ပစ္စည်းများတင်ပို့သည်။ တရုတ်ပြည်မှ အမေရိကန်တနိုင်ငံတည်းသို့ (၃) ဘီလီယံတန်ဖိုးရှိသည့် သစ်အခြေခံထုတ်ကုန်များကို တင်ပို့ပေးခဲ့သည်။

❖

# မဲဆောက်မြို့မှ ဆီမီးတံတား သီတင်းကျွတ်တေးဂီတပွဲတော်

အောက်တိုဘာ (၁၉) ရက်နေ့က ဆီမီးတံတား (Candle Bridge) ဟု အမည်ပေးထားသောဂီတဖျော်ဖြေပွဲတခုကို မဲဆောက်မြို့ ဝပ်ချွန်ဖုန်းဘုန်းကြီးကျောင်းတွင် ကျင်းပခဲ့ရာ ပရိသတ် (၂၀၀၀) ကျော်ခန့်လာရောက်အားပေးခဲ့ကြသည်။ တူရိယာများကို ငြိမ်းချမ်းရေးစစ်သည်တော်များ (Peace Warriror) တီးဝိုင်းမှ တာဝန်ယူတီးခတ်ပေးခဲ့ပြီး မဲဆောက်ရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများနှင့် စက်ရုံအလုပ်ရုံများမှ ဂီတမြတ်နိုးသူများ ပါဝင်သီဆိုခဲ့ကြသည်။ တိုင်းတပါးရောက်နေကြသော မြန်မာပြည်သားများအနေဖြင့် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်ရည်ရွယ်၍ ဂီတပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ဆီမီးတံတားတေးဂီတပွဲတော်တွင် ဖျော်ဖြေတင်ဆက်နေသော အဆိုရှင်တဦး



ဂီတပွဲတွင်ပါဝင်သီဆိုခဲ့သော ကိုအောင်သူက" ကျနော့်အနေနဲ့ ဒီပွဲတော်မှာ မြန်မာပြည်သားတွေကို ခုလိုစုစုဝေးဝေးတွေ့ရတော့ တကယ်ပဲ ပျော်မိပါတယ်။ ပြီးတော့ ကိုယ့်မြန်မာသီချင်းတွေနဲ့မြန်မာပြည်သားတွေကို ဖျော်ဖြေရတာဖြစ်တော့ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့အားလုံးရဲ့ အိမ်အလွမ်းကတော့ တဒင်္ဂပြေပျောက်သွားကြတာပေါ့ဗျာ" ဟု သူ၏ ခံစားချက်ကိုပြောပြသွားသည်။

❖

Burma Independent News Agency

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညီ

**စာမျက်နှာဖွဲ့စည်းမှု**
စောဒီထူး၊ အောင်ထက်

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

စာမျက်နှာ (၁၄) ဆောင်းပါးမှ ....

ဝါဒဖြန့်ဝေလေတော့သည်။ ကြံ့ဖွံ့အသင်းများကလည်း သံယောင်လိုက် ဖြန့်ဝေကြသည်။ အာဏာရှင်တို့ ဘယ်လိုပဲကောက်ကျစ်စေကာမူ ဒေါ်အောင်ဆန်းစုကြည်၏ တောင်ကြီးခရီးစဉ် ၂၀၀၂ နိုဝင်ဘာသည် အောင်မြင်ခဲ့ပါသည်။

မအောင်မြင်သေးတာက ဒီမိုကရေစီပန်းတိုင်နှင့် ဖက်ဒရယ်ပြည်ထောင်စု၊ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ပြည်ပထွက် စစ်ပညာသင်၍ အင်္ဂလိပ်ရော ဂျပန်ကိုပါ တိုက်ခိုက်တာ (၁၀) နှစ်တောင် မကြာပါ။ လွတ်လပ်ရေးရခဲ့သည်။ ဒီမိုကရေစီတိုက်ပွဲကား (၁၇) နှစ် ( ရှစ်လေးလုံးနောက်ပိုင်း) ရှိခဲ့ပြီး ပန်းတိုင်မရောက်သေးပါ။ တိုင်းရင်းသားအဖွဲ့တွေဆို ရွှေရတု၊ ငွေရတုလွန်မြောက်ခဲ့ပြီ ဘာမှမလွတ်မြောက်ကြသေးပါ။ စစ်အာဏာရှင်တို့ကတော့ ပြောနေကြပြီ "ဖက်ဒရယ်ဆိုရင် အသက်ပေးကာကွယ်သွားမယ်"တဲ့။ သေချာတာကတော့ စစ်အာဏာရှင်ပြုတ်ကျပြီး ဒီမိုကရေစီရမှသာ ဖက်ဒရယ်ရနိုင်လိမ့်မည်။ ဖက်ဒရယ်ကို ခွဲထွက်ရေးဟု ပုံသေမှတ်သောသူများက စာရေးသူကို ပြောပါသည်။ "လူမျိုး (၁၃၅) မျိုးရှိတဲ့နိုင်ငံ၊ ဖက်ဒရယ်ပေးရင် (၁၃၅) ပြည်နယ်ကွဲပြီပေါ့"တဲ့။ သာမန်လူပြောခြင်းမဟုတ်ပါ။

အမျိုး၊ ဘာသာ၊ သာသနာလုပ်ငန်းကို လုပ်ကိုင်ခဲ့သော သက်တမ်း (၉၉) နှစ်ပြီဖြစ်သော ဝိုင်အမ်ဘီအေအဖွဲ့ဝင်လူကြီးများပင်ဖြစ်သည်။ အဖိုးအရွယ် ပုဂ္ဂိုလ်များမို့ စောဒကမတက်တော့ဘဲ အကြံဉာဏ်တော့ပြုခဲ့သည်၊ "အမျိုး၊ ဘာသာ၊ သာသနာလုပ်ငန်းဆိုတော့ အမျိုးသားရေးကို ပိုပြီး အဓိကကျကျလုပ်ရမှာနော်"ဟူသော စကားဖြင့် နှုတ်ဆက်ပြန်ခဲ့ရသည်။ လူမျိုး (၁၃၅) မျိုးဆိုတာကလည်း နဝတ ဗိုလ်ချုပ်ကြီးစောမောင်ကတီထွင်စာရင်းပြုကာ မိန့်ခွန်းခြွေခဲ့ဘူးသည်။ သမိုင်းပညာရှင် ဗိုလ်မှူးကြီးဘရှင်၊ ဒေါက်တာသန်းထွန်း၊ ဒေါက်တာအောင်ခင်တို့၏ စာအုပ်များတွင် မတွေ့ရပါ။

အနာဂတ် မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့်သွားရန်မှာ တောင်တန်းသားတို့၏ဆန္ဒဖြစ်သည်။ လွတ်လပ်ရေးရရှိရေးအတွက် ပြည်မနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ထိုအချိန်က တိုင်းရင်းသားပညာတတ်များနည်းပါးပါသည်။ အထူးသဖြင့် အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်မှု အားနည်းခဲ့သည်။ လွတ်လပ်ရေးရပြီးလျှင်ညီနောင် အချင်းချင်းဈေးမဆစ်ဘဲ ညှိနှိုင်းဆောင်ရွက်လျှင်ရနိုင်သည်ဟု ဖဆပလကို ယုံကြည်ခဲ့သည်။ တကယ်တမ်းဖြစ်လာတာက ကျွဲတဖက်၊ နွားတဖက် ပြည်ထောင်စုသာဖြစ်ခဲ့သည်။ လိုချင်တာက ပြည်ထောင်စုစစ်စစ်မှုဖြစ်သည်။

ပြည်ထောင်စုစစ်စစ်ကို နအဖသတင်းစာများက မည်ကာမတ္တပြည်ထောင်စုဟု ယခုအခါရှုတ်ချနေကြပြီး ပြည်သူများကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေပြန်ပြီ။ ပြည်ထောင်စုစစ်စစ်မှုကို စတင်ပြောခဲ့သူမှာ ၁၉၄၇ အခြေခံဥပဒေ၏ ဒါရိုက်တာကြီး သခင်ချန်ထွန်း (ယခုဝါရင့်နိုင်ငံရေးသမား) ပင်ဖြစ်သည်။ တိုင်းရင်းသားများ ထွင်ပြောခြင်းမဟုတ်ပါ။ တချို့ကလည်း "မင်းတို့ရှမ်းပြည်က ဖက်ဒရယ်တောင်းပြီးခဲ့ထွက်လို့ စစ်အစိုးရပေါ်လာတာ" ဟုပြောကြသည်။

၆၂ ခုနှစ်မှာ တိုင်းရင်းသားတွေ တောင်းဆိုချက်တူညီတာက ပြည်နယ်ပြည်မ တန်းတူအခွင့်ရေးနှင့် ဗမာပြည်နယ်ဖွဲ့စည်းရေးပင်ဖြစ်သည်။ မခံမရပ်နိုင်ဖြစ်တာက တည်မြဲဖဆပလ ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် ဝိဓူရသခင်ချစ်မောင် (ပမညတ)၊ ချဲ့ကားဖော်ပြတာက မီဒီယာသတင်းစာများ၊ အခွင့်အရေးကိုချောင်းနေတာက အာဏာရှင်ဦးနေဝင်း၊ အသုံးချခံလိုက်ရတာက စစ်တပ်၊ သေဆုံးခဲ့ရတာက တိုင်းရင်းသားတို့၏ စာလောင်ငတ်မွတ်နေသော ဖက်ဒရယ်ပြည်ထောင်စု၊ ပြန်လည်ရှင်သန်အောင် ပြုလုပ်ရမည်ကားယနေ့ ကျွန်ုပ်တို့မျိုးဆက်လူငယ်များ၏ မဟာတာဝန်ကြီးတခုဖြစ်ပေသည်။

❖

# တိုတယ် မြန်မာပြည်မှ ဆုတ်ခွာရန် ဗြိတိန်အမတ်များတောင်းဆို

အောက်တိုဘာ (၂၄) ရက်နေ့က ဗြိတိန်နိုင်ငံမှ ပါတီပေါင်းစုံ မြန်မာအရေးလှုပ်ရှားမှုအဖွဲ့၏ခေါင်းဆောင် လေဘာပါလီမန်အမတ် (VeraBaird) နှင့် ကွန်ဆာဗေးတစ်အမတ် (John Baercow) တို့သည် ပြင်သစ်တိုတယ်ရေနံကုမ္ပဏီအရာရှိများနှင့်တွေ့ဆုံကာ မြန်မာပြည်တွင် စီးပွားရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှုများမှ နှုတ်ထွက်ရန် တောင်းဆိုလိုက်သည်။

ဗြိတိန်အမတ် (၂) ဦးက တိုတယ်၏ ရင်းနှီးမြှုပ်နှံမှုများသည် ဆိုးရွားလှသည့် စစ်အစိုးရကို အားပေးအားမြှောက်ပြုရာရောက်ကြောင်း၊ မြန်မာပြည်သူများအား နှိပ်စက်မှုပြုနိုင်ရန် နောက်ကွယ်မှပံ့ပိုးပေးနေရာရောက်ကြောင်း၊ တိုတယ်မြန်မာပြည်မှာရှိနေခြင်းသည် ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းရေးအတွက် ဘာမှအထောက်အကူမဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

မစ္စဗီရာက "ပြင်သစ်က မြန်မာပြည်ကို စီးပွားရေးပိတ်ဆို့ဖို့ စိတ်မပါတဲ့ကိစ္စမှာ တိုတယ်ဟာ အလွန့်အလွန်အရေးပါတဲ့အကြောင်းတခုလို့ ကျမထင်ပါတယ်။ ဥရောပသမဂ္ဂမှာ ဗြိတိန်က မြန်မာကိုစီးပွားရေး ပြင်းပြင်းထန်ထန်ပိတ်ဆို့ဖို့တောင်းဆိုတော့ ပြင်သစ်က မထောက်ခံတဲ့ကိစ္စမှာ တိုတယ်ကုမ္ပဏီအနေနဲ့ သိပ်တာဝန်ရှိပါတယ်"ဟု ဘီဘီစီအားပြောသည်။

ကွန်ဆာဗေးတစ်အမတ် ဂျွန်ဘားကိုး၏ သုတေသနလက်ထောက်တဦးက လုံခြုံရေးကောင်စီတွင် မြန်မာအရေးဆွေးနွေးဖို့ကိစ္စအား ပြင်သစ်က ပိတ်ပင်တားမြစ်မှုပြုရန် ဆုံးဖြတ်လိုက်ပြီဆိုလျှင် ထိုဆုံးဖြတ်မှု၏ နောက်ကွယ်တွင် တိုတယ် ကုမ္ပဏီသည် အဓိကနေရာမှ ပါဝင်မည်ဟုဆိုသည်။

တိုတယ်က ၎င်းတို့ရှိနေခြင်းအားဖြင့် လူသားခြင်းစာနာမှုအထောက်အကူများပိုမို ပေးနိုင်သည့်အချက်ကို အကြောင်းပြကာ မြန်မာပြည်မှ ဆုတ်ခွာရန်ငြင်းခဲ့သည်။ သို့ရာတွင် တိုတယ်အနေဖြင့် ပြင်သစ်ပါဝင်နေသောလုံခြုံရေးကောင်စီ၊ ပြင်သစ်အစိုးရနှင့် ဥရောပသမဂ္ဂတို့အပေါ် ဖိအားတစုံတရာမပေးရန်ကိုမူ သဘောတူညီချက်ရရှိခဲ့သည်ဟု သိရသည်။

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းခြင်း (၁၇) နှစ်ပြည့်မွေးနေ့ အခမ်းအနား ကျင်းပ




လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ကိုအောင်မိုးဇော်မှ မိန့်ခွန်းပြောကြားနေစဉ်

အောက်တိုဘာ (၁၄) ရက်နေ့က ထိုင်း မြန်မာနယ်စပ်တနေရာ၌ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS) ဖွဲ့စည်းခြင်း (၁၇) နှစ်ပြည့်အခမ်းအနားကို ကျင်းပခဲ့ရာ တိုင်းရင်းသားအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ပရိသတ် (၂၀၀) ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပါတီဥက္ကဋ္ဌ ကိုအောင်မိုးဇော်က "(နအဖ) ရဲ့လမ်းညွှန်မြေပုံ (၇) ချက်ကို အဆင့်တိုင်းမှာ ဆန့်ကျင်ကြဆိုတဲ့ အခြေခံပေါ်မှာ၊ အမျိုးသားညီလာခံဖျက်သိမ်းရေးဆိုတဲ့ အခြေခံပေါ်မှာ၊ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေး ပေါ်ထွန်းရေးဆိုတဲ့ အခြေခံပေါ်မှာ ကျနော်တို့ပြန့်ကျဲနေတဲ့ အင်အားစုအသီးသီးကို ဒီထက်ပိုပြီးတော့ ခိုင်ခိုင်မာမာညီညီညွတ်ညွတ် လက်တွဲနိုင်ဖို့နည်းလမ်းတွေရှာပြီးတော့ (နအဖ) စစ်အုပ်စုကို ဒီထက်ပိုပြီး ယိမ်းယိုင်အောင် ကျနော်တို့ကြိုးစားကြပါစို့" တိုက်တွန်းပြောကြားသွားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ဗိုလ်ချုပ်ကြီးတာမလာဘော၊ ရဟန်းပျိုများသမဂ္ဂမှ ဆရာတော်အရှင် ခေမာစာရ၊ ကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုမန်းရှာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ နော်ခိုင်မာကျော်ဇောတို့က လူ့ဘောင်သစ်ပါတီထူထောင်ခြင်း (၁၇) နှစ်ပြည့်အမှတ်တရဂုဏ်ပြုစကားများ ပြောကြားခဲ့ကြသည်။ အခမ်းအနားသို့ ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်းအသီးသီးက သဝဏ်လွှာများအသီးသီးပေးပို့ခဲ့ကြသည်။

လူ့ဘောင်သစ်ပါတီကို ၁၉၈၈ တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြီးလျှင်ဒုတိယ အကြီးဆုံးပါတီအဖြစ် ရပ်တည်ခဲ့သည်။ စစ်အစိုးရ၏ဖိနှိပ်မှုများကြောင့် ၁၉၉၁ တွင် ထိုင်း–မြန်မာနယ်စပ်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သည်။ ❖

# ရှမ်းခေါင်းဆောင်များ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းခံရ


ဗိုလ်ချုပ်ဆေထင်(SSA)


ဦးခွန်ထွန်းဦး (SNLD)


ဦးစိုင်းညွန့်လွင် (SNLD)


ဦးထွန်းညို
(မျိုးဆက်သစ်ရှမ်းပြည်)


ကိုမျိုးဝင်းထွန်း
(မျိုးဆက်သစ်ရှမ်းပြည်)


ဦးမြင့်သန်း
(မျိုးဆက်သစ်ရှမ်းပြည်)

နိုဝင်ဘာ (၄) ရက်နေ့က ရန်ကုန်၊ အင်းစိန်ထောင်အထူးတရားရုံးမှ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၁၀) ဦးအား နှစ်ရှည်ထောင်ဒဏ်များချမှတ်လိုက်သည်။ ယခုကဲ့သို စီရင်ချက်ချမှတ်လိုက်ခြင်းကို အမှုလိုက်ပါဆောင်ရွက်ပေးနေသော အစိုးရရှေ့နေ ဦးအောင်မြင့်နှင့် ဦးအောင်ခိုင်တို့က ၎င်းတို့၏မိတ်ဆွေ ဦးကျင်ရှင်းထန်အား အတည်ပြုပြောကြားခဲ့သည်။ ရှေ့နေများမှ ထောင်ဒဏ်မည်မျှစီ ချမှတ်လိုက်ကြောင်း ပြောကြားခြင်းမရှိသော်လည်း အင်းစိန်ထောင်နှင့်နီးစပ်သည့် အသိုင်းအဝိုင်း၏အဆိုအရ (SSA) မြောက်ပိုင်းနာယက ဗိုလ်ချုပ်ဆေထင်ကို ထောင်ဒဏ် (၁၀၆) နှစ်၊ ဦးခွန်ထွန်းဦးအား ထောင်ဒဏ်နှစ် (၉၀) နှင့် အခြား (၆) ဦးကို ထောင်ဒဏ် (၇၅) နှစ်စီ ချလိုက်သည်ဟုသိရသည်။

# အိုင်အယ်လ်အိုမှနုတ်ထွက်မည်ဟု နအဖခြိမ်းခြောက် ရန်ကုန်ရှိ အိုင်အယ်လ်အိုအရာရှိအား ခေါင်းဖြတ်ပစ်မည်ဆိုသည့် လူမိုက်ဆန်ဆန်ခြိမ်းခြောက်စာများ ပေးပို့

မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားပေးခိုင်းစေမှုများအပေါ် ပြင်းထန်ထန် ဝေဖန်ရှုံ့ချထားသော နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ၏ အစီရင်ခံစာထွက်ရှိပြီးနောက် အိုင်အယ်လ်အိုမှ နုတ်ထွက်မည်ဟု နအဖစစ်အုပ်စုက ခြိမ်းခြောက်လိုက်သည်။ အိုင်အယ်လ်အိုအဖွဲ့ကြီးနှင့် နအဖကြားတင်းမာမှုသည် ရန်ကုန်ရှိ အိုင်အယ်လ်အိုအရာရှိများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်စာပို့သည်အထိဖြစ် လာသည်ဟု သိရသည်။ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးခွဲတာဝန်ခံ မစ္စတာ ရစ်ချက်ဟော်ဆေးက သူ့အသက်ကို အန္တရာယ်ပြုရန် တိုင်းနှင့်ပြည်နယ်အနှံ့ကပေးပို့ခဲ့သည့် ခြိမ်းခြောက်ထားသောစာ (၂၁) စောင်ကို ရရှိခဲ့သည်ဟုဆိုသည်။ ခြိမ်းခြောက်စာထဲတွင် "မစ္စတာ ဟော်ဆေးအနေနှင့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန် တိုက်တွန်းလိုကြောင်း သို့မဟုတ်လျှင် ခေါင်းဖြတ်ခံရလိမ့်မည်။ အဆိပ်ခတ်ခံရလိမ့်မည်။ ကျွန်ုပ်တို့လူထုက ခင်ဗျားတို့ကို တစစီဖြစ်အောင် လုပ်ပစ်မည်။ ဒါကြောင့် သတိထားနေပါ။ ခင်ဗျားအတွက် အန္တရာယ်ဟာ နေရာတိုင်းမှာရှိနေတယ်"ဟူသောအမည်မဖော်ပြပဲ လက်မှတ်သာထိုးထားသည့် ခြိမ်းခြောက်စာများကို ရရှိခဲ့သည်ဟုဆိုသည်။

အိုင်အယ်လ်အိုမစ်ရှင်အဖွဲ့ ရန်ကုန်သို့ရောက်ရှိနေစဉ် အလုပ်သမားဝန်ကြီး ဦးသောင်းက အိုင်အယ်လ်အိုအဖွဲ့မှ နုတ်ထွက်ရန်စီစဉ်ထားသည့်အကြောင်း ပြောခဲ့သည်။ မြန်မာနိုင်ငံတွင်အတင်း အဓမ္မအလုပ်ခိုင်းစေမှုများ၊ ကလေးသူငယ်များကို စစ်ထဲအဓမ္မသွတ်သွင်းနေမှုများ၊ စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကို ဖော်ပြထားသည့် ဇွန်လက ထုတ်ပြန်ခဲ့သော အိုင်အယ်လ်အိုအစီရင်ခံစာ ထွက်ပေါ်လာပြီး စစ်အစိုးရက ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုနုတ်ထွက်ရန် ဆုံးဖြတ်ချက်ကို ဂျီနီဗာရုံးချုပ်သို့ တရားဝင်ပို့မည့်အချိန်ကို တိတိကျကျ မသိရှိရသေးကြောင်း မစ္စတာဟော်ဆေးကပြောသည်။ မြန်မာနိုင်ငံအနေနှင့် အိုင်အယ်လ်အိုမှ နုတ်ထွက်မည်ဆိုလျှင်လည်း တရားဝင်အကြောင်းကြားစာပို့ပြီး (၂) နှစ်ကြာသည်အထိ အိုင်အယ်လ်အို၏ ဆုံးဖြတ်ချက်များကို လိုက်နာရန်နှင့် ပူးပေါင်းဆောင်ရွက်သွားရန် တာဝန်ရှိမည်ဖြစ်သည်။

အိုင်အယ်လ်အိုအရာရှိအား ခေါင်းဖြတ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့သည့် စစ်အုပ်စု၏ လုပ်ရပ်ကို ပြင်းထန်စွာရှုံ့ချကြောင်း အောက်တိုဘာ (၂၈) ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် မက်ကောမက် (Mc Cormack) က ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (FTUB) မှ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က "ကမ္ဘာ့အလုပ်သမားရေးရာအဖွဲ့ချုပ်က ဗမာပြည်မှာရှိတဲ့ အလုပ်သမားတွေအဆင်ပြေအောင် မတရားအဓမ္မလုပ်အားပေးလိုက်နေရတဲ့အတွက်ကြောင့်မို့လို့ ဒုက္ခရောက်နေတဲ့ကိစ္စတွေ ပပျောက်ဖို့ ပြည်သူတွေကောင်းဖို့ ပြောတဲ့ကိစ္စဖြစ်တယ်။ တာဝန်ရှိတဲ့ နဝတအနေနဲ့ ဒါကို လက်မခံပဲ ဆုတ်သွားတဲ့ကိစ္စက ဒါ နဝတရဲ့ တာဝန်သာဖြစ်တယ်။ တချိန်လုံး ဒီလိုဆုတ်လို့ မရဘူးဆိုတာ နဝတသိဖို့လိုတယ်။ အာဆီယံမှာလည်း သူတို့ပြဿနာရှိလို့ နောက်ဆုတ်သွားတယ်။ အခုလည်း ကမ္ဘာ့အလုပ်သမားရေးရာပြဿနာကို နောက်ဆုတ်သွားတယ်။ ပြဿနာတွေရှိနေတယ်ဆိုတာကို အပြည်ပြည်ဆိုင်ရာကပြောတဲ့အခါ နောက်ဆုတ်သွားခြင်းအားဖြင့် ဖြေရှင်းလို့မရဘူး။ တချိန်ချိန်တနေနေရာမှာရင်ဆိုင်ပြီး ဖြေရှင်းရမယ်ဆိုတာ နဝတကို ကျနော်ပြောချင်ပါတယ်" ဟု အာရ်အက်ဖ်အေအားပြောကြားသည်။

သို့သော် ဘန်ကောက်မြို့တွင်ကျင်းပနေသော မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်လာသော ဗိုလ်စိုးဝင်းက အိုင်အယ်လ်အိုမှ နုတ်ထွက်ပါမည်လားဆိုသည့် မေးခွန်းကို "နိုး ....နိုး ....နိုး ကျနော်တို့ လုံးဝနုတ်ထွက်မှာမဟုတ်ပါဘူး။ ဒါဟာ တဦးတယောက်တည်းရဲ့ ဆန္ဒပါ"ဟု ပြန်လည်ဖြေကြားခဲ့သည်ဟူ၏။

ဂါ
မ
ကိ
ဘာ
သာ
ပြန်
ဆို
သည့်



မင်ဒဲလား၏ ရန်သူနှင့်စကားပြောခြင်း
မမကြီးစာပေ
(မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ) မှ
မကြာမီ ထုတ်ဝေမည်။
P. O. BOX (91) Mae Sot, Tak 63110, Thailand.